# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## အိုမင်းလာသည်ကိုဆင်ခြင်

ဤရူပကာယသည် ဆွေးမြည့်အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်နေရာလည်းဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။ (မိမိ၏ ခန္ဓာကိုယ်သည် အတည်မနေ၊ တစ်စတစ်စ အိုမင်းလာနေသည်ကို ဆင်ခြင်ရာ၏)

ဇရာဝဂ်(ဓမ္မပဒ-၁၄၈)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday , 20 September 2016 (၈၆၉၀)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့၌ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။(သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန်အတွက် ကိစ္စရပ်များညှိနှိုင်းဆွေးနွေး

**နယူးယောက် စက်တင်ဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နေအိမ်၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် လိုအပ်သည့် ကိစ္စရပ်များအား တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ထားဝယ်အထူးစီးပွားရေးဇုန်သည် ခရီးသွားလုပ်ငန်းနှင့်ပါဆက်စပ်နေ၍ နိုင်ငံတော်အတွက်အကျိုးရှိ

## စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး မြန်မာ-ဂျပန်-ထိုင်း ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိ





**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းရှင်းလင်းဆောင်၌ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက မြေအသုံးချမှု၊ ဘဝါကျေးရွာအတွင်း မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ Italian-Thai Development Company မန်နေဂျင်းဒါရိုက်တာ Dr. Somchet Thinaphong က ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောက်ရွက်သွားမည့် အစီအစဉ်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လောင်းလုံးမြို့နယ် ပန်းတင်အင်းချောင်းဝတွင်တည်ဆောက်ထားသည့် Small Port လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# စွမ်းဆောင်ပေးမည့် အနာဂတ်လမ်းပြကြယ်

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းတံတားများသည် အရေးပါသော အခြေခံအဆောက်အအုံများဖြစ်သည်။ လမ်းနှင့်တံတားသည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အမှီသဟဲပြုနေသည်။ လမ်းကောင်းပါလျက် မြစ်ချောင်းချောက်ကမ်းပါးတို့တွင် တံတားမရှိလျှင် ခရီးမပေါက်၊ တံတားများ ကောင်းမွန်စွာရှိနေပါလျက် လမ်းကောင်းကောင်း မရှိပြန်လျှင်လည်း ခရီးမတွင်သကဲ့သို့ဖြစ်မည်။

တောင်ပေါ်မြေပြန့်ဒေသများနှင့်ဖွဲ့စည်းထားသော မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ မတူညီဘဲ လမ်းပန်းဆက်သွယ်ရေး မတူကွဲပြားနေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အနိမ့်အမြင့်ကွာခြားသွားသည်။ ထို့ကြောင့် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် အသက်သွေးကြောပမာ ဖြစ်သည်။

လမ်း၊တံတားများ ကောင်းမွန်သည်ဆိုငြားလည်း မလိုအပ်သည့်နေရာများတွင် လမ်းဖောက်၊ တံတားဆောက်မိမည်ဆိုပါလျှင် မလိုအပ်ဘဲ ငွေကုန်ကြေးကျများသည်သာ အဖတ်တင်ပြီး အများပြည်သူအကျိုးတွင်မှု အရာမထင် ဖြစ်သွားတတ်သည်။ တံတားများဟုဆိုရာ၌ မြစ်ကူးချောင်းကူးတံတားများကိုမဆိုလို၊ အထူးသဖြင့် မြို့ပြများအတွင်းမှ တံတားများကို ဆိုလိုရင်းဖြစ်သည်။ အန္တရာယ်များသော လမ်းဆုံလမ်းခွများပေါ်တွင် တည်ဆောက်ထားသော ခုံးကျော်တံတားများတွင် တွေ့ရတတ်သည်။ အချို့နေရာဒေသများရှိ ခုံးကျော်တံတားများ အသုံးမဝင် အချည်းအနှီး ဖြစ်နေတတ်သည်။

ခုံးကျော်တံတား၏ အားနည်းချက်ကို တစ်ကွက်ကာတွန်းတို့နှင့် သရော်လှောင်ပြောင်ထားသည်ကို တွေ့ရတတ်သည်။ တံတားပေါ်တွင် ရှားရှားပါးပါး လူတစ်ဦးခန့်သာ လမ်းလျှောက်နေသည်ကိုတွေ့ရတတ်ပြီး ကျန်လူအများမှာ တံတားအောက်မှပင် မသိကျိုးနွံ လမ်းဖြတ်ကူးကြသည်။ ယင်းမှာ ရန်ကုန်မြို့တွင်း လမ်းများပေါ်တွင် ဖြတ်ကျော်တည်ဆောက်ထားသော ပကတိအခြေအနေပင်။

မကြာသေးမီက မန္တလေးဈေးချိုမျက်နှာစာမှ ခုံးကျော်တံတားတစ်စင်း ဖြိုဖျက်ခဲ့သည်ဟု သိရှိခဲ့ရသည်။ တံတားဝန်းကျင် လမ်းဘေးတွင် ဆိုင်ခန်းများရှိနေခြင်း၊ နှစ်လမ်းမောင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခြင်းတို့ကြောင့်ဟု သိရသည်။ အဓိကမှာ တံတားပေါ်မှ လမ်းဖြတ်ကူးသူ မရှိသလောက်ဖြစ်ခဲ့ခြင်းပင်။ ဆောက်လုပ်ခဲ့စဉ် မည်မျှကုန်ကျသည်ကို မှန်းဆကြည့်မြင်နိုင်ပြီး တံတားကိုပြန်လည်ဖြိုဖျက်သော အခါတွင်လည်း ကုန်ကျစရိတ်များစွာရှိမည်ဖြစ်သည်။

ရန်ကုန်မြို့တွင်လည်း ခုံးကျော်တံတားများကို ဆောက်လုပ်ခဲ့သည်။ ယခုအခါ အသစ်ဆောက်လုပ်ဆဲ တံတားများမှအပ နောက်ထပ်ဆောက်လုပ်မည့် တံတားနှစ်စင်း၏ စီမံကိန်းကိုဖျက်သိမ်းလိုက်ပြီး ထိုခုံးကျော်တံတားနှစ်စင်းအတွက် လျာထားငွေကို မဖွံ့ဖြိုးသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဟုသိရသဖြင့် အများပြည်သူအတွက်ဝမ်းမြောက်မိသည်။

"ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်ထောက်ရှု ဤခြောက်ခုကြီးသူကျင့်ဝတ်သာ"ဟုဆိုထားရာ လုပ်ဆောင်ချက်ဟူသမျှ အရာရာတွင် မလုပ်ခင်လည်း ဝေဖန်ထောက်ရှုပြုနေရမည်ဖြစ်သည်။ လုပ်နေတုန်းတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ အများပြည်သူအကျိုးအတွက် ပြုပြင်သင့်က ပြုပြင်ရမည်ဖြစ်သည်။ လုပ်ပြီးပြီဆိုလျှင်ကား မှားသည်၊ မှန်သည်ကို တာဝန်ယူဖြေရှင်းရမည်ဖြစ်သည်။

လုပ်ပြီးသမျှအပေါ်တွင် အမှားဟူ၍ မရှုမြင်ဘဲ သင်ခန်းစာများအဖြစ် ခံယူကာ လမ်းကြောင်းမှန်အောင် ကြိုးစားရင်း ခရီးဆက်ရမည်ဖြစ်သည်။ ဤသည်ပင် လူ့သဘာဝ၏လမ်းကြောင်းမှန် လူ့ကျင့်စဉ်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ "မမှားသောရှေ့နေ၊ မသေသောဆေးသမား"မရှိသည်မှာ လူမှုဘဝ၏ ဖြစ်တတ်သော လက္ခဏာတစ်ရပ်ဖြစ်သည်။

ယူတတ်လျှင် အတိတ်၏ဖြစ်စဉ်ဖြစ်ရပ်များသည် အနာဂတ်ကိုမှန်းမျှော်သည့် ပစ္စုပ္ပန်သမားများအတွက် အမှားအယွင်းနည်းပါးအောင် စွမ်းဆောင်ပေးမည့် လမ်းပြကြယ်များပင် မဟုတ်ပါလော။ ။

# စုံညီခုံရုံးက အယူခံမှုအမှတ် (၁၂) နှင့် (၁၃) တို့အား အပြီးသတ်အမိန့်ချမှတ်ခြင်းနှင့် ကန့်ကွက်လွှာအမှုအမှတ် (၃၈) အား အမိန့်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် ဆော့လော်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးလာမာလေး [လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)]အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဇောင်းခေါင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ချမှတ်ခဲ့သည့် စီရင်ချက် (အမိန့်) အား ဦးဇောင်းခေါင်က ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၂/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ စက်တင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးလာမာလေးသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် တရားဝင်အတည်ဖြစ်သည်ဟုဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဇောင်းခေါင်၏ ကန့်ကွက်လျှောက်ထားလွှာကို စရိတ်နှင့်တကွပယ်ကြောင်းချမှတ်ခဲ့သည့် မူလခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို ဆက်လက် အတည်ပြုကြောင်း၊ အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွ ပယ်ကြောင်း၊ အမှုစရိတ်ငွေကျပ် တစ်သိန်းကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်းသိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးသန်းညွန့် [တိုင်းလိုင် (ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ]အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေဖြိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၄) က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးဝေဖြိုးက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၃/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးသန်းညွန့်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဝေဖြိုး၏ ကန့်ကွက်လွှာကိုစရိတ်နှင့်တကွပယ်ကြောင်းချမှတ်ခဲ့သည့် မူလခုံအဖွဲ့ (၄)၏ ဆုံးဖြတ်ချက်အမိန့်အား ဆက်လက်အတည်ပြုလိုက်ကြောင်း၊ အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွပယ်ကြောင်း၊ အယူခံမှု အမှုစရိတ်ငွေကျပ် တစ်သိန်းတိတိကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်၊ ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်မှ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးကိုကိုနိုင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ဦးပုန်ဘွေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အပေါ် ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်းနှင့် လျှောက်ထားသူသည်သာ ခိုင်လုံသော မဲအများဆုံးရရှိသူဖြစ်၍ ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့်နည်းဥပဒေ ၈၇ အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ကန့်ကွက်လွှာ တင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃၈/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံကြားနာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ဆက်လက်စစ်ဆေးကြားနာပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၌ ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသူ ဦးပုန်ဘွေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အား ရွေးချယ်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ အတည်ပြုကြောင်း၊ လျှောက်ထားသူ၏ ကန့်ကွက်လျှောက်ထားမှုအား စရိတ်နှင့်တကွ ပယ်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ စက်တင်ဘာ ၁၉ ရက်နေ့အထိ (၃၂) မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ (၂၃)မှု ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပရေး စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၉**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး (၆/၂၀၁၆)ကို ပြည်ထောင်စုလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ညနေ ၄ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ(၁)ဒေါ်စုစုလွင်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဇော်သိန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီများက လိုအပ်သည်များ ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**

❑

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**☆ ထားဝယ်မှ**

စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထားဝယ်အထူးစီးပွားရေးဇုန် ဓာတ်အားရရှိရေးအတွက် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောက်လုပ်ရန်စီစဉ်ထားရှိမှု၊ ထားဝယ်ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ထားဝယ်အထူးစီးပွားရေးဇုန် ပြင်ပတွင် Small Port တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဟံစိန်က ကော်မတီ၏ ဖွဲ့စည်းမှုနှင့် ကော်မတီဝင်များ၏ လက်ရှိတာဝန်ထမ်းဆောင်နေမှု၊ အထူးစီးပွားရေးဇုန် စီမံကိန်းတွင် မြန်မာ၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လျှပ်စစ်နှင့်ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့အပါအဝင် ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြိုတင်တွက်ချက်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် ထားဝယ်ဒေသရှိ မောင်းမကန်အပါအဝင် ခရီးသွားလုပ်ငန်းနှင့်ပါ ဆက်စပ်နေ၍ နိုင်ငံတော်အတွက် အကျိုးရှိမည့်စီမံကိန်းကြီးဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် တာဝန်ရှိသူများအပါအဝင် ဒေသခံများကလည်း နိုင်ငံတော်အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ လောင်းလုံးမြို့နယ် ပန်းတင်အင်းချောင်းဝတွင် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် ရေနက်ဆိပ်ကမ်းအတွက် လိုအပ်သည့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ယာဉ်နှင့်ယန္တရားများ တင်ပို့နိုင်ရေးအတွက် တည်ဆောက်ထားသည့် Small Port ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စက်မှုဇုန်များ ဇုန်အလိုက်



သက်မှတ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် လုပ်ငန်းစတင်ရန် လက်မှတ်ရေးထိုးခဲ့ကာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ MoU လက်မှတ်ရေးထိုးခဲ့သည်။

လက်ရှိတွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းပြီးစီးပါက တောင်တရုတ်ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ကို ဆက်သွယ်ပေးမည့် အရှေ့အနောက် စီးပွားရေးစင်္ကြံဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွက်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ ဈေးကွက်တိုးချဲ့နိုင်မှု၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် မဟာဗျူဟာကျသော နေရာတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်အတူ ပေါ်ပေါက်လာမည့် ထားဝယ်ရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် ဥရောပမှ ကုန်ပစ္စည်းများကို မလက္ကာရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းရန်မလိုဘဲ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ မောင်းမကန်ကမ်းခြေသို့ ရောက်ရှိကြပြီး မောင်းမကန်ကမ်းခြေဒေသ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား ဒုတိယသမ္မတက ဆွေးနွေးမှာကြားရာတွင် ကမ်းခြေတွင် အများပြည်သူများ အပန်းဖြေနားနေရန် ကမ်းခြေ၏ နယ်မြေဧရိယာကို ကျယ်ကျယ်ပြန့်ပြန့် ရှိစေရေးအတွက် ကြိုတင်မျှော်မှန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြေအသုံးချရာတွင်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**




# တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများဆိုင်ရာဖိုရမ်ကျင်းပ

**အုရုံမူချီ စက်တင်ဘာ ၁၉**

တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများဆိုင်ရာဖိုရမ် (3rd Forum of Ministers Responsible for Information)ကို ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်းကျန့်ပြည်နယ် အုရုံမူချီမြို့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်ကို "မီဒီယာပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများ" (New Opportunities for Media Cooperation) ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အာဖရိက၊ ဥရောပ၊ အာရှနှင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကိုယ်စားလှယ် ၃၅ ဦးနှင့် ဒေသတွင်းမီဒီယာဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပိုးလမ်းမကြီးတစ်လျှောက်ရှိနိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မီဒီယာလွတ်လပ်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာကဏ္ဍမြင့်တင်နိုင်ရေးအတွက် ခေတ်ကာလနှင့် မလျော်ညီသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် အသစ်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မီဒီယာလောကသားများ၏ အရည်အသွေးမြင့်မားရေးအတွက်လည်း လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်၌ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုစီမံကိန်း (One Belt, One Road Initiative) ကို မီဒီယာနည်းလမ်းဖြင့် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ပြည်သူအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ မြှင့်တင်ရေး၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ သတင်းအချက်အလက်ထုတ်ပြန်မှုနှင့် ဖြန့်ဝေမှုဆိုင်ရာနည်းပညာနှင့် အတွေ့အကြုံများဖလှယ်မှုမြှင့်တင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ သဘောထားအမြင်များကို ဆွေးနွေးကြသည်။

ရှင်းကျန့်ပြည်နယ်သည် ရှင်းကျန့်-ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ဧရိယာ ၁ ဒသမ ၆၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ ဟန်၊ ဝီဂါ၊ ကာဇက်၊ မွန်ဂို၊ မန်ချူး၊ တာဂျစ်၊ ဥဇဘက်၊ တာတာနှင့် ရုရှား စသည့် လူမျိုးပေါင်းစုံ စုစုပေါင်း လူဦးရေ ၂၂ သန်းခန့် အတူတကွ ပူးပေါင်းယှဉ်တွဲ၍ နေထိုင်လျက်ရှိကြသည်။

အုရုံမူချီမြို့သည် ရှင်းကျန့်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ဥရောပ-အာရှဒေသရှိ နိုင်ငံများသို့ အဓိကဆက်သွယ်ကူးသန်းရောင်းဝယ်ခဲ့သည့် သမိုင်းဝင် ပိုးလမ်းမကြီးပေါ်ရှိ အရေးပါသော မြို့ဖြစ်ကာ ယခုအခါ ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ **(သတင်းစဉ်)**

# အမှတ်(၆၈)စက်မှုလယ်ယာစခန်း လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်

**တပ်ကုန်း စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၈)စက်မှုလယ်ယာစခန်း လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ဦးတင်ထွဋ်တို့က အမှာစကားများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန နေပြည်တော်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး)ဦးကျော်စိုးက သင်တန်းနည်းပြဆရာတစ်ဦးအား သင်ထောက်ကူပစ္စည်းများပေးအပ်ကာ အမှတ်(၆၈)စက်မှုလယ်ယာစခန်းမှူး ဦးစီးအရာရှိ ဦးသန့်ဇော်ဦးက သင်တန်းပို့ချမည့် အကြောင်းအရာများနှင့် သင်တန်းတက်ရောက်ရသည့် အကျိုးရလဒ်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၃၀ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ကြေးမုံ



# မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းအတွက် နောက်ထပ်ခြောက်လ အချိန်ယူရမည်ဟု သမ္မတ ဒူတာတေး ပြောကြား

**မနီလာ စက်တင်ဘာ ၁၉**

မူးယစ်ဆေးဝါးချေမှုန်းသည့် စစ်ဆင်ရေးဆင်နွှဲရန် နောက်ထပ်အချိန် ခြောက်လ လိုအပ်နေသေးကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရစ်ဂို ဒူတာတေးက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

ဖိလစ်ပိုင်သမ္မတ ရာထူးတာဝန်ကို ထမ်းဆောင်ခဲ့သည့် နှစ်လကျော် ကာလတွင် နိုင်ငံအတွင်း မူးယစ်ဆေးဝါးပြဿနာ နက်ရှိုင်းစွာ ဖြစ်ပေါ်နေပုံကို မိမိသဘောပေါက်နားလည်မိကြောင်း ဒူတာတေးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုမြို့၌ ရာဇဝတ်မှု ကျူးလွန်သူများကို သက်ညှာခွင့်မပေးဘဲ နှိမ်နင်းခဲ့သည့် မြို့တော်ဝန်ဟောင်းအဖြစ် ကျော်ကြားသူ ဒူတာတေးသည် ယခုနှစ် မေလက ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့သည်။ နိုင်ငံတစ်ဝန်း၌ ရာဇဝတ်မှုများကို နှိမ်နင်းမည်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ရောင်းချသူများကို သုံးလမှ ခြောက်လအတွင်း အမြစ်ပြတ်သုတ်သင်မည်ဟု ကတိပြုကာ ရွေးကောက်ပွဲဝင်ခဲ့သူဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တပတ် ၁၀ ပတ်အတွင်း လူပေါင်း ၃၅၀၀ ကျော်သည် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှု စွဲချက်များဖြင့် သတ်ဖြတ်ခံခဲ့ရပြီး ယင်းမှာ ဖိလစ်ပိုင်နိုင်ငံ၌ တစ်နေ့လျှင် လူ ၄၇ ဦး သတ်ဖြတ်ခံရသည့် နှုန်းဖြစ်သည်။ သေဆုံးသူ အရေအတွက်၏ သုံးပုံနှစ်ပုံခန့်မှာ အမည်မသိ သတ်ဖြတ်သူများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ကျန်အရေအတွက်မှာ ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးလုပ်ငန်းများ၌ သေဆုံးသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**



# မြောက်ကိုရီးယားနျူအဆောက်အအုံများအပေါ် လေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှု တောင်ကိုရီးယားနှင့် အမေရိကန်လုပ်ဆောင်မည်

**ဆိုးလ် စက်တင်ဘာ ၁၉**

လာမည့်လတွင်ပြုလုပ်ရန်စီစဉ်ထားသော အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံ လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုတွင် မြောက်ကိုရီးယားနိုင်ငံရှိ နျူကလီးယားစက်ရုံများအပေါ် လေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ရန် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့က စီစဉ်နေကြောင်း ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။

ယွန်ဟပ်သတင်းဌာနကိုကိုးကား၍ တောင်ကိုရီးယားလေတပ်ဖွဲ့၏ အဆိုအရ ၁၉၇၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက စတင်ဆောင်ရွက်ခဲ့သော "Red Flag" စစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၃ မှ ၂၁ ရက်ထိ အလက်စကားပြည်နယ်ရှိ Eielson လေတပ်အခြေစိုက်စခန်း၌ ပြုလုပ်သွားမည်ဖြစ်သည်။ စက်တင်ဘာ ၉ ရက်က မြောက်ကိုရီးယားနိုင်ငံ၏ ပဉ္စမအကြိမ်မြောက် နျူစမ်းသပ်မှုဖြစ်ပွားပြီးနောက် ယခုနှစ်စစ်ရေးလေ့ကျင့်မှုတွင် မြောက်ကိုရီးယားနိုင်ငံ၏ နျူအဆောက်အအုံများအပေါ် တိကျသောလေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှုပါဝင်မည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် "Red Flag" စစ်ရေးလေ့ကျင့်မှုတွင် စတင်ပါဝင်ခဲ့သော တောင်ကိုရီးယားနိုင်ငံက F-15 K ဂျက်တိုက်လေယာဉ်ခြောက်စင်းနှင့် C-130 H သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်း၊ အမေရိကန်ပြည်ထောင်စုက F-16 နှင့် F-15C ကဲ့သို့သော တိုက်လေယာဉ်အစင်း ၅၀ ခန့် စေလွှတ်မည်ဖြစ်သည်။ နယူးဇီလန်နိုင်ငံနှင့် နေတိုးအဖွဲ့က သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့် ဆီဖြည့်လေယာဉ်များစေလွှတ်ခြင်းအားဖြင့် စစ်ရေးလေ့ကျင့်မှုတွင် ပူးပေါင်းမည်ဖြစ်သည်။

**ဆင်ဟွာ။**

# ထိုင်းနိုင်ငံတွင် ခရီးသည်တင် လှေတစ်စင်းနစ်မြုပ်ရာ ၁၃ ဦးသေဆုံး

**ဘန်ကောက် စက်တင်ဘာ ၁၉**

ထိုင်းနိုင်ငံအလယ်ပိုင်းတွင် လူ ၁၀၀ ခန့် စီးနင်းလိုက်ပါလာသည့် ခရီးသည်တင်လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၃ ဦးသေဆုံးပြီး ၃၇ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အနည်းဆုံး လူခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု သိရသည်။

အဆိုပါခရီးသည်တင်လှေသည် တနင်္ဂနွေနေ့တွင် အယုဒ္ဓယပြည်နယ်ရှိ မြစ်တစ်စင်းအတွင်း ခုတ်မောင်းလာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ နစ်မြုပ်မှုဖြစ်ပွားရာနေရာသည် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည့်အတွက် ခရီးသွားဧည့်သည်အများအပြား လာရောက်သည့်ဒေသဖြစ်သည်။

သတင်းထုတ်ပြန်ချက်များအရ လှေပေါ်တွင် လိုက်ပါလာသူအားလုံးသည် ထိုင်းလူမျိုးများဖြစ်သည်ဟု သိရသည်။ မြစ်ကမ်းသို့ရောက်ရှိလာသည့် ခရီးသည်များကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ပျောက်ဆုံးနေသည့် ခရီးသည်များကိုလည်း ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။

နစ်မြုပ်ခဲ့သည့်လှေ၏ ပွဲထိန်းကို စုံစမ်းစစ်ဆေးမှုများအရ အဆိုပါလှေသည် လှေ၏သယ်ဆောင်နိုင်သည့် ပမာဏထက် ခရီးသည်များပိုမိုတင်ဆောင်မောင်းနှင်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ။**



# အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် အရင်းအမြစ်များ ထပ်မံလိုအပ်ကြောင်း ပြင်သစ်သမ္မတပြော

**ပါရီ စက်တင်ဘာ ၁၉**

ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်မှုတိုက်ဖျက်နိုင်ရေးအတွက် အရင်းအမြစ်များ ထပ်မံလိုအပ်နေဦးမည်ဖြစ်ကြောင်း သမ္မတ ဖရန်ဆွာ ဟော်လန်းက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံ၌ ၂၀၁၅ ခုနှစ် နောက်ပိုင်း စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၃၀ ကျော် သေဆုံးခဲ့ရသည်။

ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူများအတွက် အထိမ်းအမှတ်အခမ်းအနားတစ်ရပ်တွင် သမ္မတ ဟော်လန်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် မိမိတို့ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်တိုက်ခိုက်မှုများကို တားဆီးကာကွယ်နိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် နောက်ထပ်အရင်းအမြစ်များ လိုအပ်နေဆဲဖြစ်ကြောင်း သမ္မတ ဟော်လန်းက ပြောကြားသည်။

ပြင်သစ်နိုင်ငံ၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ချာလီဟက်ဒို သတင်းစာတိုက်မှ သတင်းထောက်များ အပါအဝင် လူပေါင်း ၁၇ ဦးကို စစ်သွေးကြွများက သတ်ဖြတ်ခဲ့သည်။ လွန်ခဲ့သည့် နိုဝင်ဘာလက ပါရီမြို့၌ အစ္စလာမ်မစ်နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၃၀ အထိ သေဆုံးခဲ့ရသည်။

**ရိုက်တာ။**

# အမေရိကန်၏ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုများကြောင့် ခရီးသည်တင်လေယာဉ်များ ဝယ်ယူနိုင်ရေး အီရန် အခက်ကြုံ

**တီဟီရန် စက်တင်ဘာ ၁၉**

အီရန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားခြင်းကြောင့် မိမိတို့၏ နိုင်ငံသို့ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများက ခရီးသည်တင်လေယာဉ်များ ရောင်းချပေးနိုင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ယင်းဘဏ္ဍာရေး အတားအဆီးများကို ရှင်းလင်းဖယ်ရှားပေးရန် တိုက်တွန်းကြောင်း မြို့တော်တီဟီရန်၌ကျင်းပသော မြို့ပြလေကြောင်းဆိုင်ရာ ညီလာခံတစ်ရပ်တွင် လမ်းများနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီးက ပြောကြားသည်။

အီရန်နိုင်ငံသည် ခရီးသည်တင်လေယာဉ်များ ဝယ်ယူရေးအတွက် ငွေကြေးဆိုင်ရာပြဿနာမရှိကြောင်း၊ သို့ရာတွင် အမေရိကန်၏ ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကြောင့် ခရီးသည်တင်လေယာဉ်များ ဝယ်ယူရန် အတားအဆီးများဖြစ်ပေါ်နေကြောင်း လမ်းများနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီး အဘတ်စ် အက်ဟွန်ဒီက ပြောကြားသည်။

**ဆင်ဟွာ။**




# ကတ်ရှ်မီးယားရှိ အိန္ဒိယစစ်စခန်း စစ်သွေးကြွများတိုက်ခိုက်

**နယူးဒေလီ စက်တင်ဘာ ၁၉**

ကတ်ရှ်မီးယားဒေသမြောက်ပိုင်းရှိ အိန္ဒိယစစ်စခန်းတစ်ခုကို လက်နက်ကိုင်စစ်သွေးကြွများက တနင်္ဂနွေနေ့နံနက်ပိုင်းတွင် ဝင်ရောက်တိုက်ခိုက်မှုကြောင့် စစ်သား ၁၇ ဦး သေဆုံးခဲ့ရပြီး စစ်သွေးကြွလေးဦးလည်း သေဆုံးခဲ့သည်။

တိုက်ပွဲမှာနာရီအတော်ကြာ ဆက်လက်ဖြစ်ပွားခဲ့သည်ဟု အိန္ဒိယတပ်မတော်က ပြောကြားသည်။ အိန္ဒိယစစ်သားများက လက်နက်ကိုင်စစ်သွေးကြွများကို ရှာဖွေတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

အဆိုပါစစ်သွေးကြွများက စစ်စခန်းကို နံနက် ၅ နာရီခွဲခန့် လုံခြုံရေးအစောင့်စစ်သားများ တာဝန်ချိန် အပြောင်းအလဲပြုလုပ်သည့်အချိန်တွင် တိုက်ခိုက်သွားခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယတပ်မတော်က ပြောကြားသည်။ အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အိန္ဒိယပြည်ထဲရေးဝန်ကြီးသည် အမေရိကန်နှင့် ရုရှားနိုင်ငံတို့သို့ သွားရောက်မည့်ခရီးစဉ်များကို ရက်ရွှေ့ဆိုင်းခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**

# ပြည်သူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေး စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို စစ်ဆေးအရေးယူခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားကြပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးကြသည်။

ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၏ ၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ရဲအက်ဥပဒေအား ခေတ်နှင့်လျော်ညီသောဥပဒေဖြစ်အောင် ပြုပြင်ရေးဆွဲရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ အများပြည်သူနှင့် ယာဉ်များသွားလာနေသည့်လမ်းများပေါ်ရှိ အန္တရာယ်အကွေ့များတွင် လမ်းနှင့်ယာဉ်များအားကွယ်နေသည့် အဆောက်အအုံ၊ ဈေးဆိုင်နှင့် အပင်များကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ၃၅ မှ ပုဒ်မ ၄၁ အထိ အကျုံးဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာများကို ပြည်ထဲရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄၂၁ နှင့် ၄၂၂ တို့ဖြင့် ထုတ်ပြန်ကြေညာထားပြီး ရဲအက်ဥပဒေတွင် အာဏာမတည်သော မြို့၊ ကျေးရွာများ၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင်လည်း ရာဇသတ်ကြီး ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေ ဥပဒေများ၊ ဒေသန္တရဥပဒေများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ တစ်နိုင်ငံလုံးတွင် အာဏာတည်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တင်ပြတောင်းခံထားရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း) အသစ်ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး အတည်ပြုမပြဋ္ဌာန်းမီကာလအတွင်း ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ တစ်နိုင်ငံလုံးအာဏာတည်စေရေးအတွက် ၁၉၆၃ ခုနှစ် တရားဥပဒေများ အာဏာတည်စေခြင်းနှင့် ရုပ်စဲစေခြင်းဥပဒေအရ နိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ



လေးမျက်နှာ မဲဆန္ဒနယ်မှ
ဦးဇော်မင်းသိန်း



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို စစ်ဆေးအရေးယူခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲသည့်လမ်းများတွင် ယာဉ်နှင့်လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီအောင် စီမံရေးဆွဲပြဋ္ဌာန်းထားသည့် စည်ပင်သာယာရေးဥပဒေများနှင့်အညီ သက်ဆိုင်ရာတပ်ဖွဲ့၊ ဦးစီးဌာနများနှင့်ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီများက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းမကြီးများဥပဒေ ပုဒ်မ (၇) ပုဒ်မခွဲ (က)အရ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း။

အန္တရာယ်ရှိသော လမ်းကွေ့နေရာများတွင် ချုံခုတ်ခြင်း၊ သတိပေးခြင်း၊ အသိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်းဖြင့် လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိပြီး လမ်းနယ်နိမိတ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အမြန်လမ်းမကြီးဥပဒေနှင့် လမ်းမကြီးများဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ထုတ်ပြန်ခဲ့သည့် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်နောက်ပိုင်း ကျူးကျော်များနှင့်သာ သက်ဆိုင်ကြောင်း၊ မြေပြင်အနေအထားများကြောင့် ယာဉ်မတော်တဆမှု၊ ပျက်စီးဆုံးရှုံးမှု၊ သေဆုံးမှုများရှိသည့်အတွက် ဆောင်ရွက်ပေးရန် လိုအပ်သည့်နေရာများရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ အကြောင်းကြားလျှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအပိုဒ်နှင့် အပိုဒ်ခွဲများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်က အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာသည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# လေသာတောင် (ခေါ်) ကနေဒီတောင်တန်းဒေသအား သဘာဝနယ်မြေများအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ လေသာတောင်(ခေါ်) ကနေဒီတောင်တန်းဒေသအား ကွင်းဆင်းတိုင်းတာရေးဆောင်ရွက်ပြီး သဘာဝနယ်မြေဖွဲ့စည်းနိုင်မည့် အလားအလာများအပေါ် သုံးသပ်၍ အဆိုပြုသတ်မှတ်ဖွဲ့စည်းမည့် သဘာဝနယ်မြေများအစီအစဉ်တွင် ထပ်မံထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၏ ချင်းပြည်နယ် တီးတိန်မြို့နယ် လေသာတောင်တန်းကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက တီးတိန်မြို့နယ်ရှိ ကနေဒီတောင်(ခေါ်) လေသာတောင်၏ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရေးအတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ သဘာဝနယ်မြေ အမျိုးအစားတစ်ခုအဖြစ်သို့ သတ်မှတ် ဖွဲ့စည်းနိုင်ရေးအတွက်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

ယင်းဒေသပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် သဘောထားဆန္ဒ၊ ပြည်နယ်အစိုးရအဖွဲ့ သဘောထားတို့ကိုရယူပြီး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ဆောက်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပညာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များက လိုအပ်ချက်ရှိသဖြင့် တင်ပြလာမှုအရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြလာမှုအရသော်လည်းကောင်း ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုရန်ပုံငွေရရှိရန် တင်ပြတောင်းခံပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အိမ်ရာ ၅၅ လုံးအတွက် ငွေကျပ် သန်း ၁၈၉၀ ဒသမ ၆၀၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခြောက်ခန်းတွဲ လေးထပ် ၁၁ လုံးအတွက် ငွေကျပ် သန်း ၈၂၆၅ ဒသမ ၄၀၀ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၀၁၅၆ သန်း ရန်ပုံငွေခွင့်ပြုချက် ရရှိခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာဆန်းစစ်ပြီး တွေ့ရှိချက်အပေါ် မူတည်၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူ၍ ဦးစားပေးအဆင့် သတ်မှတ်ကာ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၏ လွှစက်များကြောင့် သဘာဝသစ်တောသယံဇာတများ လုံးဝပြုန်းတီးပျက်စီးသွားနိုင်သဖြင့် အဆိုပါလွှစက်များအား စနစ်တကျထိန်းချုပ်သွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃) မှ ဦးခင်ဇော်ဦး

စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တရားမဝင်သစ်ခုတ်လှဲခိုးယူမှုများကို ထိရောက်စွာကာကွယ်နိုင်ရန် လက်ကိုင်လွှစက်များ တင်သွင်းခြင်းကို ကြပ်မတ်ထိန်းချုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချရာတွင် တရားဝင်သစ်ထုတ်ကုမ္ပဏီ၊ တရားဝင်သစ်အခြေခံစက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ ကိုင်ဆောင်ရန်လိုအပ်သည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအတွက် ဝယ်ယူခွင့်အား သစ်တောဦးစီးဌာနမှ စိစစ်၍ အရောင်းဆိုင်များထံ အကြောင်းကြားထိန်းချုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ သစ်တောဦးစီးဌာနမှ တင်ပြ၍ ဆက်စပ်ဌာနများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့သစ်လုပ်ငန်းတို့နှင့် သစ်တောဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ ခရိုင်နှင့် မြို့နယ်အဆင့် လက်ကိုင်လွှစက်စစ်ဆေး ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်း၊ စစ်ဆေးကြီးကြပ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဂျေယောဝူ၏ ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် အရှေ့ခြမ်းဖြစ်သော မြန်မာ-တရုတ် နယ်စပ်ကျောက်တိုင်အမှတ် ၃၀-၃၁-၃၅-၄၁ များမှ တရားမဝင် သစ်ခိုးထုတ်နေမှုများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများအား သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ တရားမဝင်သစ် စုစုပေါင်း ၂၆၂၃၃ ဒသမ ၂၃၇၂ တန်ကို တရားခံနိုင်ငံသား ၈၆၁ ဦး၊ နိုင်ငံခြားသား ၁၇၆ ဦး၊ ယာဉ်ယန္တရား ၁၅၉၈ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ကချင်ပြည်နယ်အတွင်း တရားမဝင်သစ် စုစုပေါင်း ၁၉၃၉ ဒသမ ၈၆၁၃ တန်ကို တရားခံနိုင်ငံသား ၁၁၇ ဦး၊ ယာဉ်ယန္တရား ၁၀၄ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြို့နယ်များအနေဖြင့် ရာသီဥတုဆိုးရွားမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် နယ်စပ်ဒေသများတွင် တရားမဝင်သစ်ခုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခြင်းများမရှိစေရေး ဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း တရားမဝင် သစ်ခိုးထုတ်မှုများ မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများမှလည်း နယ်မြေလှုပ်ရှားမှုများပြုလုပ်ခြင်း၊ တရားမဝင်သစ်ခိုးထုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများမရှိစေရေးအတွက် ဒေသခံပြည်သူများထံ သတင်းစုံစမ်းခြင်း၊ သတင်းရရှိပါကလည်း တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

တရားမဝင်သစ်များ ဖမ်းဆီးရမိပါက ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်များခိုးထုတ်သယ်ဆောင်သည့် ယာဉ်များသည် တရားမဝင် ဝင်ရောက်သယ်ယူပို့ဆောင်နေခြင်း ဖြစ်သည့်အပြင် အဆိုပါ နယ်စပ်နေရာများတွင် တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိခြင်း မရှိသည့်အတွက်ကြောင့် နိုင်ငံတော်အနေဖြင့် ယာဉ်ဝင်၊ ထွက်စာရင်းများ ကောက်ခံခြင်း၊ အခွန်ဘဏ္ဍာကောက်ခံခြင်းများ မရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ကျွန်တော် . . . ဘိုးဘွားရိပ်သာရောက်ပြီ

**မောင်မောင်အေး(MMA)**

**နှစ်ပေါင်း (၈၃) နှစ်ကျော် ကြာမြင့်ခဲ့ပြီး "ရောက်သူတိုင်းစိတ်ချမ်းသာသည်" ဆောင်ပုဒ်ဖြင့် ဆက်လက်ရပ်တည်နေသော နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ကျွန်တော် ရောက်လာရခြင်းမှာ အဘိုးတစ်ဦးအဖြစ် ပြုစုစောင့်ရှောက်မှု ခံယူဖို့ မဟုတ်ပါ။**


ရိပ်သာ၏အဘိုးအချို့ ခေတ်မီစက်များဖြင့် လေ့ကျင့်ခန်းလုပ်နေကြစဉ်။

အသက် (၇၀)ကျော်သဖြင့် ဘိုးဘွားပုံပေါ်လွင်နေသော ကျွန်တော့်လို ပုဂ္ဂိုလ်တစ်ဦး ဘိုးဘွားရိပ်သာရောက်ခြင်းက ဘာများထူးဆန်းလို့လဲဟု ဆောင်းပါးခေါင်းစဉ်ကိုဖတ်ပြီး တွေးဆစရာရှိပါ၏။ သို့သော် နှစ်ပေါင်း (၈၃) နှစ်ကျော် ကြာမြင့်ခဲ့ပြီး "ရောက်သူတိုင်းစိတ်ချမ်းသာသည်" ဆောင်ပုဒ်ဖြင့် ဆက်လက်ရပ်တည်နေသော နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ကျွန်တော်ရောက်လာရခြင်းမှာ အဘိုးတစ်ဦးအဖြစ် ပြုစုစောင့်ရှောက်မှုခံယူဖို့ မဟုတ်ပါ။

အငြိမ်းစားယူခဲ့သည်မှာ ဆယ်နှစ်ကျော်ပြီဖြစ်သော်လည်း အငြိမ်းစားမယူခင်ကတည်းက မိသားစုကို တာဝန်မပိစေချင်သဖြင့် စိတ်ကူးရှိခဲ့ပါသည်။ မိမိရသည့် ပင်စင်လစာမှ အများစုကိုပေးလှူ၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာကဲ့သို့သော နေရာမျိုးတွင် မိမိ၏ဆည်းဆာချိန်ကို ကုန်ဆုံးရန်ဖြစ်သည်။ ထိုစိတ်ကူးသည် ဆယ်နှစ်ကျော်မျှ တိမ်မြုပ်နေခဲ့သည်။

ယခုနှစ် ဩဂုတ်လ၏ လလယ်လောက်က တစ်ရက်တွင် ကျွန်တော် စာတည်းမှူးချုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့သော နယူးလိုက်အော့ဖ်မြန်မာ အင်္ဂလိပ်သတင်းစာ၏ အယ်ဒီတာဟောင်း ဒေါ်မြမြတိုး၏ အမျိုးသား ဦးသက်လွင်ထံမှ ဖုန်းဝင်လာပါသည်။ ၎င်းက သူအလုပ်ဝင်နေသော နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အုပ်ချုပ်ရေးမှူးရာထူး လစ်လပ်နေကြောင်း၊ ကျွန်တော်နှင့် သင့်မည်ထင်ကြောင်း ပြောသည်။ ထိုအခါ လွန်ခဲ့သော ဆယ်နှစ်ကျော်က စိတ်ကူးကိုသတိရကာ ဆန္ဒရှိကြောင်း ချက်ချင်းပင် အဖြေပေးလိုက်ပါသည်။

ဦးသက်လွင်က ကျွန်တော်၏ ကိုယ်ရေးအချက်အလက်အကျဉ်းကို ကိုယ်တိုင်လာယူကာ ဆက်လက်တင်ပေးပါသည်။ နောက်တစ်ရက်မှာပင် ရိပ်သာ၏ ဥက္ကဋ္ဌကြီးက တွေ့လိုသည်ဆိုသဖြင့် CV နှင့် စာရွက်စာတမ်းမိတ္တူအချို့ကိုယူကာတွေ့ဖြစ်သည်။

ရိပ်သာကြီး၏ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ဦးကျော်ရှိန်က ရိပ်သာကြီးအကြောင်း အကျဉ်းနှင့် သူ့ဘဝအတွေ့အကြုံများကို ပြောပြသည်။ မိမိကလည်း အငြိမ်းစားမယူမီကတည်းက စိတ်ကူးရှိခဲ့ပုံနှင့် မိအိုဖအိုများကို သားသမီးများကိုယ်စား ခုနစ်ရက်ကြာ ပြုစုစောင့်ရှောက်ပေးမည့် အထူးအစီအစဉ်တစ်ရပ်ကို လစဉ် ၁ ရက်မှ ၇ ရက်၊ ၁၁ ရက်မှ ၁၇ ရက်၊ ၂၁ ရက်မှ ၂၇ ရက် ဖွင့်လှစ်ပေးချင်သည့် ဆန္ဒရှိခဲ့ပုံပြောပြပါသည်။ ထိုအခါ ဥက္ကဋ္ဌကြီးက ဖြစ်လာရမှာပေါ့ဟူသည့် အဓိပ္ပာယ်သက်ရောက်သည့်စကားကိုဆိုသဖြင့် အားရကျေနပ်မိပါသည်။

များမကြာမီ ဝန်ထမ်းများစိစစ်ရေးအဖွဲ့က တွေ့ဆုံပြီး ဇီဝိတဒါနသံဃာ့ဆေးရုံတွင် ဆေးစစ်ရသည်။ ကြီးကြီးမားမား ရောဂါမရှိသဖြင့် အလုပ်ဝင်ရသည်။

အလုပ်ဝင်သည့် ၅. ၉. ၂၀၁၆ ရက်တွင် အလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရသည်။ ဥက္ကဋ္ဌကြီးက ကျွန်တော့်အား အဖွဲ့နှင့်မိတ်ဆက်ပေးပြီး လောလောဆယ် တာဝန်မပေးသေးဘဲ လေ့လာပါဦးဟုပြောသည်။

ပထမခြေလှမ်းအဖြစ် အစည်းအဝေးမှတ်တမ်းပါ အချက်အလက်များကို လေ့လာကြည့်ရာ ရိပ်သာကြီးနှင့် ပတ်သက်၍ အောက်ပါအချက်အလက်များကို တွေ့ရသည်။ ရိပ်သာကြီးတွင် လက်ရှိလက်ခံထားသည့် ဘိုးဘွားများမှာ အဘိုး ၆၀ နှင့် အဘွား ၁၂၉ စုစုပေါင်း ၁၈၉ ဦးဖြစ်သည်။ ၎င်းတို့အနက် ပင်စင်စားအဘိုး ၄၃ ဦးနှင့် အဘွား ၆၂ ဦး ပေါင်း ၁၀၅ ဦးရှိသည်။ ဘွဲ့ရပြီးသူ ၂၆ ဦး၊ ဓမ္မာစရိယ နှစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင်ပြီးသူ ၁၅ ဦး ပါဝင်သည်။ အဆောင်နေသူများမှာ အဘိုး ၄၅ ဦးနှင့် အဘွား ၇၃ ဦး စုစုပေါင်း ၁၁၈ ဦးဖြစ်ကာ ရိပ်သာဆေးရုံတွင် ကုသမှုခံယူနေသူများမှာ အဘိုး ၁၅ ဦးနှင့် အဘွား ၅၆ ဦး ပေါင်း ၇၁ ဦးဖြစ်သည်။

ရိပ်သာဆေးရုံတွင် တာဝန်ခံဆရာဝန်အပါအဝင် ဝန်ထမ်း ၂၀ ခန့်က လူနာဘိုးဘွားများကို အချိန်ပြည့်စောင့်ရှောက်နေကြသည်။ သမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများက အပတ်စဉ်နှင့် တစ်ပတ်ခြားလာရောက်ကုသပေးသည်။ လိုအပ်လျှင် လူနာများအား နိုင်ငံတော်ဆေးရုံကြီးများသို့ပို့ကာ ဆက်လက်ကုသမှုခံယူစေသည်။ ရိပ်သာဆေးရုံတွင် လူနာတင်ယာဉ် အသင့်ထားရှိသည်။

ရိပ်သာဆေးရုံတွင် ဘိုးဘွားများအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်စက်များထားရှိပြီး လိုအပ်ပါက ရိပ်သာတွင်းရှိ ကိုယ်ကာယကုသမှုဌာနသို့ နေ့စဉ်ပို့၍ ကုသပေးသည်။ ပြင်ပမှ အတွေ့အကြုံယူရန် ရိပ်သာဆေးရုံတွင် လာရောက်လုပ်အားပေးကြသူများလည်းရှိသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်မှု ခြောက်လသင်တန်းများကို ၂၀၀၈ ခုနှစ်မှစတင်ကာ တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ၁၆ ကြိမ်မျှရှိခဲ့ပြီး တစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၂၀ ခန့်တက်ရောက်သဖြင့် ၃၀၀ ခန့် လေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရိပ်သာကြီး၏ ကုသိုလ်ဖြစ်ဆေးခန်းတွင် တနင်္ဂနွေမှ အပ ဘိုးဘွားများ၊ ဝန်ထမ်းနှင့် မိသားစုများနှင့် အနီးဝန်းကျင်နေသူများကို ဆရာဝန်များက လက်ခံကုသပေးသည်။ တိုင်းရင်းဆေးဆရာများကလည်း ဘိုးဘွားများနှင့် ဝန်ထမ်းများကို ကုသပေးသည်။ ၁၁. ၈. ၂၀၁၆ ရက်နေ့တွင် အဘိုးမောင်မောင်သန်း (၉၈)နှစ် ကွယ်လွန်သည်။

ဘိုးဘွားများ၏ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးများအတွက်ပါ နေ့စဉ် ဂရုစိုက်ဆောင်ရွက်ပေးပြီး ကွယ်လွန်သွားပါက ဗုဒ္ဓဘာသာထုံးတမ်းနှင့်အညီ သရဏဂုံတင်ခြင်း၊ ရက်လည်ဆွမ်းသွတ်ခြင်းတို့ဖြင့် ကောင်းမွန်စွာ ဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ ဘက်စုံထောင့်စုံမှပြုစုစောင့်ရှောက်လျက်ရှိခြင်းကြောင့် ရိပ်သာတွင် နှစ် ၂၀ မှ ၂၅ နှစ်အထိ ကာလရှည်ကြာစွာနေလာခဲ့သူ အဘိုးအဘွား ခြောက်ဦးရှိသည်။ အသက်အကြီးဆုံးအဘွားမှာ ဘွားတင်မြ (၁၀၁) နှစ်ဖြစ်ပြီး အသက်အကြီးဆုံးအဘိုးမှာ ဘိုးကျော်ရှိန် (၁၀၁) နှစ် ဖြစ်သည်။

အစဉ်အဆက်ဆက် အမှုဆောင်အဖွဲ့များနှင့် ရိပ်သာဝန်ထမ်း ၁၀၀ ကျော်၏ မေတ္တာ၊ စေတနာ၊ ကရုဏာတရားတို့ဖြင့် ဘိုးဘွားများအား ပြုစုစောင့်ရှောက်ခဲ့၊ စောင့်ရှောက်ဆဲ စွမ်းဆောင်ချက်တို့ကို သိကြ၊ တွေ့ကြသူ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများသည် သဒ္ဓါပေါက်ကာ လှူဒါန်းလျက်ရှိသည်။

ကျွန်တော့်အနေဖြင့် ရိပ်သာအတွင်းရှိ ယခုအခါ အသစ်တည်ဆောက်လျက်ရှိသော မဟာအေးချမ်းအောင်မြင်စေတီတော်ကြီးအနီးတွင် မိသားစုလုံခြုံအေးချမ်းစွာနေခွင့်ရသဖြင့် စိတ်ချမ်းသာမှု အပြည့်အဝရသည်။ ထို့ကြောင့်လည်း ရိပ်သာကြီး ဆက်လက်တည်တံ့ကာ စည်ပင်ဝပြောရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပါသည်။

## နေ့စဉ်သုံးမြန်မာစာ

**သီလဝသား**

နေ့စဉ်သုံးမြန်မာစာနှင့် ပတ်သက်၍ စာရေးသူအနေဖြင့် နေ့စဉ်ဖတ်ရှုနေရသော သတင်းစာများပါ မြန်မာစာ အသုံးအနှုန်းများကို တင်ပြလိုပါသည်။ ယနေ့ နေ့စဉ်သတင်းစာများနှင့် တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထုတ်ဝေသော ဂျာနယ်များ၏ မြန်မာစာအရေးအသားများကို ဆရာဇဝန၏ သတင်းစာသုံး မြန်မာစာဆောင်းပါးပါ အချက်အလက်များဖြင့် လေ့လာတင်ပြလိုပါသည်။ ငယ်စဉ်စာဖတ်တတ်သည့်အရွယ်မှ ယနေ့အထိ သတင်းစာနေ့စဉ်မဖတ်ရမနေနိုင်သော ရောဂါစွဲခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာခဲ့ပါသည်။ ဟံသာဝတီ၊ မိုးကြိုး၊ ရန်ကုန်၊ အထောက်တော်၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှအစ ယနေ့ထုတ်ဝေလျက်ရှိသော သတင်းစာများ၊ ဂျာနယ်များအဆုံး နေ့စဉ်ဖတ်ရှုရာ ရုံဖန်ရံခါ နံနက်ခင်းတစ်ပိုင်းခန့် အချိန်ပေးလိုက်ရပါသည်။ မြန်မာစာကို ကျွမ်းကျင်တတ်မြောက်ပြီး စာတစ်စောင်ပေတစ်ဖွဲ့ မရေးတတ်သော်လည်း နေ့စဉ်ဖတ်ရှုနေရသော သတင်းစာများကို ဖတ်ရှုရာ တစ်ခါတစ်ရံ လွန်စွာ စိတ်ပျက်အားငယ်မိပါသည်။ ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)၏ မြန်မာစာအရေးအသား၊ ဗိုလ်မှူးဘသောင်း(မောင်သုတ) ရေးသားသည့် မြန်မာစာမြင့်ချင်လွန်းလို့နှင့် အခြားအခြားသော ဆရာကြီးများ၏ မြန်မာစာပေများကို အတန်အသင့် လေ့လာသင်ယူခဲ့ရပါသည်။ ဝမ်းစာမပြည့်သေးပါ။ များစွာလိုနေပါသေးသည်။ သို့သော် ယနေ့ မြန်မာစာကို လေးစားတန်ဖိုးထားသည့် ပုဂ္ဂိုလ်များရှိနေသကဲ့သို့ ပေါ့တိပေါ့ဆရေးမှတ်သုံးစွဲနေသည့် သူများရှိနေသဖြင့် လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။ ပေါ့ပေါ့ဆဆသုံးစွဲသော ပုဂ္ဂိုလ်များထဲမှာ သတင်းစာဆရာများ၊ ဆောင်းပါးရေးဆရာများနှင့် အနုပညာဆရာများ မပါဝင်စေလိုဘဲ မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်လမ်းညွှန်မှုပေးသည့် ပုဂ္ဂိုလ်များကဲ့သို့ ဖြစ်စေလိုသောဆန္ဒဖြင့် ယခုဆရာဇဝန၏ ဆောင်းပါးကို အမှတ်ရဖော်ပြရခြင်းဖြစ်ပါသည်။

သတင်းဆောင်းပါးရေးသားခြင်းသည် ကျမ်းပြုခြင်းမဟုတ်၍ စာကောင်းပေမွန် အမွမ်းတန်ဆာဆင်နေရန် မလိုပေ။

သတင်းဆောင်းပါးဆိုသည်မှာ အများစိတ်ဝင်စားလိမ့်မည်ဟု ယူဆရသော အဖြစ်အပျက်အကြောင်းအရာတို့နှင့် အတွေးအခေါ်အယူအဆတို့ကို စကားပြေဖြင့် ရေးသားတင်ပြချက်များပင်ဖြစ်၍ ရေးသူ၏ ဆိုလိုရင်းကို ဖတ်သောသူတို့ အလွယ်တကူသဘောပေါက်နိုင်ဖို့လိုပေသည်။ ယနေ့သတင်းများသည် နောင်တစ်ခေတ်တွင် သမိုင်းဝင်မှတ်တမ်းများ ဖြစ်လာနိုင်ရာရှိသဖြင့် သတင်းရေးသားရာ၌ တိကျမှန်ကန်မှုသည် အရေးကြီးလေသည်။ သတင်းရေးသားရာ၌ မိမိတို့သုံးနှုန်းသော ပုဒ်၊ ပါဌ်၊ အက္ခရာတို့သည် တိကျမှန်ကန်မှုရှိသော စကားလုံးများဖြစ်ရန်လိုသည်။ တိကျမှုမရှိသောစကားလုံးများ၊ ဝါး၍ချသောစကားလုံးများကို ရှောင်ကြဉ်ကြရသည်။ သတင်းစာသုံး မြန်မာစာသည် တိုတောင်းရသည်။ "သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူခြင်းမပြုရ" ဟူသော အရေးအသားသည် ကျမ်းစာသုံးဖြစ်သည်။ ထိုအသုံးအနှုန်းမျိုးကို သတင်းစာ၌ မသုံးရ။ သတင်းစာသုံးမှာ "သူ့ဥစ္စာမခိုးရ"ဟု ရေးရလေသည်။

သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရလျှင် ရှင်းလင်းပြတ်သားစွာနားလည်စေနိုင်သည့် အင်္ဂါရပ်များမှာ အထားအသိုမှန်ကန်ခြင်းနှင့် သိပ်သည်းကျစ်လျစ်ခြင်းတို့ပင်ဖြစ်သည်။ "တိဘက်ကုန်းမြေမြင့်မှ မြစ်ဖျားခံ၍ ဧရာဝတီမြစ်သည် ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဆင်း၏"ဟူသောစကားကို "ဧရာဝတီမြစ်သည် တိဘက်ကုန်းမြေမြင့်မှ မြစ်ဖျားခံ၍ ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဆင်း၏။" ဟူဆိုမှ အထားအသိုမှန်ကန်၍ ပိုမိုရှင်းလင်းပေလိမ့်မည်။ သတင်းရေးရာတွင် ရံဖန်ရံခါ ဖြစ်ပွားတတ်သော ဇာတ်လမ်းပမာဖတ်ချင်စရာ အခန်းဆက်သတင်းမျိုးကလွဲလျှင် အဖွဲ့အနွဲ့ကို တတ်နိုင်သမျှ ရှောင်ရသည်။ သတင်းရေးရခြင်းသည် ကဗျာဖွဲ့ခြင်း၊ ဝတ္ထုရေးခြင်းမဟုတ်ပေ။ အထူးသဖြင့် စကားလုံးမဆီမလျော်စပ်ဟပ်သုံးစွဲခြင်းကို ရှောင်အပ်သည်။ သတင်းရေးရာ၌ တိုတောင်းပြတ်သားခြင်းသည် ကောင်းသည်ဟု ဆိုရစေကာမူ သူငယ်တန်းဖတ်စာအုပ်ထဲ၌ပါရှိသော ဝါကျများကဲ့သို့ တိုလွန်းလျှင်လည်း မသင့်ပေ။ "မောင်ဘလာသည်။ မောင်မြနှင့်တွေ့၏။ မောင်ဘကစားနှင့်ထိုးသည်။ မောင်မြသေသည်။ မောင်ဘထွက်ပြေး၏။" စသဖြင့် ရေးပါက ရယ်စရာဖြစ်နေပေလိမ့်မည်။

နိဂုံးချုပ်အားဖြင့် ဖော်ပြရလျှင် သတင်းရေးရာ၌ ရိုးရိုးမြန်မာစာကိုပင်သုံး၍ အရေးအသားရှင်းလင်းပြတ်သားစေရန် ကြိုးစားရသည်။ တိကျမှန်ကန်စေရမည်။ သတင်းစာဖတ်သူအား ပဟေဠိပုစ္ဆာထုတ်သကဲ့သို့ မဖြစ်စေရ။ ကြီးကျယ်သောစာအသုံးအနှုန်းများကိုရှောင်၊ စာတိုတိုနှင့် အဓိပ္ပာယ်ပြည့်စုံနိုင်လျှင် တိုတိုပဲသုံးစွဲ၊ မိမိ၏ အထင်ကို မရေးနှင့်၊ "အသိ" ကိုရေး။ မသေချာသောကိစ္စ၊ စွပ်စွဲထားသော အမှုများဖြစ်မှသာ "ဆို၏" ဟူသောစကားကိုသုံးပါ။ သတင်းရေးနေခြင်းသည် သက်သေခံနေခြင်းမဟုတ်၍ မြင်ရခြင်း၊ မမြင်ရခြင်းကို ဖွင့်ဖော်ရေးသားရန် အကြောင်းမရှိ။

ယနေ့သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများထွက်ရှိနေပြီး သတိမမူဂရုမမြင်ဘဲ သီလဝသားတို့ ရေးသားဖော်ပြရာ၌ အားနည်းချက်များစွာရှိနေပါသည်။ လွန်ခဲ့သော နှစ်လေးဆယ်ကျော်ကျော်က ဆရာဇဝန၏ ဆောင်းပါးဖြစ်သော်လည်း ယင်းဆောင်းပါးပါအချက်အလက်အကြောင်းအရာများမှာ ယနေ့အထိ မှန်ကန်နေဆဲ၊ အသုံးပြုနေဆဲဖြစ်နေပါသည်။ များစွာသတိထားလေးစားလိုက်နာရေးသားဖို့ရာ စာရေးသူတို့၏ တာဝန်ပင်ဖြစ်ပါသည်။

**မှီငြမ်းစာ**-*(၁၉၇၀-၁၉၈၅) ထိ ပြဋ္ဌာန်းခဲ့သော အခြေခံအထက်တန်း စကားပြေလက်ရွေးစင်စာအုပ်ပါ ဆရာဇဝန၏ "သတင်းစာသုံးမြန်မာစာ" ကို ကိုးကားရေးသားဖော်ပြခဲ့ပါသည်။*

## မင်းကိုနိုင်

# ဆက်ရက် ခြေပြတ်ကလေး

**သမီးနှင့်သား-**

ဒီတစ်ပတ်တော့ သမီးနှင့်သားမေးထားတဲ့ မေးခွန်းကို သတိရလို့ ဆက်ရက်ကလေးတွေအကြောင်း ပြောပြပါမယ်။ ဦးဦးဟာ တတ်နိုင်သရွေ့ ထောင်ထဲမှာနေခဲ့တဲ့ အကြောင်းတွေ သားတို့ကို ပြောလေ့မရှိဘူး။ ဒါပေမယ့် ဒီအကြောင်းကတော့ ထောင်ထဲဖြစ်စဉ်ပါမှ ဖြစ်မှာမို့ သည်းခံကြပါ။

ဦးဦးတစ်ယောက်တည်း ထောင်ထဲအကြာကြီးနေလာတော့ အခန်းရဲ့နောက် လေဝင်ပေါက်(အမြင့်ကြီးကွ။ အိမ်သာပေါင်က ကုပ်တွယ်တက်ရတယ်)ကနေ အပြင်ကို ချောင်းကြည့်လေ့ရှိတယ်။ အဲဒီပေါ် ငှက်ကလေးတွေ ရံဖန်ရံခါလာနားလေ့ရှိတော့ စပ်စုချင်တာပေ့ါ။ အခန်းအပြင်ဘက်မှာ အုတ်တံတိုင်းနံရံကြားမြေကွက်လပ်ကျဉ်းကျဉ်းရှိတယ်။ အဲဒီမှာ ရာဇဝတ်မှုနဲ့ကျသူအချို့ဟာ ငှက်တွေကိုဖမ်းစားနေကြတာ။ ရာဇဝတ်မှုဆိုတာ ခိုးဆိုးလုယက်တွေပြောပါတော့။ သူတို့က သားရေပင်ကြိုးကြီးရှာပြီး နှစ်ဖက်ဖြတ်၊ အလယ်မှာ ကြေးနန်းကြိုးအပြားကြီးကြီးတစ်ခုကို ကျောက်နဲ့မြအောင်သွေးထားပြီး နှစ်ဖက်ချည်တယ်။ မြင်ယောင်ရဲ့လား. .။ လေးခွပစ်သလိုလေ။ ကြေးနန်းကြိုးက လောက်စာလုံးအိမ်လိုနေရာမှာ တပ်တာပေ့ါ။ ပြီးတော့မှ သူတို့က အပင်ကြီးကွယ်ရာမှာပုန်းနေပြီး သားရေကြိုးအလယ်ကို ဆွဲထားတာ။ ကြေးနန်းကြိုးကလည်း အလိုက်သင့်ညွတ်ပြီး သူတို့လက်ထဲပါနေတာပေ့ါ။

သူတို့က မြေကွက်လပ်မှာ ထမင်းလုံးတွေ ကြဲလိုက်တယ်။ ကျီးတွေ၊ ဆက်ရက်တွေ လာစားတာ စောင့်နေကြတာလေ။ ကြောက်တတ်တဲ့ သမီးကတော့ စာဖတ်ရင်း အသည်းတုန်နေမှာပဲ။ မတတ်နိုင်ဘူးကွာ. .။ ဒီလိုလူတွေ တကယ်ရှိနေတာ၊ ပြောချင်တဲ့အကြောင်းကလည်း ဒါပါမှဆိုတော့ ခက်သားပဲ။

ဒါနဲ့ ငှက်ကလေးတွေလာစားကြလို့ အများကြီးဖြစ်လာတဲ့အခါ သူတို့ကဝှက်ပြီးဆွဲဆန့်ထားတဲ့ သားရေကြိုးကို လွှတ်လိုက်တယ်။ ကြိုးအလယ်က ကြေးနန်းကြိုးက ဖြန်းခနဲ ပြေးရိုက်လိုက်တာပေ့ါ။ ငှက်ကလေးတွေ လည်ပင်းတွေပြတ်ပြီး သေကြရရှာတယ်။

အဲဒီမှာ သူတို့ကပြေးကောက်ပြီး နောက်တစ်ခါ ထမင်းလုံးတွေကြဲ သားရေကြိုးကိုပြန်ဆွဲပြီး ပုန်းစောင့်နေကြပြန်ရော။ နောက်တစ်ခါလာစားတဲ့ ငှက်ကလေးတွေ ခေါင်းပြတ်ပြီး သေကြရပြန်ရောပေ့ါကွာ။

ဦးဦးလည်း ငှက်ကလေးတွေအတွက် ထမင်းလုံးတွေ ဦးဦးအခန်းရဲ့ လေဝင်ပေါက်ပေါင်ပေါ် တင်ပြီး ကျွေးထားလိုက်တယ်။ လာစားကြပါစေ ဆုတောင်းရတာပေ့ါ။



ဆုတောင်းပြည့်တဲ့အခါလည်းရှိ၊ မပြည့်တဲ့အခါလည်း ရှိပါပဲကွာ။

တစ်ခါတော့ဖြင့် ဆက်ရက်ကလေးတစ်ကောင်ဟာ အများနည်းတူ မြေပေါ်ကြဲထားတဲ့ထောင်ချောက်ထဲဝင်စားရင်း သားရေကြိုးဖြန်းခနဲထွက်လာတော့ လန့်ပြီးခုန်လိုက်တာ တခြားငှက်တွေလို ခေါင်းမပြတ်ဘဲ(သူက နည်းနည်း ပိုမြင့်သွားတော့) ခြေတစ်ဖက်ပဲ ပြတ်သွားရှာတယ်။ နာနာကျင်ကျင်အော်ပြီး ပျံပြေးတော့တာပေ့ါ။ ဘယ်ကို ပြေးရမလဲ။ သူတို့အိမ်ပေ့ါ။ သူတို့အသိုက်ရှိတဲ့ အပင်ကြီး ဆီပေ့ါ။

ဦးဦးလည်း တွယ်ကြည့်ရတာ ညောင်းလှပေမယ့် စိတ်ဇောဆောင်နေတော့ ဆက်ကြည့်နေမိတယ်။ ဆက်ရက်ခြေပြတ်ကလေး သွေးရူးသွေးတန်းပြန်လာတာ တွေ့ပေမယ့် သူ့အဖော်တွေဟာ သူဒီလို ခြေပြတ်ခဲ့တာ တစ်ခုခုကြောင့်လို့ သဘောပေါက်နိုင်ပေမယ့် ဘာကြောင့်ဆိုတာတော့ တိတိကျကျမသိကြဘူး။ ဒါကြောင့်လည်း နောက်ထပ် ဆက်ရက်လေးတွေ အများကြီး အခုန သတ်ကွင်းထဲ ထပ်ရောက်လာ၊ ထပ်သေကြရပြန်တာပါပဲ။

သမီးနဲ့သားကတော့ အသည်းယားနေမှာပဲ။ ခြေပြတ်ကလေးက နောက်ငှက်တွေကို ပြောပြလိုက်ပါလားလို့ မချင့်မရဲဖြစ်နေမှာပဲ။ သူလည်း ပြောချင်မှာပေ့ါ။ ခက်တာက ဆက်ရက်ကလေးတွေမှာ ဒီကိစ္စမျိုးပြောပြဖို့ ဘာသာစကား မပြည့်စုံရှာဘူးလေ။ သူတို့ဘာသာဘာဝ ခေါ်တာ၊ ထူးတာ၊ နှုတ်ဆက်တာလောက်ပဲရှိမှာကိုး။

လူသားတွေမှာတော့ ဘာသာစကားရှိတော့ ပြောပြလို့ရတယ်။ တားမြစ်လို့ရတယ် မဟုတ်လား။ စာနဲ့ရေးပြလို့ရတယ်။ ဖတ်တဲ့လူက သိသွားပြီးဆင်ခြင်လို့ရတယ် မဟုတ်လား။

×××

**သမီးနဲ့သားရေ**

လူဖြစ်လာရတာ တိရစ္ဆာန်လေးတွေထက် သာတယ်ဆိုတာ ဒီတစ်ချက်တည်းကြည့်ရုံနဲ့ အများကြီးမြင်သာမယ်လို့ ထင်ပါတယ်။တခြားအချက်တွေများစွာရှိပေမယ့် ဦးဦးက တိုက်ဆိုင်နေတဲ့ ဒီတစ်ချက်ကိုပဲ ပြောပါရစေ။

ဒီလောက်ဆိုရင် တစ်ခါက သမီးနဲ့သား မေးခဲ့တဲ့ မေးခွန်းကို ဖြေပြီးပြီလို့ ယူဆပါတယ်။ တစ်ခါက မေးဖူးတယ် မဟုတ်လား။ ဘာလို့ စာတွေသင်ရတာလဲ။ ဘာလို့ ဟောပြောပွဲတွေလုပ်ကြတာလဲဆိုတာ မေးဖူးတယ်လေ။

အတန်းပညာတွေ အများကြီးတတ်တာ၊ မတတ်တာ ခဏနေပါဦး။ စာရေးတတ်၊ ဖတ်တတ်ရင်၊ ဟောပြောတတ်၊ နားထောင်တတ်ရင် ဘယ်လောက်ကျေးဇူးဖြစ်သလဲဆိုတာ တွေးကြည့်ကြစေချင်တယ်။

ဦးဦးကတော့ လူတွေအကျိုးရှိမယ့် စာတွေ ရေးကြ၊ ဖတ်ကြတာမြင်တိုင်း ကောင်းကျိုးရှိရာ ဟောပြောကြ၊ နားထောင်ကြတာမြင်တိုင်း ဦးဦးနဲ့ဝေးခဲ့ရတဲ့ ဆက်ရက်ခြေပြတ်လေးကိုပဲ မြင်ယောင်သတိရနေဆဲပါ။

စာကြွင်း။ ။ အဲဒီဆက်ရက်ခြေပြတ်လေးဟာ အများနည်းတူ လုယက်အစာမရှာနိုင်တော့ သူ့ဘဝကို ဘယ်လိုရုန်းကန်ခဲ့ရတယ်ဆိုတာ သမီးနဲ့သား သိချင်ရင် နောင်အလျဉ်းသင့်တဲ့အခါ ပြောပြပါဦးမယ်။

**ချစ်တဲ့ဦးဦး**

---

# (၄၅)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုအသီးသီးဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တို့၏ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးခဲ့သည်။

"Write a letter to your 45 year-old self" ဟူသော ခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၃ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့သည်။

ပြည်တွင်းအဆင့် ပထမဆုကို ရခိုင်ပြည်နယ် အထက(၂) စစ်တွေ အဋ္ဌမတန်းမှ မောင်ကောင်းထက်စိုးက ဆွတ်ခူးရရှိသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရှင် မောင်ကောင်းထက်စိုး၏ ပေးစာရေးစာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက် ယှဉ်ပြိုင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ညောင်လေးပင် စက်တင်ဘာ ၁၉**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ဆောင်မှုကိုရှေးရှု၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့က ယနေ့နံနက်က ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့မစခန်းမှူး ဒုတိယရဲမှူးသိန်းဇော်၊ ပွန်တန်ဆာနယ်မြေစခန်းမှူး ရဲအုပ်စိုးသိန်း၊ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဝင်းထွဋ်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်တို့၌ ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စုပေါင်း၍ ဆောင်ရွက်ခဲ့ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ပြီး ရေသန့်နှင့် မုန့်များဖြင့် ပြန်လည်ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

အလားတူ ယမန်နေ့ကလည်း ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးဦးစီး၍ တပ်ဖွဲ့ဝင် အရာရှိခြောက်ဦး၊ အခြားအဆင့် ၃၅ ဦး စုစုပေါင်း ၄၁ ဦးဖြင့် ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့ တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



---



# မှုခင်းပညာပေးပြခန်းယာဉ် လှည့်လည်ပြသ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်အရ နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒုတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်လျက် ပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မှုခင်းအသိပညာများရရှိစေရန် ရည်ရွယ်ချက်ဖြင့် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က ဥတ္တရသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သန်းဦးစီး၍ နေပြည်တော်မူးယစ်တပ်ဖွဲ့စု (၁၀၁)မှ ဒုတိယရဲမှူး အောင်မိုး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ် ဆန်းလင်း၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ကြပ် ယဉ်မာဌေးတို့အဖွဲ့သည် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာ အထက(ခွဲ)(မိုးစွေ) ကျောင်းတွင် မှုခင်းပညာပေးပြခန်းယာဉ်နှင့်အတူ ဟောပြောပြသခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် ကြည့်ရှုလေ့လာကြပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ နံနက် ၁၁ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ အထကကျောင်းသို့ မှုခင်းအသိပညာပေးဟောပြောပြသခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး"ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# အိမ်ရာပိုင်ဆိုင်ဖို့အရေး မျှော်လင့်ချက်တို့ ရောင်ခြည်သန်းလေပြီ

**သတင်းဆောင်းပါး - သီသီမင်း**

**ဓာတ်ပုံ - မင်းသစ်**



ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများကို တွေ့ရစဉ်။

ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးသွားသည့် တန်ဖိုးနည်း၊ တန်ဖိုးမျှတ အိမ်ရာများကို ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချမည်ဆိုသည့် သတင်းက သူ၏ အိမ်ပိုင်ရာပိုင်နေချင်သည့် မျှော်လင့်ချက်တွေကို အရောင်လက်သွားစေသည်ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ မဆွေက ပြောသည်။

"စိတ်လှုပ်ရှားခဲ့တယ်။ တကယ်လားပေါ့။ တစ်လတစ်လ အိမ်လခနဲ့တင် မနည်းရုန်းကန်နေရတာ။ အိမ်ပိုင်လေးရှိရင်ကောင်းမှာပဲလို့ အမြဲတွေးတယ်။ ကျွန်မတို့လင်မယားနှစ်ယောက်လုံးက ဝန်ထမ်း။ ဘယ်လိုရောင်းပေးမလဲ၊ ဘယ်လိုချေးမလဲ သိချင်ခဲ့တယ်"ဟု သူက ပြောသည်။

သူ့အနေဖြင့် သူငယ်ချင်းတစ်ဦး၏ ပြောပြချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အိမ်ဝယ်ရန် ရည်ရွယ်ချက်ဖြင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းငွေရှိသူကို ဦးစားပေးရောင်းချမည်ဟု သိရသည့်အတွက် ပုံမှန်ငွေစုရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ လာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရက် ၁၀၀ စီမံချက်အရ အခန်းပေါင်း ၂၂၀၀ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး လာမည့်နှစ်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၈၀၀၀ ကို ဆောက်လုပ်သွားမည်ဖြစ်ရာ အိမ်ရာလိုအပ်ချက်ရှိသည့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာဝယ်ယူမှု အဆင်ပြေစေရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ဩဂုတ် ၁ ရက်မှစတင်ကာ အိမ်ရာကြိုတင်စုဆောင်းငွေ (housing saving)အတွက် ဘဏ်အကောင့်တစ်ခု ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

"အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ ဩဂုတ် ၁ ရက်ကစပြီး အိမ်ရာအတွက် ကြိုတင်စုဆောင်းငွေစုနိုင်ဖို့ အကောင့်တစ်ခုဖွင့်ပြီး လက်ခံပေးတယ်။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ စုဆောင်းငွေ အကောင့်ဖွင့်ပြီး တစ်လတစ်ကြိမ် ငွေစုရပါမယ်။ အိမ်ရာအတွက်စုငွေနဲ့ ရိုးရိုးစုဆောင်းငွေ ဘာကွာလဲဆိုတော့ စုငွေချင်းက အတူတူပဲ အတိုးရတာလည်းတူတယ်။ ဒါပေမယ့် housing saving က လူတစ်ယောက်၊ မိသားစုတစ်စုအတွက် အိမ်ဝယ်နိုင်တဲ့ငွေကို ပုံမှန်စုဆောင်းပေးနိုင်တယ်ဆိုတဲ့ သက်သေပေါ့။ ရိုးရိုးစုထားတာက သုံးချင်ထုတ်သုံးမယ်၊ housing saving က စုတာကိုပဲ ဦးစားပေးတယ်။

"အိမ်ရာဝယ်ဖို့ ရည်ရွယ်ထားတဲ့သူတွေအနေနဲ့ အဲ့လိုစုထားရင် အိမ်ရာလိုအပ်နေတဲ့သူတွေ စာရင်းကို ကျွန်တော်တို့က ကောက်ပြီးသားဖြစ်သွားပါတယ်။ စုထားတဲ့သူတွေက အိမ်ခန်းလျှောက်တဲ့အခါ ဦးစားပေးအဆင့်ထဲပါပါမယ်၊ အခွင့်အရေးရပါမယ်"ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်က ပြောသည်။



ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများကို တွေ့ရစဉ်။

တန်ဖိုးနည်း အိမ်ရာများကို ဝယ်ယူချင်သူများအနေဖြင့် ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အိမ်ရာလိုအပ်ချက်ရှိသူများသည် လစဉ်ပုံမှန်ဝင်ငွေ ရှိရမည်ဖြစ်ကာ မိသားစုဝင်ငွေ အနည်းဆုံး သုံးသိန်းခွဲဝန်းကျင်ရှိရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် ဝယ်ယူမည့် အိမ်ခန်း၏ ၃၀ ရာခိုင်နှုန်းကို စုဆောင်းထားရှိရမည်ဖြစ်ပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းကို ဘဏ်က ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဘဏ်မှာ မှန်မှန်လာစုစုထားတဲ့ငွေက သိန်း ၃၀ ရှိနေပြီ ဝယ်မယ့်တိုက်ခန်းတန်ဖိုးက သိန်း ၁၂၀ ဆိုပါတော့ ဒါဆို ဘဏ်က ကျန်တဲ့ငွေကို ထုတ်ချေးမှာပါ"ဟု အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်မူက ပြောသည်။

တခြားဘဏ်များတွင် ပုံမှန်စုဆောင်းထားရှိသည့်ငွေများကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ လွှဲပြောင်းစုဆောင်းလိုပါက ယခင်ငွေစု စာအုပ်မိတ္တူကို မှတ်တမ်းအဖြစ်ပေးအပ်ပြီး စုငွေများကို အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ လွှဲပြောင်းကာ စုဆောင်းနိုင်သည်။ ထိုသို့ လွှဲပြောင်းလာသည့် ငွေသည် သတ်မှတ်ထားသည့် အိမ်ရာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ပြည့်မီပါက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ မိမိဝယ်ယူမည့် အိမ်ခန်းတန်ဖိုးအတွက် လိုအပ်သည့်ငွေကို ထုတ်ချေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယခုအချိန်တွင်လည်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွက် ရက် ၁၀၀ စီမံချက်အတွင်း အကောင်အထည်ဖော်ခဲ့သည့် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းတန်ဖိုးနည်းအပိုင်း(၃)နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ ယုဇနတန်ဖိုးနည်းအိမ်ရာအပိုင်း(၁)နှင့် ကနောင်တန်ဖိုးနည်းအိမ်ရာတို့တွင် တိုက်ခန်းပေါင်း ၂၂၀၀ ခန့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"သတ်မှတ်ကာလအရ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းနဲ့ ပြည်သူတွေအတွက် ရောင်းချနိုင်အောင် ၇၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီးအစိုးရကို လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ကျန်တဲ့ ၃၀ ရာခိုင်နှုန်းကို ဌာနက ရောင်းသွားမှာပါ"ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ပြောသည်။

ယခုရောင်းချတော့မည့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများတွင် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေးတို့အပြင် အပန်းဖြေစရာ ကလေးကစားကွင်း၊ ပန်းခြံ၊ စိမ်းလန်းမြေနှင့် ဓမ္မာရုံများလည်း ပါဝင်ကြောင်း သိရသည်။

"အခုအစိုးရသစ်လက်ထက်မှာ တကယ်လိုအပ်နေတဲ့သူတွေလက်ထဲရောက်ဖို့ဆိုပြီး သူတို့လည်း နည်းလမ်းတွေကြံဆနေတဲ့အတွက် လောလောဆယ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဘယ်အချိန်မှာ ရောင်းမယ်ဆိုတာ သိတော့မသိရသေးပေမယ့် အိမ်ရာလိုအပ်ချက်ရှိတဲ့သူတွေကို အမြန်ဆုံးစီစဉ်ပေးနိုင်အောင် ဆောင်ရွက်နေတယ်ဆိုတာ သုံးသပ်မိပါတယ်"ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောသည်။

**စာမျက်နှာ ၉ သို့**

# အသက်(၁၈)နှစ်အောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

အသက်(၁၈)နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက် ၇ နာရီတွင် စတင်ကျင်းပခဲ့သည်။

အမျိုးသား အမျိုးသမီး မီတာ(၄၀၀) လူရွေးပွဲ၊ အမျိုးသား မီတာ(၁၁၀) တန်းကျော်ပြေးလူရွေးပွဲ၊ အမျိုးသမီး မီတာ(၁၀၀)တန်းကျော်ပြေးလူရွေးပွဲနှင့် အမျိုးသား တုတ်ထောက်ခုန် ဗိုလ်လုပွဲ၊ အမျိုးသမီး သံလုံးပစ်ဗိုလ်လုပွဲတို့ကို ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ အမျိုးသား အမျိုးသမီး မီတာ(၁၀၀ × ၄ လက်ဆင့်ကမ်း) လူရွေးပွဲနှင့် အမျိုးသား အမျိုးသမီး မီတာ(၃၀၀၀) ဗိုလ်လုပွဲ၊ အမျိုးသား သံလုံးပစ်ဗိုလ်လုပွဲတို့ကို ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် အမျိုးသမီး မီတာ(၁၀၀) တန်းကျော်ပြေး ဗိုလ်လုပွဲ၊ အမျိုးသား မီတာ(၁၁၀) တန်းကျော်ပြေး ဗိုလ်လုပွဲ၊ အမျိုးသား အမျိုးသမီး မီတာ(၄၀၀) ဗိုလ်လုပွဲ၊ အမျိုးသား အမျိုးသမီး မီတာ (၁၀၀ × ၄ လက်ဆင့်ကမ်း) ဗိုလ်လုပွဲတို့ကို ယှဉ်ပြိုင်ကစားကြသည်။

အသက်(၁၈)နှစ်အောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၁ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**






## ❒ ကျောဖုံးမှ

ဘုရားစေတီ ၄၈ ဆူတို့အား မှတ်တမ်းကောက်ယူပြီးစီးခဲ့ပြီးဖြစ်ရာ ယခုအခါ စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)တို့မှ တာဝန်ရှိသူများစုပေါင်းကာ ငလျင်ဒဏ်သင့်ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရေးပေါင်းစပ်ညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်းကာ စနစ်တကျဖြစ်စေရန်စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ UNESCO၊ ICCROM မှ ကျွမ်းကျင်ပညာရှင်များပို့ချခဲ့သည့် ငလျင်ဒဏ်သင့် ဘုရားစေတီပုထိုးများအား စနစ်တကျမှတ်တမ်းကောက်ယူခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း Training of Trainers သင်တန်းဆင်းခဲ့သည့် လူမှုရေးအသင်းအဖွဲ့များမှ Volunteers များက ဘုရားစေတီပုထိုးများသန့်ရှင်းရေးပြုလုပ်ရန်လာရောက်ကြသည့် ပရဟိတလူမှုရေးအသင်းအဖွဲ့များကို သင်တန်းမှပို့ချသည့်အတိုင်း စနစ်တကျဖြစ်စေရန် ပြုလုပ်နည်းစနစ်များ မျှဝေပေးကာ ပူးပေါင်းဆောင်ရွက်စေလျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ❂ အဌမအကြိမ်မြောက်မှ

ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသော ဗဟိုဘဏ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်ခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ဗဟိုဘဏ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး ဦးစီးသည့် တပ်ဖွဲ့ဝင်အင်အား ၄၂ ဦးတို့က ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **(ရဲပြန်ကြား)**



**ကရင်ပြည်နယ်အတွင်း မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ပြည်သူလူထုအတွင်း အသိပညာပေးရေးကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရွာပြည်သူများ မှုခင်းဆိုင်ရာအသိပညာရရှိစေရန် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှုခင်းပညာပေးပြခန်းယာဉ်ရောက်ရှိလာသည်ကို ပြည်သူများက စိတ်ဝင်းစားစွာ လာရောက်ကြည့်ရှုကြသည်ကို တွေ့ရစဉ်။**

မြို့နယ်(ပြန်/ဆက်)

# ဧရာဝတီမြစ်ရေကြီးမှုကြုံတွေ့ခဲ့သည့် ကျေးရွာကိုးရွာမှ တိရစ္ဆာန်များအတွက် အစာ ၁၉ တန် ထောက်ပံ့

**မကွေး စက်တင်ဘာ ၁၉**

မကွေးမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေကြီးမှုကြုံတွေ့ခဲ့သည့် ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာကိုးရွာမှ ရေဘေးရှောင်စခန်းအမည်ပေါက် တောင်သူ ၄၃၃ ဦးတို့၏ သိုးနှင့်ဆိတ် ၁၂၆၀၊ နွား ၁၀၈၃ ကောင်၊ ဝက် ၁၅၆ ကောင်တို့အတွက် AC.FEED အစာနှစ်ပစ်စာ၊ တိရစ္ဆာန်အစာ ၁၉ တန် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ရွာတွေမှာရှိတဲ့ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပုံမှန်လုပ်ပါတယ်။ မွေးမြူရေးနဲ့ပတ်သက်ပြီးလည်း နည်းပညာပေးလုပ်ငန်းတွေကို နယ်မြေခံတာဝန်ရှိသူတွေနဲ့ နည်းပညာသင်တန်းပေးထားတဲ့ ကျေးလက်လူငယ်တွေပူးပေါင်းပြီး ကွင်းဆင်းလုပ်ငန်းတွေ ပုံမှန်ဆောင်ရွက်ပါတယ်။ ခုလို သဘာဝဘေးကြုံတွေ့ရတဲ့အခါမှာလည်း တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေအပြင် အစာလိုအပ်ချက်တွေ စာရင်းပြုစုကောက်ခံပြီး အထက်အဆင့်ဆင့်ကို တင်ပြပေးနိုင်ခဲ့လို့ ခုလိုထောက်ပံ့မှုတွေ ဆောင်ရွက်နိုင်ခဲ့တာပါ"ဟု ဦးစီးအရာရှိ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအေးမော်က ပြောသည်။

တစ်အိတ် ကျပ် ၂၂၅၀ တန်ဖိုးရှိ အိတ်ပေါင်း ၃၈၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၅၆၉၀၀၀ ရှိ အစာနှစ်ပစ်စာများကို မကွေးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်၊ မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာအေးအေးမော်တို့က ပဋ္ဌနဂိုရ်အုပ်စုမှ (ရွာသစ်၊တူးသန်း၊ စစ်ကိုးပင်၊ ကျခတ္တော၊ အင်းဦး၊ ပဋ္ဌနဂိုရ်)ကျေးရွာ ခြောက်ရွာ၊ မင်းရွာအုပ်စု၊ မင်းရွာ၊ တောင်ခွင်ကျေးရွာအုပ်စု၊ တောင်ခွင်ရွာ၊ မြေနုကျေးရွာအုပ်စု၊ မြေနုရွာ စုစုပေါင်း ကျေးရွာကိုးရွာတို့၏ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ထောက်ပံ့ရန်ချထားပေးသည့် တိရစ္ဆာန် အစာနှစ်ပစ်စာ AC.FEED ဆိုသည်မှာ ပဲဖတ်၊ နှမ်းဖတ်၊ ဆန်ကွဲ၊ ဖွဲနု၊ ပြောင်းနှင့် ဖြည့်စွက်ဆေးဝါးများဖြင့် ဖော်စပ်ထားသည့် အစာတောင့်ပုံစံဖြစ်ကာ ကျေးရွာများတွင် တိရစ္ဆာန်များကို ကောက်ရိုး၊ မြက်ခြောက်၊ ပြောင်းဖူး၊ ပြောင်းဖူးရိုး စသည့် ကျေးရွာသုံးတိရစ္ဆာန်အစာများကိုသာ ကျွေးလေ့ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ❒ စာမျက်နှာ ၈ မှ

အိမ်ရာတိုက်ခန်းများ၏ တန်ဖိုးကြီးမြင့်မှုသည် လမ်း၊ ရေမြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ခေတ်အားခွဲရုံ တည်ဆောက်ခြင်းစသော အခြေခံအဆောက်အအုံစရိတ်များက ၃၀ ရာခိုင်နှုန်း ပါဝင်နေသည့်အတွက် ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ အဆိုပါစရိတ်များကို ထောက်ပံ့ပေးပါက တိုက်ခန်းများ၏တန်ဖိုး ကျဆင်းစေနိုင်ကြောင်း ဦးမင်းအောင်အေးက သုံးသပ်သည်။

"ရောင်းတိုင်းရောင်းတိုင်း တန်ဖိုးနည်းအိမ်ရာတွေမှာ မြေတန်ဖိုးမထည့်ဘူး။ အခန်းတန်ဖိုးပဲ ရောင်းတာဆိုတော့ အခန်းတန်ဖိုးထဲမှာ အခြေခံအဆောက်အအုံစရိတ်တွေပါနေတော့ ဈေးက မကျဘူးဖြစ်နေတယ်။ နိုင်ငံတော်က ထောက်ပံ့ပေးလိုက်ရင် တန်ဖိုးကျသွားနိုင်ပါတယ်။ ကျန်စစ်မင်းအိမ်ရာမှာဆို နိုင်ငံတော်က ထောက်ပံ့ပေးခဲ့တဲ့အတွက် တိုက်ခန်းတန်ဖိုးက သိန်း ၇၀/၈၀ ထဲရောက်သွားတယ်။ ဘဏ်ကလည်း နှစ်ရှည်ချေးငွေတွေကို ချေးပြီးပံ့ပိုးပေးနိုင်ရင် ပြည်သူတွေအနေနဲ့ အိမ်ပိုင်နဲ့နေနိုင်မယ့် အခွင့်အရေးတွေ များလာပါပြီ"ဟု ဦးမင်းအောင်အေးက ပြောသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် housing saving အတွက် စုဆောင်းထားသည့်အတွက် ငွေများသည် အိမ်ရာမဝယ်ခင်အထိ အတိုးငွေ တစ်နှစ်လျှင် ၈ ဒသမ ၅ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး အိမ်ဝယ်ခွင့်ရရှိပြီးပါက ဘဏ်မှ စိုက်ထုတ်ပေးရသည့် ငွေအတွက် ၁၂ ရာခိုင်နှုန်းကို အတိုးငွေအဖြစ် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး တစ်လတစ်ကြိမ် မှန်မှန် ရှစ်နှစ် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

"ဥပမာ ဘဏ်ထဲမှာ သိန်း ၃၀ လောက်ရှိလို့ သိန်း ၁၀၀ တန် အိမ်ဝယ်ခွင့်ရရင် ဘဏ်ကစိုက်ပေးရတဲ့ သိန်း ၇၀ အတွက် ၁၂ ရာခိုင်နှုန်း အတိုးပေးရမယ်။ တစ်လ တစ်သိန်းနှစ်သောင်းလောက်ကျသွားမယ်။ တစ်လတစ်ခါ ပုံမှန် ရှစ်နှစ်ပေးသွင်းရမယ်" ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်မူက ပြောသည်။

အဆိုပါဘဏ်ချေးငွေကို ပြန်ဆပ်ရန် ရှစ်နှစ်သတ်မှတ်ထားသော်လည်း ၁၅ နှစ်ထိ ချေးနိုင်ရန်၊ ပြည်ထောင်စုဝန်ကြီးကလည်း ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ ဘဏ်၏မူဝါဒဆိုင်ရာများကို ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"တကယ်ကို အိမ်မရှိတဲ့ အိမ်ကို တောင့်တနေတဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ တည်ဆောက်နေတာဖြစ်တဲ့အတွက် စုဆောင်းတဲ့ အလေ့အကျင့်လေးကိုလည်း လုပ်ကြမယ်ဆိုရင် အဲဒီဘဏ်ကနေ အိမ်ရာလိုအပ်ချက်ရှိတဲ့ စာရင်းကို သိနေတာဖြစ်တဲ့အတွက် လိုအပ်တဲ့ အိမ်ရာတွေကို တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်"ဟု အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ပြောသည်။

နိုင်ငံတော်က မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစပြီး ၂၀၂၀ ခုနှစ်အထိ နှစ် ၂၀ အတွင်း အိမ်ရာ တစ်သန်းတည်ဆောက်ရန် ဦးတည်ချက်ထားဆောင်ရွက်ခဲ့ပြီး ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကာ ကျန်သည့် ၈၀ ရာခိုင်နှုန်းအား ပုဂ္ဂလိကကုမ္ပဏီများမှ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် နှစ်အလိုက်တွက်ကြည့်သည့်အခါ လာမည့် ငါးနှစ်အတွင်း အိမ်ရာလိုအပ်ချက်ပေါင်း ၃၆၀၀၀ နီးပါးရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါလိုအပ်ချက် ၃၆၀၀၀ ကို နိုင်ငံတော်က ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် မကြာမီကာလအတွင်း သန်လျင် အောင်ချမ်းသာအနီးတွင် အခန်းပေါင်း ၁၂၀၀ နီးပါးရှိ တန်ဖိုးနည်းအိမ်ရာများနှင့် ကျိုက်ခေါက်ဘုရားအနီးတွင်လည်း တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"တစ်လုံးတစ်ခဲတည်း ၃၀ ရာခိုင်နှုန်းပေးပြီး ကျန်တာချေးတဲ့သူတွေကို အားမပေးဘူး၊ မှန်မှန်လေး စုပြသွားတဲ့သူကို အားပေးမယ်။ ဒီလိုလူမျိုးက ဘဏ်ချေးငွေကိုလည်း မှန်မှန်ပြန်ဆပ်နိုင်မယ်လို့ ယူဆတယ်။ အဲဒီလူကို ဦးစားပေးမှာပါ။ ဒါမှ အမှန်တကယ် လိုအပ်လို့ ငွေစုနေတဲ့လူတွေလက်ထဲ တကယ်ရမှာ"ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်က ပြောသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ဝယ်ရန် ကြိုတင်စုဆောင်းငွေ စုနေပြီဖြစ်သည့် မဆွေက "ကိုယ်စုနိုင်တဲ့ ငွေကြေးပမာဏကို ခုကတည်းက စုနေပြီ။ စုဆောင်းငွေနည်းသေးလို့ သတ်မှတ်ချက် မပြည့်လို့ လတ်တလောမဝယ်နိုင်သေးလည်း နိုင်ငံတော်က အိမ်ရာစီမံကိန်းတွေ အများကြီးဖော်မှာဆိုတော့ အိမ်ပိုင်မရှိတဲ့ ကျွန်မတို့လို လူတွေအတွက် နောက်တော့ ဝယ်နိုင်လာနိုင်မယ်၊ အိမ်ပိုင်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အသိကလူကို အားဖြစ်စေတယ်"ဟု ဆိုသည်။ ။

■

# အချိန်မှန် အမှိုက်သိမ်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု ပြဿနာများ

"ကလောင် ကလောင် ကလောင် " ဟူသော ခေါင်းလောင်းသံကို အိမ်ရှေ့သို့ မရောက်မီကပင် ကြားနေရသည်။ "မိဘပြည်သူများခင်ဗျား၊ ရပ်ကွက်အတွင်းသို့ တနင်္ဂနွေနေ့မှလွဲ၍ တစ်ပတ်လျှင် ခြောက်ရက်၊ နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်း ပုံမှန် အမှိုက်လာသိမ်းပေးမှာဖြစ်ပါတယ်။ အမှိုက်ကားပုံမှန်လာရောက်ကာ အမှိုက်သိမ်းဆည်းပေးမှာဖြစ်တဲ့အတွက် ချောင်း၊ မြောင်းများအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို မပြုလုပ်ဘဲ အမှိုက်ကားဆီသို့ စနစ်တကျ အမှိုက်စွန့်ပစ်ပေးပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ် ခင်ဗျား"ဟူသော ရပ်မိရပ်ဖတစ်ဦး၏ နှိုးဆော်သံကို ကြားရလေသည်။

ရပ်ကွက်အတွင်း စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းကို မြို့တော်စည်ပင်နှင့်အတူ ရပ်မိရပ်ဖများ ပူးပေါင်းကာ ဆောင်ရွက်နေမှုတစ်ခုပင်ဖြစ်သည်။ အစိုးရသစ်လက်ထက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ဆောင်ရွက်ချက်များအနက် တစ်ခုအပါအဝင်လည်းဖြစ်၏။

စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းသည် စည်ပင်သာယာ၏ တာဝန်ပင်ဖြစ်သည်။ လက်ရှိ မြို့နယ်၊ ရပ်ကွက်များအလိုက် ပေးဆောင်ရသည့် အမှိုက်စွန့်ပစ်ခမှာ မြို့တွင်းမြို့နယ်၊ ဆင်ခြေဖုန်းမြို့နယ်၊ မြို့သစ်မြို့နယ်ဟူ၍ တစ်လလျှင် ကျပ် ၆၀၀၊ ကျပ် ၄၅၀၊ ကျပ် ၃၀၀ ဟူ၍သာ သတ်မှတ်ထားရာ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ၁၀ ကျပ်မှ ၂၀ ကျပ်ခန့်သာ ကျသင့်မည်ဟု သိရသည်။ ထိုသို့သော ငွေကြေးနှုန်းထားသည် ဌာနအနေဖြင့် အမှိုက်သိမ်းစရိတ်တွင် အရှုံးပေါ်မှုများရှိနေသည်ဟု သိရသည်။ အမှိုက်သိမ်းဝန်ထမ်း၊ အမှိုက်သိမ်းယာဉ်များ ဖြည့်ဆည်းဆောင်ရွက်ရန်လည်း ရင်းနှီးမြှုပ်နှံမှုလိုအပ်မည်ဖြစ်သည်။

ထို့အတွက် ပုဂ္ဂလိကသို့ တင်ဒါပေးလုပ်ကိုင်ရန် စစ်တမ်းကောက်ယူခဲ့ရာတွင်လည်း လက်ရှိအမှိုက်စွန့်ပစ်ခထက် နှစ်ဆမှ သုံးဆခန့်အထိ မြင့်တက်သွားနိုင်သည့်အတွက်ကြောင့်လည်း အများပြည်သူက လိုလားလက်ခံခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အမှိုက်သိမ်းလုပ်ငန်းကို ဌာနမှသာ ဆက်လက်လုပ်ကိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းဝန်ထမ်းများ နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်လာနိုင်မှုကြောင့် ယနေ့ အမှိုက်သိမ်းလုပ်ငန်းတွင် ယခင်ကထက် ထိရောက်မှုများရှိလာသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။ ထို့ကြောင့် ယခင်က လာတစ်လှည့်၊ ပျောက်တစ်လှည့် ခေါင်းလောင်းတီး အမှိုက်သိမ်းကားသည် သတ်မှတ်ထားသော နေ့ရက်အချိန်များတွင် အချိန်မှန်ဆိုသလို လာရောက်အမှိုက်သိမ်းလျက်ရှိသည်ဟု သိရသည်။ စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင်ရန်သာ လိုအပ်မည်ဖြစ်သည်။

ယနေ့ အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်များနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ပုံမှန်ဆောင်ရွက်နေသော ဌာနလုပ်ငန်းများအပြင် စီမံချက်ငါးရပ်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။ ယင်းမှာ စံပြရပ်ကွက်အဖြစ် သတ်မှတ်ကာ ဆောင်ရွက်ခြင်း၊ ခေါင်းလောင်းတီး အမှိုက်သိမ်းဝန်ဆောင်မှုတိုးမြှင့်ခြင်း၊ အမှိုက်ထုပ်ကောက်စနစ် ဆောင်ရွက်ခြင်း၊ သန့်ရှင်းရေးဝန်ဆောင်မှု တိုးချဲ့ခြင်းနှင့် YCDC Website တွင် ဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အချက်အလက်များ ဖော်ပြခြင်းနှင့် PCCD Public Page ဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ငန်းကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်သည်။



> ❝ နေ့စဉ် ကြီးထွားလာနေသော အမှိုက်ပြဿနာသည် ပေါ့ပေါ့တန်တန်မဟုတ်သည့်အပြင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လူမှုဘဝ ကျန်းမာစွာနေထိုင်ရေးတို့အတွက် အရေးကြီးလာသည်ဖြစ်ရာ . . . ❞

အထက်ပါလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဌာနတာဝန်ရှိသူများက မြို့နယ်၊ ရပ်ကွက်များ၊ စာသင်ကျောင်းများသို့ ကွင်းဆင်း၍ အသိပေးနှိုးဆော်ခြင်း၊ ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း မြို့တော်စည်ပင်မှ သိရသည်။

စံပြရပ်ကွက်များ ဖော်ဆောင်ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အထူးအရေးပါပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော အမှိုက်ကင်းစင်နယ်မြေများ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ခေါင်းလောင်းတီး အမှိုက်သိမ်းဝန်ဆောင်မှု တိုးမြှင့်ရာတွင်လည်း ရပ်ကွက်များအလိုက် အမှိုက်ကန်၊ အမှိုက်ပုံးများချထားခြင်း၊ အမှိုက်သိမ်းယာဉ်၊ လှည်းများဖြင့် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ကို မြို့နယ်ခြောက်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်တွင် ဝန်ဆောင်မှုတိုးမြှင့်ဆောင်ရွက်ခြင်း ပြုလုပ်ခဲ့သည်ဟု သိရသည်။ အမှိုက်ထုပ်ကောက်စနစ်ဆောင်ရွက်မှုမှာ အမှိုက်များကို အမှိုက်အိတ်ဖြင့် လုံခြုံစွာ ချည်နှောင်၍ သတ်မှတ်စုပုံနေရာတွင် သတ်မှတ်အချိန်၌ အမှိုက်ထုပ်များ ချထားစေပြီး ဌာနမှ (အမှိုက်ထုပ်ကောက်) မပျက်မကွက်သိမ်းဆည်းသည့်စနစ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းအတွက်လည်း အသိပေးနှိုးဆော်မှုများနှင့်အတူ ရပ်မိရပ်ဖ ပြည်သူလူထုများ၏ သဘောတူညီမှုနှင့်အတူ ယင်းဝန်ဆောင်မှုကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ သန့်ရှင်းရေးဝန်ဆောင်မှု တိုးမြှင့်ခြင်း အစီအစဉ်တွင် အချို့သောမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း လူနေမှုဖွံ့ဖြိုးမှုမရှိခြင်း၊ လူနေထိုင်မှုနည်းပါးခြင်း၊ ရပ်ကွက်အတွင်း အမှိုက်သိမ်းယာဉ်၊ လှည်းသွားလာရန် အခက်အခဲများကြောင့် ယခင်က အမှိုက်သိမ်းဆည်းပေးနိုင်ခဲ့ခြင်းမရှိသည့် နေရာများကို ယခုမြေပြင်ကွင်းဆင်းကာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်မှုပင်ဖြစ်သည်။ အလားတူ ဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အချက်အလက်များ ဖော်ပြခြင်းနှင့် PCCD Public Page ဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ငန်းကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးခြင်းကိုလည်း ယခု အစိုးရသစ်လက်ထက်တွင် ဆောင်ရွက်လာနိုင်ခဲ့သည်။

ယင်းသို့ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အမှိုက်သိမ်းစနစ် ပီပြင်စွာအကောင်အထည်ဖော်လာမှုနှင့်အတူ ယခင်က ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့် နောက်ဖေးလမ်းကြားများ သပ်ရပ်သန့်ရှင်းစေရေးနှင့် စနစ်တကျဖြစ်စေရေးအတွက်လည်း လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဩဂုတ်လမှစတင်၍ မြို့တွင်းခြောက်မြို့နယ်တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။ ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်မျှတကာ သန့်ရှင်းသပ်ရပ်နေရန်လိုအပ်ပြီး စည်းကမ်းမဲ့အမှိုက်များကြောင့် အကျည်းတန်ရုပ်ဆိုးခြင်းမရှိစေရန် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားရမည်ပင်ဖြစ်သည်။ အချိန်မှန် အမှိုက်သိမ်းစနစ်ကြောင့် စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင်မှုရေရှည်ဆောင်ရွက်နိုင်ရန်လိုအပ်ပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုကိုလည်း အများပြည်သူများအနေဖြင့် ရှောင်ရှားရမည်ပင်ဖြစ်သည်။ ယခင်က စည်းကမ်းတကျ အမှိုက်စွန့်ပစ်ချင်သော်လည်း ပုံမှန်အမှိုက်သိမ်းဆည်းနိုင်ခြင်းမရှိသည့်အတွက် အခက်အခဲရှိခဲ့ရာ ယခု စနစ်တကျ အမှိုက်သိမ်းဆည်းလာနိုင်မှုတွင် စည်းကမ်းရှိခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

"အမှိုက်ကို အိတ်နဲ့ စနစ်တကျထုပ်ပြီး အမှိုက်ပုံးကိုဖွင့် သေသေချာချာပစ်တဲ့သူကို အနီးက လက်ဖက်ရည်ဆိုင်ထဲကနေ လှောင်သလိုလိုနဲ့ ဝိုင်းကြည့်တာခံရတာရှိတယ်။ တကယ်တော့ စည်းကမ်းနဲ့အညီ စနစ်တကျ ပစ်တာပါ။ စည်းကမ်းမဲ့အမှိုက်ပစ်တာကို လှောင်တဲ့အကြည့်၊ အရှက်ရစေတဲ့ အကြည့်တွေနဲ့ ကြည့်ရမှာပါ။ ရပ်ကွက်ထဲမှာ အမှိုက်ပုံးတွေ ထားပေးတဲ့အခါလည်း လမ်းနည်းနည်း ပိုလျှောက်လိုက်ပြီး သွားပစ်လိုက်လို့ရတာကို အလွယ်ပဲ နီးတဲ့ချောင်းတဲ့ ပစ်ချလိုက်ကြတယ်။ စည်ပင်အနေနဲ့လည်း အမှိုက်ပုံးတွေက အမှိုက်တွေကို ပုံမှန်လာသိမ်းဖို့လိုပါတယ်။ မိုးတွင်းဘက်ဆိုရင် အနံ့အသက်က မကောင်းတော့ ပုံမှန်မသိမ်းရင် ပတ်ဝန်းကျင်ကသူတွေအတွက် အဆင်မပြေဘူး"ဟု တာမွေမြို့နယ် မလွှကုန်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အမှိုက်စွန့်ပစ်မှုနဲ့ပတ်သက်ပြီး ရပ်ကွက်တွေ၊ ကျောင်းတွေမှာ ပညာပေးဟောပြောမှုတွေ လုပ်နေပါတယ်။ ကိုယ်ကပဲ ပြောနေတာထက် ပြည်သူလူထုဘက်က ဘာလိုအပ်လဲဆိုပြီး အပြန်အလှန် ဆွေးနွေးတဲ့သဘောနဲ့လုပ်တဲ့အခါ ပြည်သူက လိုက်ပါလာပါတယ်။ သူတို့လိုအပ်တာလည်း ပြောပါတယ်။ မေးပါတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူးက ပြောသည်။

ယင်းသို့ဖြင့် မြို့နယ်၊ ရပ်ကွက်များအတွင်း အမှိုက်စွန့်ပစ်မှု၊ အမှိုက်သိမ်းဆည်းမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုကြောင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုနည်းပါးလာသော်လည်း ပတ်ဝန်းကျင်ဈေးများရှိ စွန့်ပစ်အမှိုက်များ၊ လမ်းဘေးဈေးသည်များ၏ စွန့်ပစ်အမှိုက်များ၊ စက်ရုံအလုပ်ရုံအချို့မှ စွန့်ပစ်အမှိုက်များကိုမူ စည်းကမ်းမဲ့စွန့်ပစ်နေမှုများ ရှိနေဆဲဖြစ်သည့်အတွက် ယင်းအပေါ် အဖြေရှာ ဆောင်ရွက်သွားရမည်ဟုလည်း အဆိုပါ လက်ထောက်ဌာနမှူးက ပြောသည်။

မြို့ပြလူနေမှု ထူထပ်များပြားလာသည်နှင့်အမျှ လူတို့နေ့စဉ် စွန့်ပစ်သည့် အမှိုက်ပြဿနာသည်လည်း ကြီးထွားလာသည်။ နေ့စဉ် စွန့်ပစ်နေသည့် အမှိုက်ပမာဏ၊ ထိုအမှိုက်များကို စနစ်တကျ အချိန်မှန်သိမ်းဆည်းမှုစနစ်နှင့် ပြန်လည်စွန့်ပစ်မှုတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးအတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်လာနေသည်။ ရန်ကုန်မြို့တွင် အမှိုက်စွန့်ပစ်ရာ အဓိကအမှိုက်ပုံကြီး နှစ်နေရာ၊ အမှိုက်ပုံသေးလေးနေရာရှိသော်လည်း နေ့စဉ်ထွက်ရှိနေသော အမှိုက်တန်ချိန် ၂၀၀၀ ခန့် စွန့်ပစ်ရန်မှာလည်း မြေနေရာလိုအပ်ချက်ရှိလာခဲ့သည်။ မြေကြီးပေါ် စွန့်ပစ်နေခြင်းကြောင့်လည်း မြေထုအရည်အသွေး လျော့ကျကာ မြေအောက်ရေထိခိုက်မှုကို ဖြစ်ပေါ်နေရပြီး မြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းကလည်း ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့်လည်း စွန့်ပစ်အမှိုက်များ ဖြေရှင်းနိုင်ရန်ကို ငွေကြေးတတ်နိုင်သောနိုင်ငံများကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း အမှိုက်မီးရှို့စက်ရုံ၊ အမှိုက်မှ စွမ်းအင်ထုတ်စက်ရုံ လည်ပတ်နိုင်ရေးကို ကြိုးစားဆောင်ရွက်နေသည်ဟု သိရသည်။

နေ့စဉ် ကြီးထွားလာနေသော အမှိုက်ပြဿနာသည် ပေါ့ပေါ့တန်တန် မဟုတ်သည့်အပြင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လူမှုဘဝ ကျန်းမာစွာနေထိုင်ရေးတို့အတွက် အရေးကြီးလာသည်ဖြစ်ရာ မြို့နယ်၊ ရပ်ကွက်အချို့မှ ရပ်မိရပ်ဖ ပြည်သူများက သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်လာကြခြင်းပင်ဖြစ်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာသော သပ်ရပ်သန့်ရှင်းမှုများသည် ရပ်ကွက်နေပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသည်ကို သိရှိလာသောကြောင့်လည်း ပူးပေါင်းဆောင်ရွက်လာခြင်းဖြစ်သည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ဆုနှင်းလဲ့



## ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**တယောအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) အိုသာတင့်ဆုံး (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)
- (ဃ) တောမြိုင်စွန်း (ယိုးဒယား)
- (င) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (ဆ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဇ) ခိုင်ပန်းစုံမှန်မာလာ (ယိုးဒယား)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) ဆန်းနွေဦး (ယိုးဒယား)(သဖြန်မလို)
- (ခ) ညဥ့်သုံးယံ (ပတ်ပျိုး)
- (ဂ) ဂုဏ်တော်ဖွင့် (ကာလပေါ်)(ပြည်လှဖေ)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) ပြည်တော်ဝင် (ကာလပေါ်)
- (ခ) ဆန်းဆန်းသဥ္စာကြာညောင် (မိုးဘွဲ့ယိုးဒယား)
- (ဂ) ဇေယျာမြို့ (ကြိုး)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) မြနန္ဒာ (ကာလပေါ်)(ဒေါ်စိန်ပါတီ)
- (ခ) ဖြေလျော့ခွေ (ပတ်ပျိုး)
- (ဂ) ရွှေပြည်ကြီးဇရာ (ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) လွှမ်းပိုအောင်ညိုမင်းလွင် (ယိုးဒယား)
- (ခ) မေတ္တာဖျန်းမှလန်းဆန်းမယ် (ကာလပေါ်)(အဖွဲ့)
- (ဂ) ဇေယျာအောင်ချာ (ကြိုး)

**မယ်ဒလင်အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
- (ဂ) မန္တလာဘုံ (ဘွဲ့)
- (ဃ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)
- (င) ထူးမခြားနား (သီချင်းခံ)
- (စ) မှန်ပြာဝေ (ယိုးဒယား)
- (ဆ) ပပငယ်လေဝင်းဝင်း (ပတ်ပျိုး)
- (ဇ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) မြူဝန်းလို့ခို (ပတ်ပျိုး)
- (ခ) ကျေးစေတမန် (ကာလပေါ်)(မေရှင်)
- (ဂ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
- (ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
- (ဂ) မြိုင်ဟေမာ (ယိုးဒယား)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) သည်ဆောင်းဟေမန် (ဘွဲ့)
- (ခ) သုခုမ (ကာလပေါ်)(စောင်းဦးဘသန်း)
- (ဂ) ထွေထွေဆန်းဆန်း (ကပီယိုးဒယား)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) တောင်တောသာယာ (ယိုးဒယား)
- (ဂ) ဇမ္ဗူဒီပါ (ကာလပေါ်)(စိန်ပါတီ)

**(ဆက်လက်ဖော်ပြပါမည်)**

## ရန်ကုန်မြို့လယ် နောက်ဖေးလမ်းကြားများ သန့်ရှင်းရန်စောင့်ကြည့်အရေးယူမှု တစ်ပြေးညီရှိရန် လိုအပ်နေ



**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့တွင်းရှိ မြို့လယ်မြို့နယ်အချို့တွင် ဆောင်ရွက်နေသော နောက်ဖေးလမ်းကြား သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကနေ့စဉ်သတင်းစာများတွင် ဝေဖန်သုံးသပ်ထားခြင်းများကို သတင်းစာခေါင်းကြီး၊ အထူးပြုဆောင်းပါးများတွင် ဖတ်ရှုလာရသည်။

ရန်ကုန်မြို့တွင်းနေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် ကြွက်၊ ခြင်၊ ယင်စသည့် သတ္တဝါမျိုးစုံ ခိုအောင်းကျက်စားရာ အမှိုက်ပုံကြီးများ၊ မြေညီထပ်နေသူအချို့၏ စီးပွားရေးလုပ်ငန်းသုံးအတွက် ကျူးကျော်အသုံးချမှုများ၊ မိလ္လာအပါအဝင် ရေဆိုးစီးဆင်းစွန့်ပစ်မှု ချို့ယွင်းနေမှုများအပြင် လုံခြုံရေးအရပါ စိုးရိမ်နေရသော နှစ်အတန်ကြာ ပုံရိပ်ဆိုးများ မြင်တွေ့နေရာမှ ၂၀၁၆ ခုနှစ် ဩဂုတ်လလယ်မှစ၍ သန့်ရှင်းသပ်ရပ်ပြီး ကျူးကျော်အသုံးချမှု ကင်းသော မြင်ကွင်းများကို မြင်တွေ့လာရသည်ဟု လမ်းမတော်နှင့် လသာမြို့နယ်အတွင်း နေထိုင်သူများအပါအဝင် မြို့လယ်သို့လာရောက် အလုပ်လုပ်နေသူများက ပြောဆိုကြသည်။

ယင်းကဲ့သို့သော နောက်ဖေးလမ်းကြားများ၏ ပုံရိပ်ကောင်းကို ဆက်လက် မြင်တွေ့လာရန်အတွက် အများပြည်သူများ စည်းကမ်းရှိရန် အထူးလိုအပ်နေသည်။ ယခင်အထပ်နိမ့်တိုက်များသာ များပြားနေရာမှ ယခုအထပ်မြင့်တိုက်များ ပြောင်းလဲတည်ဆောက် နေထိုင်လာကြရာ နောက်ဖေးလမ်းကြားတွင် အမှိုက်ထုပ်များ စည်းကမ်းမဲ့ပစ်ချနေမှုအပေါ် အရေးယူရန် ခဲယဉ်းမှုရှိနေသည်။ မြင်တွေ့သော်လည်း အမှန်းခံဖော်ထုတ်ပြောဆိုမှုမရှိသလောက်ဖြစ်နေရာ စည်းကမ်းမဲ့များ ပြန်လည်များပြားလာလျှင် ယခင်အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပြီး ယင်းအခြေအနေမျိုး မဖြစ်ပေါ်ရန် သန့်ရှင်းရေးဆောင်ရွက်ပြီးသော မြို့နယ်များတွင် အများပြည်သူလိုက်နာရန် စည်းကမ်းချက်များကို အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်း၊ ဗီနိုင်းအသိပေးစာတမ်းနီများ ချိတ်ဆွဲထားခြင်းများ မြင်တွေ့လာရသည်။ စီးပွားရေးအရ နောက်ဖေးလမ်းကြားများအား ကျူးကျော်ခြင်းများမရှိစေရန် ရပ်ကွက်တာဝန်ရှိသူများအနေဖြင့် အဂတိတရားကင်းရှင်းရန် လိုအပ်သည့်အပြင် စည်းကမ်းမဲ့ ကျူးကျော်ထားသော အဆောက်အအုံများကို တည်ဆောက်နေခြင်းများကိုလည်း ခွင့်မပြုသင့်ကြောင်း လသာမြို့နယ်အတွင်း နေထိုင်သူ ဦးအောင်လှ၏ ပြောကြားချက်ကိုလည်း အထူးပြုဆောင်းပါးတွင် ဖတ်ရှုရသည်။

စက်တင်ဘာလလယ်ပိုင်းတွင် လာသာမြို့နယ်အတွင်း နောက်ဖေးလမ်းကြားပေါင်း ၂၃ ခုနှင့် လမ်းကြားအတိုတစ်ခုတို့ကို မြို့တော်စည်ပင်မှ တာဝန်ယူရှင်းလင်းပေးပြီး ဖြစ်သည်။ အနော်ရထာနှင့် မဟာဗန္ဓုလကားလမ်းများမှ ယင်းမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ကိုင်မှုများသော လမ်းသွယ်များ၏ နောက်ဖေးလမ်းကြားအချို့ကို ကြည့်ရှုနိုင်ခြင်း မရှိသည့်အတွက် စဥ့်အိုးတန်း(အထက်လမ်း) လမ်းအတွင်းရှိ နောက်ဖေးလမ်းကြားတွင် အမိုးအဖီများပြုလုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းအချို့ လုပ်ကိုင်လာမှုများရှိလာသည်ကို ပြန်လည်မြင်တွေ့စပြုလာသည်ဟု စဥ့်အိုးတန်း(အထက်လမ်း) လမ်းသာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားမှုရှိလာသည်။

အလားတူ လမ်းမတော်မြို့နယ်အတွင်း ဖျက်သိမ်းခြင်းမရှိသေးသော အမိုးအဖီများနှင့်အတူ စီးပွားရေးလုပ်ကိုင်မှုအချို့ကို ကားလမ်းမများမှ မြင်တွေ့နေရမှု ရပ်ကွက်အချို့တွင် ရှိနေဆဲဖြစ်သည်။ အဆိုပါ ရပ်ကွက်၏ တားမြစ်အသိပေးစာတွင် အမိုးအဖီနှင့် စီးပွားရေးလုပ်ငန်းအတွင်း အသုံးချလုပ်ကိုင်ခြင်းအပေါ် တားမြစ်ထားသည့် စာသားပါဝင်မှု မရှိသည်ကို ဗီနိုင်းအများစုတွင် မြင်တွေ့ရသည်။

ရပ်ကွက်အချို့၏ နောက်ဖေးလမ်းကြားများအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုရန် ရပ်ကွက်အစီအစဉ်ဖြင့် စီစဉ်ထားမှုများရှိရာ စက်တင်ဘာ ၁၆ ရက် ညပိုင်း ၁၂ လမ်း(အလယ်လမ်း)၊ လှည်းတန်း(အလယ်လမ်း)တို့၏ အထပ်မြင့်တိုက်အချို့ရှေ့တွင် ယင်းတိုက်များ၏ နောက်ဖေးလမ်းကြားများတွင် စည်းကမ်းမဲ့ အမှိုက်ထုပ်များတွေ့ရှိကြောင်းနှင့် ထပ်မံမပြုလုပ်ရန် အသံချဲ့စက်ဖြင့် ယင်းတိုက်များရှေ့တွင် အသိပေးပြောကြားမှုများရှိသည်ဟု ၁၂ လမ်း(အလယ်လမ်း)တွင်နေထိုင်သူ ကိုမင်းက ဆိုသည်။ တိုက်ရှေ့တွင် စည်းကမ်းမဲ့အမှိုက်ထုပ်စွန့်ပစ်မှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာထုတ်ဖော်ကြေညာမှုကြောင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူ အနည်းငယ်အတွက် မိမိနေထိုင်ရာ တိုက်အပါအဝင် အထပ်မြင့်တိုက် သုံးတိုက်တို့တွင် နေထိုင်သူများ ဝိုင်းကြီးချုပ်ပုံစံ ပြောဆိုခံနေရသကဲ့သို့ ဖြစ်နေသည်ဟု ၎င်းက ဆိုသည်။

သို့ဖြစ်ရာ နိုင်ငံပိုင်ငွေကြေးဖြင့် ရန်ကုန်မြို့နေလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားရန် သန့်ရှင်းရေးများ အလေးထား ဆောင်ရွက်မှုနှင့်အတူ ဒီမိုကရေစီနိုင်ငံသားများ ပီသစွာ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့ကို လိုက်နာသည့် အလေ့အကျင့်ကောင်းများ ကိုယ်စီစွဲမြဲစွာရှိရန်နှင့် လိုက်နာမှုမရှိပါက မြန်မြန်ဆန်ဆန် မှန်ကန်ထိရောက်စွာ အရေးယူမှုများကို လိုအပ်နေသည်ဟု စက်တင်ဘာ ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ၏ သတင်းခေါင်းကြီးပိုင်းဖော်ပြမှုမှာ အများပြည်သူများအပြင် သက်ဆိုင်ရာတာဝန်ရှိသူများအတွက် လမ်းညွှန်မှုသဖွယ် ဖြစ်နေသည်။

အများပြည်သူ၏ ပူးပေါင်းပါဝင်မှုအပြင် မိမိတို့ရယူထားသော လုပ်ငန်းတာဝန်များကို ကိုယ်စီကိုယ်ငှ ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ချက်ရှိနေသည်။ အများပြည်သူအနေဖြင့်လည်း အပြုသဘောဖြင့် လိုအပ်ချက်များကို သတင်းဆက်သွယ်ရေးလမ်းကြောင်းမျိုးစုံဖြင့် တင်ပြခြင်း၊ အရေးယူဆောင်ရွက်နိုင်သည့် တာဝန်ရှိသူများ၏ မြန်ဆန်မှန်ကန် ထိရောက်သော အရေးယူမှုရှိခြင်း လက်ရှိမြင်တွေ့နေရပြီဖြစ်သော ရန်ကုန်မြို့လယ်အချို့၏ နောက်ဖေးလမ်းကြားသန့်ရှင်းနေသည့် မြင်ကွင်းများကို ပွဲပြီးမီးသေ ရေတိုမဟုတ်ဘဲ ကာလရှည်တည်တံ့မှုရှိပြီး အများပြည်သူကျန်းမာသန့်ရှင်း၊ လုံခြုံရေးတိုးတက်ကောင်းမွန်ခြင်း၊ ပြည်ပခရီးသွားများ အမြင်တွင်လည်း ဂုဏ်ယူဖွယ်မြင်ကွင်းများ မြင်လာခြင်းတို့ဖြစ်လာမည်ဟု လမ်းမတော်မြို့နယ် ၄ရပ်ကွက်နေ ရုပ်ရှင်သရုပ်ဆောင် ဦးဘသာထူးခေါ် ဦးသန့်ဇင်က သုံးသပ်ပြောဆိုသည်။

**(မောင်စေစေအောင်)**

## မြင်းခြံမြို့နယ်တွင် ပင်ထောင်မြေပဲများလှိုင်လှိုင်ပေါ် အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရဖြစ်နေ

**မြင်းခြံ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် ပင်ထောင်မိုးမြေပဲများလှိုင်လှိုင်ပေါ်၍ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် တောင်သူများ အဆင်မပြေကြောင်း သိရသည်။

“ကျွန်မတို့ရွာက ပင်ထောင်မြေပဲတွေဆွတ်ကုန်ကြပြီး ဒီဒေသကတော့ ပင်ထောင်မြေပဲလို့လည်း ခေါ်တယ်။ စပိန်ပဲလို့လည်း ခေါ်တယ်။ ဒီနှစ်ကကျွန်မတို့ဒေသမှာ မိုးလေဝသမှန်တော့ မြေပဲအထွက်နှုန်းကောင်းပြီး ဈေးကောင်းမရတော့ မြေပဲစိုက်တောင်သူတွေ အဆင်မပြေဘူး။ စိုက်ပျိုးချိန်မှာ မျိုးဖိုးကဈေးကြီးပြီး မြေပဲပေါ်ချိန်မှာ ဈေးမကောင်းတာလေ၊ အဲဒီတော့အရင်းကြီးပြီး ပြန်ရောင်းတော့ ဈေးနည်းဖြစ်နေတယ်။ တစ်ဧကကို မြေပဲဆံတစ်တင်းခွဲစိုက်ရတာ။ ထွန်ယက်ခ၊ လူငှားခနဲ့ဆိုတော့ စိုက်ပျိုးစရိတ် တစ်သိန်းခွဲ နှစ်သိန်းလောက်ကုန်တယ်။ ခုလိုပေါ်ချိန်မှာ မြေပဲအတောင့်တစ်တင်းကို ငွေကျပ် ၅၅၀၀၊ ၆၀၀၀ ဆိုတော့ ဘယ်လိုမှမကိုက်ဘူး။ မြေပဲကတော့ တစ်ဧက တင်း ၂၅၊ ၃၀ အထိ ထွက်တယ်။ မြေပဲဆွတ်သူကိုအလုပ်သမားခအဖြစ် တစ်တင်းလေးပြည်နှုန်းပြန်ခွဲပေးရတယ်။ မြေပဲတင်း ၃၀ ထွက်မှ ယာခင်းပိုင်ရှင်က တင်း ၂၀ ပဲကျန်တာ၊ မြေပဲရိုးတော့ရတော့ နွားစာတော့အဆင်ပြေပါတယ်”ဟု ဖက်ရင်းကျေးရွာမှ မြေပဲစိုက်တောင်သူ ဒေါ်မာမာအေးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် မြေပဲစိုက်ဧက ၁၀၆၆၅ ဧကရှိပြီး ပင်ထောင်မိုးမြေပဲများ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် မြေပဲစိုက် တောင်သူများ အဆင်မပြေကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်(ရွှေဈေး) ၈၆၈၀၀၀ - ၈၆၈၀၀၀၊ မန္တလေး(ရွှေဈေး) ၈၆၈၀၀၀ - ၈၆၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၆၁၀/ ၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**၁၃-၉-၂၀၁၆ ရက်နေ့မှ ၁၆-၉-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၂၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၁၂ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၇၂. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၄. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၂၂၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၂. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉. ၄၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၃. ၁၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၈. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀- ၉ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား) |
| ၈း၄၀ | ဥပဒေရေးရာအဖြာဖြာ "မင်းမမှားဘူး" |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၁း၁၅ | "ရင်တွင်းခံစား၊ ပုဂံသားတို့စကား" |
| ၁၁း၃၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၈၂) (ဇာတ်သိမ်းပိုင်း) |
| ၁း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၁) |
| ၂း၃၀ | KARAOKE World Championships (KWC) Myanmar 2016 (Level-1,Group-6) |
| ၃း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၄း၁၅ | ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသား) |
| ၄း၃၅ | Football Magazine (ရောဝတီ ယူနိုက်တက်အသင်း) |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဟာ တိုင်းပြည်အတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိလဲ) (အပိုင်း-၂) |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (စည်သူလွင်) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ "လူငယ်ရေးရာမူဝါဒရေးရာ အကြောင်းသိကောင်းစရာ" (အပိုင်း-၁) |
| ၉း၀၀ | ပြည်တွင်းသတင်း -Yes or No Talk Show (Choice or Degree)(Part-4) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁) |

**မှတ်ချက်။** **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | DVD Hits |
| ၈း၄၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၉း၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၀၀ | တစ်ပတ်အတွင်း မွေးမြူရေးသတင်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၃၀ | Guide For You |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၀၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၂း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၂၅ | ကျန်းမာသုတ |
| ၄း၂၅ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၅၆) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၅၇) |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Dream Team ရဲ့စိန်ခေါ်မှုများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၉) -VOA အင်္ဂလိပ်စာသင်ခန်းစာ -ဟာသရုပ်စုံ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ အပိုင်း(၂၄) |

## MRTV-4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ် |
| ၅း၄၀ | "သာသနာနှစ် ငါးထောင်" တရားတော် (ဆရာတော်ဘဒ္ဒန္တသုဓမ္မာစာရ ဘိဝံသ မဟာထေရ်) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Melia Yangon Grand Opening Press Event) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၁၅ | သွားမယ်စားမယ် ($M^{+}$ Thai Express Restaurant) |
| ၁၁း၄၀ | ဧရာဝတီတိုင်းဒေသကြီး ညောင်ကျိုးမြို့ရှိ ရေဘေးသင့်ပြည်သူများအား ပရဟိတဆေးကုသမှုခရီးစဉ် |
| ၁၂း၄၀ | အနုပညာမိုးကောင်းကင် |
| ၄း၀၀ | Cartoon Series (English Play Ground) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၇၀) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၅၃) |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၅) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၃၆) |
| ၁၀း၀၅ | MRTV-4 Stage |
| ၁၁း၃၀ | World of Knowledge (Hooked:Asian Carp Invasion) |

# Mister International Philippines 2016 ပြိုင်ပွဲကျင်းပ

Mister International Organization က ကြီးမှူးကျင်းပသည့် Mister International ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် Mister International Philippines 2016 ပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့ရာ San Pablo မြို့ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသက်(၂၇)နှစ်အရွယ်ရှိ မော်ဒယ် Miguel Guia က Mister International 2016 အဖြစ် ဆုရရှိဆွတ်ခူးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၂၂)နှစ်အရွယ် Christopher Dulagan က Man of the World Philippines 2016 ဆုကိုလည်းကောင်း၊ ပြိုင်ပွဲဝင် AR Dela Serna က Mister Supranational Philippines 2016 ဆုကို လည်းကောင်း၊ ပြိုင်ပွဲဝင် Vincent Issen Christopher Jarina က Mister Asian Philippines 2016 ဆုကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၏ Mister International ပြိုင်ပွဲကို လာမည့်ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသွားမည်ဖြစ်ရာ ယခုပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် Miguel Guia က ဖိလစ်ပိုင်နိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။







# ဂျနီဖာအန်နီစတန်၏ အန်နီမေးရှင်းဇာတ်ကားသစ် စတင်မိတ်ဆက်

ဟောလိဝုဒ်မင်းသမီး ဂျနီဖာအန်နီစတန်က အသံသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် Storks အမည်ရှိ အန်နီမေးရှင်းဇာတ်ကားသစ်ကို စက်တင်ဘာ ၁၇ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ Regency Village Theater ၌ စတင်ပြသခဲ့သည်။

ပြသချိန် တစ်နာရီခွဲခန့်ကြာမြင့်သည့် ယင်းသရီးဒီဇာတ်ကားသစ်ကို Warner Bros. Pictures ရုပ်ရှင်ကုမ္ပဏီမှ စက်တင်ဘာ ၂၃ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ရုံတင်ပြသသွားရန်စီစဉ်လျက်ရှိသည်။

Storks သရီးဒီအန်နီမေးရှင်းဇာတ်ကားသည် Nicholas Stoller နှင့် Doug Sweetland တို့၏ ပူးတွဲလက်ရာဖြစ်ပြီး သရုပ်ဆောင်များအနေဖြင့် ဂျနီဖာအန်နီစတန်နှင့်အတူ နာမည်ကျော် ကနေဒါ အသံသရုပ်ဆောင် မင်းသမီး Katie Crown ၊ မင်းသား Andy Sambergနှင့် အမေရိကန် ဝါရင့်အနုပညာရှင် Kelsey Grammer တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကားကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ရုံတင်ပြသရန်စီစဉ်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြသချိန်စောခဲ့ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# တေးသံရှင်များပါဝင်သရုပ်ဆောင်မည့် လီပြောင်ဟွန်း၏ဇာတ်ကားသစ်



တောင်ကိုရီးယားမှ ဟောလိဝုဒ်ထိတိုင် ထိုးဖောက်နေရာယူနိုင်ခဲ့သည့် တောင်ကိုရီးယား အက်ရှင်မင်းသား လီပြောင်ဟွန်းက ဒါရိုက်တာတစ်ဦးအဖြစ် ပါဝင်ပုံဖော်မည့် ဝက်ဘ်ဒရမ်မာ ဇာတ်ကားသစ်တွင် တေးသံရှင်များဖြစ်ကြသည့် EXO အဖွဲ့မှ D.O၊ 2PMအဖွဲ့မှ ဂျွန်ဟိုတို့အပြင် ကင်မ်ဝူးဘင်း နှင့် Kang Ha Neul တို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။ ယင်းဇာတ်ကားသစ်ကို ယခုအချိန်ထိ အမည်မပေးရသေးဘဲ EXO အဖွဲ့မှ D.O က ကောလိပ်ကျောင်းသားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

# (၄၁)ကြိမ်မြောက် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော် အောင်မြင်စွာ ပိတ်သိမ်း

(၄၁)ကြိမ်မြောက် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ရာ စက်တင်ဘာ ၁၈ ရက် ညပိုင်းက ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

နိုင်ငံတကာမှ ဇာတ်ကားပေါင်း ၄၀၀ နီးပါး ပြသခဲ့သည့် ယင်းရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ပွဲတော်တိုင်း၌ ဆုဆွတ်ခူးခဲ့သည့် La La Land ဇာတ်ကားက People's Choice Award ဆုကိုရရှိခဲ့သည်။

အဆိုပါဆုပေးပွဲတွင် Best International Short Film ဆုကို Imago ဇာတ်ကားကလည်းကောင်း၊ FIPRESCI Special Presentations ဆုကို I Am Not Madame Bovary ဇာတ်ကားကလည်းကောင်း၊ Best Canadian First Feature Film ဆုကို Old Stone ဇာတ်ကားကလည်းကောင်း၊ Best Canadian Short Film ဆုကို Mutants ဇာတ်ကားကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။




People's Choice Award ဆုကိုရရှိခဲ့သည့် La La Land ဇာတ်ကားမှ မင်းသမီး အမ်မာစတုန်း။

# တစ်ပတ်အတွင်း အားကစားသတင်းသုံးသပ်ချက်

***ကြားရက်တွေမှာ ဥရောပပွဲစဉ်တွေဖြစ်တဲ့ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တွေကစားခဲ့ရပေမယ့် အသင်းကြီး အတော်များများ သက်ဆိုင်ရာ ပြည်တွင်းလိဂ်တွေမှာ ဂိုးပြတ်ရလဒ်တွေနဲ့နိုင်ပွဲဆက်ခဲ့ကြခြင်း၊ ကြားဖြတ်ဥရောပပွဲ မကစားရတဲ့ နည်းပြကွန်တီရဲ့ ချယ်လ်ဆီးအိမ်ကွင်းမှာပဲ လီဗာပူးကို ရှုံးနိမ့်ခဲ့ခြင်း၊ ရီယိုမသန်စွမ်းအားကစားပြိုင်ပွဲမှာ အီရန်စက်ဘီးစီးကစားသမား ဂိုးဘားနက်ဂျာ့ဒ် စက်ဘီးမတော်တဆတိုက်မှုဖြစ်ပွားပြီးနောက် နှလုံးရောဂါရုတ်တရက် ဖောက်လာကာ သေဆုံးသွားခြင်း၊ နည်းပြမော်ရင်ဟိုက မန်ယူကစားသမားတွေအနေနဲ့ ဖိအားများနေတာကြောင့် ရလဒ်ပိုင်းကို ထိခိုက်ခဲ့ရတယ်လို့ ဝက်ဖို့ဒ်အသင်းကို ရှုံးနိမ့်ပြီးနောက် ပြောကြားခဲ့ခြင်းစတဲ့ သတင်းတွေက ယခုတစ်ပတ် အတွင်း ထူးခြားတဲ့သတင်းတွေအဖြစ် နေရာယူထားပါတယ်။***



**ကြားရက် ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်ပွဲစဉ်တွေနဲ့ ပရိသတ်အာရုံကို သိမ်းပိုက်ခဲ့ပြန်တဲ့ ဘောလုံးလောက**

ဒီတစ်ပတ်မှာတော့ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်အုပ်စု ပွဲစဉ်တွေ စတင်ကစားခဲ့ကြပြီး ဥရောပအသင်းကြီးအများစုက ပြိုင်ဘက်တွေကို အသာရခဲ့ကြတာကို တွေ့ရပါတယ်။ ဘာစီလိုနာဆိုရင် ဆဲလ်တစ်အသင်းကို ခုနစ်ဂိုးပြတ်၊ ဘိုင်ယန်မြူးနစ်အသင်းက ရော့စ်တော့ဗ်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ကစားကာ အဖွင့်လှခဲ့ကြပါတယ်။ လက်ရှိ ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းကတော့ စပို့တင်းလစ္စဘွန်းကိုအနိုင်ရဖို့ နောက်ဆုံးမိနစ်အထိ ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရပြီး မက်ဒရစ်မြို့ခံ အက်သလက်တီကိုကလည်း အဝေးကွင်းမှာ ပီအက်စ်ဗွီကို တစ်ဂိုး-ဂိုးမရှိဆိုတဲ့ ကျဉ်းမြောင်းတဲ့ အနိုင်ရလဒ်အတွက် အတော်လေး အားထုတ်ခဲ့ရတာကိုတွေ့ရပါတယ်။ ပီအက်စ်ဗွီအသင်းရတဲ့ပင်နယ်တီကို ဂွါဒါဒို လွဲချော်ခဲ့တာကြောင့် ခြောက်ပွဲဆက်ရှုံးပွဲမရှိစံချိန်ရယူထားတဲ့ ပီအက်စ်ဗွီအသင်းရဲ့စံချိန်လည်း ကျိုးပျက်သွားပါတယ်။

မန်စီးတီးနဲ့ မိုချန်ဂလာဘတ်တို့ရဲ့ ပွဲစဉ်ကတော့ မိုးကြိုးမုန်တိုင်းကြောင့် မူလက သတ်မှတ်ထားတဲ့အချိန်မှာ မကစားရဘဲ ရွှေ့ဆိုင်းပြီး နောက်တစ်နေ့ရောက်မှ ကစားခဲ့ရပေမယ့် မန်စီးတီးက တိုက်စစ်မှူးအဂူရိုရဲ့ ဟက်ထရစ်ဂိုးအပါအဝင် လေးဂိုးပြတ်နဲ့ သက်သောင့်သက်သာပဲအနိုင်ရခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ် ချန်ပီယံလောင်းစာရင်းမှာ နာမည်ကြီးနည်းပြ ဂွါဒီယိုလာရဲ့ မန်စီးတီးကိုမှာ ထည့်သွင်းတွက်ချက်ရတော့မယ်လို့ မှန်းဆချက်တွေလည်း ထွက်လာပါတယ်။ ဒီတစ်ပတ်ရဲ့ ချန်ပီယံလိဂ်အလှပဆုံး သွင်းဂိုးအဖြစ် ၂၅ ကိုက်အကွာ အလွတ်တည်ကန်ဘောမှ တစ်ဆင့် အသင်းဟောင်း စပို့တင်းလစ္စဘွန်းဘက်ကို သွင်းယူခဲ့တဲ့ စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးက ရွေးချယ်ခံရပါတယ်။

ယူရိုပါလိဂ်ပွဲစဉ်တွေမှာတော့ မန်ယူအသင်းက ဖီယင်နော့ဒ်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့သလို အင်တာမီလန်အသင်းဆိုရင် အိမ်ကွင်းမှာပဲ ဘီယာရှီဗာအသင်းကို နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာကြောင့် ဥရောပနာမည်ကြီးအသင်းနှစ်သင်း အဖွင့်မလှခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲလို့တော့ သုံးသပ်ရမှာဖြစ်ပါတယ်။

**အီရန်အလံတစ်ဝက်လွှင့်ထူခဲ့ရတဲ့ ရီယိုမသန်စွမ်းအားကစားပွဲတော် ပိတ်ပွဲ အခမ်းအနား**

ရီယိုမသန်စွမ်းအားကစားပြိုင်ပွဲ စက်တင်ဘာ ၁၇ ရက် (စနေနေ့) စီ ၄-၅ ပတ်လမ်းစက်ဘီးစီး ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အီရန်နိုင်ငံသား ဂိုးဘားနက်ဂျာ့ဒ်တစ်ယောက် စက်ဘီးမတော်တဆတိုက်မှုဖြစ်ပွားပြီးနောက် သေဆုံးသွားခဲ့တဲ့သတင်းပါ။ အသက်(၄၈)နှစ်ရှိပြီဖြစ်တဲ့ ဂိုးဘားနက်ဂျာ့ဒ်ဟာ တောင်တန်းလမ်းပိုင်း ယှဉ်ပြိုင်နေစဉ်အချိန်မှာ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ချက်ချင်းဆိုသလို ရီယိုအားကစားကျေးရွာအတွင်းမှာရှိတဲ့ ယူနီမန်ဆေးရုံကို ပို့ဆောင်ခဲ့ပေမယ့် မိနစ်အနည်းငယ်အကြာမှာပဲ နှလုံးရောဂါကြောင့် သေဆုံးသွားခဲ့တာဖြစ်ပါတယ်။ မသန်စွမ်းအားကစားပြိုင်ပွဲတွေကို အိုလံပစ်ပြိုင်ပွဲ ကျင်းပပြီးနောက် သုံးပတ်လောက်ခွာပြီး ကျင်းပလာတာ ၁၉၆၀ ခုနှစ်ကတည်းကဖြစ်ပြီး အခုလို ကစားသမားတစ်ဦး ပြိုင်ပွဲကာလအတွင်း သေဆုံးခဲ့ရတာတော့ ၁၉၆၀ နောက်ပိုင်း ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။




အီရန်အမျိုးသား မသန်စွမ်းအားကစားကော်မတီရဲ့ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ အက်ရှာဖီကတော့ ဂိုးဘားနက်ဂျာ့ဒ်ရဲ့ ရုပ်အလောင်းကို အီရန်နိုင်ငံကို ပြန်သယ်ဖို့တောင်းဆိုထားသလို ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည့်စုံတဲ့ အစီရင်ခံစာလိုချင်တယ်လို့ ဆိုပါတယ်။ အက်ရှာဖီက “ဂိုးဘားနက်ဂျာ့ဒ်ဟာ စက်ဘီးစီးပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်လာတာ ၁၂ နှစ်ရှိပါပြီ။ သူဟာ အီရန်နိုင်ငံရဲ့အကောင်းဆုံး စက်ဘီးပြိုင်ပွဲဝင်ကစားသမား တစ်ယောက်ပါ။ ပြီးတော့ အိမ်ထောင်ရှိတဲ့ အမျိုးသားတစ်ယောက်ဖြစ်ပြီး သူ့မှာ ဇနီးနဲ့သားတစ်ယောက် ကျန်နေသေးသူပါ” လို့ ရှင်းလင်းပြောကြားလိုက်ပါတယ်။ ဂိုးဘားနက်ဂျာ့ဒ်အခုလို သေဆုံးခဲ့ရတာကြောင့် ၁၉၆၀ ရောမအိုလံပစ်ကီလိုမီတာ ၁၀၀ စက်ဘီးစီးပြိုင်ပွဲမှာ နယ်သာလန် မှ ဂျန်ဆန်သေဆုံးပြီးနောက် နှစ် ၅၀ ကျော် အတွင်း အိုလံပစ်နဲ့ မသန်စွမ်းအားကစားပြိုင်ပွဲ နှစ်ရပ်လုံးမှာ ပထမဦးဆုံးအကြိမ် သေဆုံးမှုဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)ညမှာ ကျင်းပခဲ့တဲ့ ရီယိုမသန်စွမ်းအားကစားပွဲတော် ပိတ်ပွဲ အခမ်းအနားမှာ အီရန်နိုင်ငံတော်အလံကို တိုင်တစ်ဝက် အထိချပြီး ဂိုးဘားနက်ဂျာ့ဒ်ကို ဂုဏ်ပြုခဲ့ပါတယ်။

**ဘာစီလိုနာရဲ့ လာလီဂါ ၁၆ ပွဲနိုင်ပွဲဆက်စံချိန်ကို လိုက်မီခဲ့တဲ့ ဇီဒန်းရဲ့ ရီးယဲလ်မက်ဒရစ်**

ရီးယဲလ်မက်ဒရစ်အသင်းဟာ အက်စ်ပန်ညိုကို ရင်ဆိုင်ခဲ့တဲ့ လာလီဂါပွဲစဉ်(၅)မှာ အသင်းရဲ့ အဓိကကြယ်ပွင့်ကစားသမားနှစ်ဦးဖြစ်တဲ့ စီရိုနယ်လ်ဒိုနဲ့ ဂါရတ်ဘေးလ်တို့ နှစ်ဦး ပါဝင်နိုင်ခြင်းမရှိပေမယ့် ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ တိုက်စစ်မှူး ဘင်ဇီမာတို့ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့အတူ အနိုင်ရလဒ်ကိုတော့ ဆောင်ကြဉ်းနိုင်ခဲ့ပါတယ်။

ဒီနိုင်ပွဲကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ဘာစီလိုနာတင်ထားတဲ့ လာလီဂါ(၁၆)ပွဲဆက်အနိုင်ရရှိခဲ့တဲ့စံချိန်ကို လိုက်မီခဲ့သလို လာလီဂါအမှတ်ပေးဇယားကိုလည်း ရမှတ် ၁၅ မှတ်နဲ့ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။ ဇီဒန်းနဲ့ ဆက်ဆံရေးမပြေလည်သူလို့ သတင်းထွက်နေတဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က နည်းပြ ဇီဒန်းဟာ သူငယ်စဉ်ကတည်းက လေးစားအားကျရတဲ့ စံပြကစားသမားတစ်ဦးဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပြီး ကောလာဟလတွေကို ခေတ္တရပ်စဲစေခဲ့ပါတယ်။



**လီယမ်စမစ်ရဲ့ ပထမဆုံးရှုံးပွဲ**

ဂရိတ်ဗြိတိန်မှ လီယမ်စမစ်ဟာ မက္ကဆီကိုလက်ဝှေ့သမား ကာနီလို အယ်လ်ဗာရက်ဇ်ကို ရှုံးနိမ့်ခဲ့တာကြောင့် သူ့ရဲ့ ဒဗလျူဘီအို မစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံဘွဲ့ကို ဆုံးရှုံးခဲ့ပါတယ်။ အယ်လ်ဗာရက်ဇ်ဟာ စမစ်ကို ကိုးချီအလဲထိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး ဒီရှုံးပွဲကြောင့် စမစ်ရဲ့ ၂၅ ပွဲရှုံးပွဲမရှိ စံချိန်တစ်ရပ်လည်း ကျိုးပျက်ခဲ့ရသလို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာရယူထားတဲ့ နှစ်ကြိမ်တိုင်ကာကွယ်နိုင်ခဲ့တဲ့ မစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုကိုလည်း လက်လွှတ်ခဲ့ရပါတယ်။ ဒါပေမယ့် အယ်လ်ဘာရက်ဇ်ကလည်း သူ့ရဲ့ ပရော်ဖက်ရှင်နယ်သက်တမ်းတစ်လျှောက်မှာ အမေရိကန်နာမည်ကြီး လက်ဝှေ့ကစားသမား ဖလွိုက်မေဝယ်သာကိုသာ ၂၀၁၃ ခုနှစ်ကတစ်ကြိမ် အမှတ်နဲ့ရှုံးနိမ့်ခဲ့ပြီး ၄၉ ပွဲရှုံးပွဲမရှိ စံချိန်ရယူထားနိုင်သူပါ။

ဒါကြောင့် ဆုချီးမြှင့်ပွဲမှာ အယ်လ်ဗာရက်ဇ်က “ဒဗလျူဘီစီ၊ ဒဗလျူဘီအေနဲ့ အိုင်ဘီအက်ဖ်မစ်ဒယ်ဝိတ်တန်းမှာ ချန်ပီယံဆု သိမ်းပိုက်ထားတဲ့ ဂိုလော့ဗ်ရင်ကိုရင်ဆိုင်ဖို့ အသင့်ရှိနေပြီ”လို့ ကြွေးကြော်ခဲ့တာဖြစ်ပါတယ်။





**မီဒီယာတွေကြား နံပါတ်(၁)နေရာယူနေတဲ့ မန်ယူရဲ့ သုံးပွဲဆက်ရှုံးနိမ့်မှု**

မန်ယူအသင်းဟာ မန်ချက်စတာ ဒါဘီပွဲမှာ အရေးနိမ့်ခဲ့ပြီးနောက် ယူရိုပါလိဂ်မှာ ဖီယင်နော့ဒ်၊ ပရီမီယာလိဂ်မှာ ဝက်ဖို့ဒ်အသင်းတွေကို ဆက်တိုက်အရေးနိမ့်ခဲ့တာကြောင့် ဝက်ဖို့ဒ် မန်ယူပွဲစဉ်အပြီး မိနစ်ပိုင်းအတွင်းမှာ အွန်လိုင်းမီဒီယာတွေက ဒီသတင်းကိုပဲ အသားပေးဖော်ပြလာခဲ့ကြသလို နာရီ အနည်းငယ်အကြာမှာ ရုပ်သံမီဒီယာတွေကလည်း တခမ်းတနား ဝေဖန်ခဲ့ကြပါတယ်။ သုံးသပ်မှု၊ ဝေဖန်မှုအများစုကတော့ ကမ္ဘာ့ဈေးအကြီးဆုံးကစားသမား ပေါ့ဘာကို အဓိကပစ်မှတ်ထားဝေဖန်ခဲ့ကြပြီး အဲဒီနောက် ကွင်းလယ်နေရာမှာ ဝင်ကစားတဲ့ အသင်းခေါင်းဆောင် ရွန်းနီအနေနဲ့ ခေတ်ကုန်ခဲ့ပြီဆိုတဲ့ သုံးသပ်ချက်တွေလည်း ပလူပျံခဲ့ပါ တယ်။

ဒါ့အပြင် ဖာဂူဆန်နောက်ပိုင်းဆက်ခံခဲ့ကြတဲ့ ဒေးဗစ်မိုယက်စ်၊ ဗန်ဟားလ်တို့ရဲ့ လမ်းစဉ်ကို မော်ရင်ဟိုလည်း လိုက်ရတော့မယ်။ မန်ယူအသင်းအနေနဲ့ ရွှေပြည်တော်မျှော်တိုင်းဝေးဆိုတဲ့ စကားလုံးတွေနဲ့လည်း ပြိုင်ဘက်ပရိသတ်တွေက ထိုးနှက်ခဲ့ကြပါတယ်။ မော်ရင်ဟိုကတော့ ကစားသမားတွေအနေနဲ့ လိုတာထက် ပိုလျှံနေတဲ့ ဖိအားဒဏ်တွေကို ထမ်းပိုးထားရလို့ ယခုလို ရလဒ်ပိုင်းယိုင်နဲ့သွားခဲ့တာလို့ တုံ့ပြန်ခဲ့ပါတယ်။

မှန်ပါတယ်။ မန်ယူအသင်းဟာ ကမ္ဘာပေါ်မှာ ပရိသတ်အားပေးမှုအများဆုံးအသင်းတွေထဲက တစ်ခုဖြစ်ပြီး ဖာဂူဆန်ခေတ်လွန်ကာလတွေမှာ အောင်မြင်မှုရဖို့ နည်းပြ၊ ကစားသမားတွေအတွက် ကုန်ကျစရိတ်ကို ငွေကြေးအများကြီး သုံးစွဲထားပေမယ့် တစ်ဖက်မှာလည်း ပရီမီယာလိဂ်ဟာ တစ်နေ့တစ်ခြား ပိုမိုခက်ခဲမှုတွေ ပြည့်နှက်လာသလို မန်ယူမှာ သက်လတ်ပိုင်းကစားသမားတွေထက် အသက်ငယ်လွန်းတဲ့ ကစားသမားတွေနဲ့ အသက်အရွယ်ရလာကြတဲ့ ကစားသမားတွေသာ များနေတာက အဓိကပြဿနာတစ်ရပ်ဖြစ်နေပါတယ်။ အီဗရာဟီမိုဗစ်ချ်ရဲ့ အရည်အသွေးပိုင်းဟာ ပြောစရာမရှိအောင်ကောင်းပေမယ့် ပရီမီယာလိဂ်ရဲ့ မြန်နှုန်းမြင့်ကစားဟန်က အသက်အရွယ်အနည်းငယ်ရလာတဲ့ သူ့အတွက် အနည်းငယ်ခက်ခဲနေခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အသင်းခေါင်းဆောင် ဝိန်းရွန်းနီရဲ့ခြေစွမ်းဟာ ပွဲတိုင်းမှာ ပုံမှန်ကစားကွက်အောက်ရောက်နေတာတောင် မချန်လှပ်ရဲတဲ့ မော်ရင်ဟိုကိုလည်း မေးခွန်းထုတ်စရာပါ။




ကွင်းလယ်အတွက် မာတာ၊ အမ်ခီတာယန်၊ ရှနိုက်ဒါလင်၊ ဗလင်စီယာ၊ အက်ရှ်လေယန်းတို့ရှိနေတာတောင် တိုက်စစ်မှာ ရက်ရှ်ဖို့ဒ်နဲ့ အီဗရာဟီမိုဗစ်ချ်တို့ တွဲကစားခိုင်းတော့ရွန်းနီကို ကွင်းလယ်မှာထားကစားပြီး နေရာရှာဖွေပေးနေတာကြောင့် စပယ်ရှယ်ဝမ်း မော်ရင်ဟိုလည်းပဲ အင်္ဂလန်မြေမှာ အင်္ဂလန်အသင်းခေါင်းဆောင်တစ်ယောက်ကို ချန်လှပ်ရင် ဝေဖန်ထိုးနှက်ကြမယ့် အင်္ဂလန်မီဒီယာတွေရဲ့ ရေးသားမှုတွေကို မလွန်ဆန်ရဲလို့လားလို့ စွပ်စွဲရတော့မှာပါ။

**အာဆင်နယ်ကစားသမားတွေကိုမှ မျက်စိကျတတ်တာလား ဘာစီလိုနာ**

ဘာစီလိုနာအသင်းက လာမယ့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်မှာ အာဆင်နယ်တောင်ပံ ခံစစ်ကစားသမား ဘယ်လာရင်ကို ခေါ်ယူဖို့ ကြိုးပမ်းသွားမယ်လို့ သိရပါတယ်။ ဒါကြောင့် ဘာစီလိုနာဟာ ပရီမီယာလိဂ်အသင်းတွေထဲမှာ အာဆင်နယ်ကစားသမားတွေကိုသာ ရွေးပြီး သဘောကျတတ်သလားလို့ ဆိုရမလိုပါပဲ။ အရင်က အွန်နရီ၊ အဲလက်စ်ဆောင်း၊ အလက်ဇန္ဒားဟက်ပ်တို့ကို ခေါ်ယူခဲ့ပြီးဖြစ်တာကြောင့် အခုလိုယူဆရတာပါ။ ဥပမာအားဖြင့် ရီးယဲလ်မက်ဒရစ်ဆို စပါးကစားသမားတွေဖြစ်တဲ့ လူကာမိုဒရစ်၊ ဂါရတ်ဘေးလ်တို့ကိုခေါ်ယူပြီး ဟယ်ရီကိန်းကိုလည်း ချိတ်ဆက်ခဲ့လို့ ရီးယဲလ်ဟာ စပါးကစားသမားတွေကို ရွေးချယ်သဘောကျတတ်တဲ့ အသင်းအဖြစ် ကျော်ကြားပါတယ်။



အခြားသတင်းတွေကတော့ ပေါ့ဘာရဲ့ ကိုယ်စားလှယ် ရိုင်လိုလာက ပေါ့ဘာဟာ ၂၀၁၂ ခုနှစ်ကတည်းက မန်ယူမှာပဲ ဆက်နေလိုပေမယ့် သူကတော့ ပေါ့ဘာရဲ့ တန်ဖိုးကို သိတာကြောင့် ဂျူဗင်တပ်အသင်းဆီခေါ်ထုတ်သွားခဲ့တာဖြစ်ပြီး ပေါ့ဘာအခုလို တန်ဖိုးမြင့်ကစားသမားဖြစ်လာအောင် ပြုစုပျိုးထောင်ခဲ့သူတွေထဲမှာ သူပါဝင်တာကြောင့် ပေါ့ဘာကို တန်ဖိုးမထားတတ်တဲ့ ဖာဂူဆန်တောင် ဆာဘွဲ့ရရင် သူ့ကိုလည်း ဆာဘွဲ့ပေးသင့်တယ်လို့ သရော်ခဲ့တဲ့ သတင်းပါ။ နောက်ထပ်သတင်းတွေကတော့ စင်ကာပူဂရင်းပရီမှာ မာစီဒီးစ်အသင်းမှ ရော့စ်ဘတ် ထိပ်ဆုံးမှ ပန်းဝင်ခဲ့မှုနဲ့အတူ ဟာမီလ်တန် နှစ်ပေါင်းများစွာ ကြီးစိုးထားတဲ့ ဖော်မြူလာဝမ်း ချန်ပီယံဆုကို ဒီနှစ်မှာ ရော့စ်ဘတ်စ်သိမ်းပိုက်နိုင်မလားဆိုတဲ့ သတင်း၊ နည်းပြ ကွန်တီရဲ့ ချယ်လ်ဆီးအသင်းဟာ လီဗာပူးကို ရှုံးနိမ့်ခဲ့ရတာကြောင့် ကွန်တီရဲ့ ပွဲ(၃၀) ရှုံးပွဲမရှိစံချိန်ကျိုးပျက်ခဲ့ရခြင်း၊ မန်စီးတီးနည်းပြ ဂွါဒီယိုလာက သူ့ရဲ့နည်းပြသက်တမ်းတစ်လျှောက်မှာ မက်ဆီပြီးရင် ဒီဘရိုင်းက ဒုတိယအကောင်းဆုံး ကစားသမားလို့ ချီးကျူးခဲ့ခြင်းစတဲ့ သတင်းတွေကတော့ ဒီတစ်ပတ်အတွက် ထူးခြားတဲ့သတင်းတွေပါ။

**မေ လဲ့ သင်း**

**စု စည်း ရေး သား သည်**

## ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ယင်းမာပင် စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၆ ဦးတို့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီက ယင်းမာပင်မြို့ပေါ် (ဂ)ရပ်ကွက် ရွှေစေတီဘုရားဝင်းအတွင်းရှိ အများကြည်ညိုလေးစားဖွယ်ဖြစ်သော ဘုရားစေတီပုထိုးများရှိ ချုံပင်၊ နွယ်ပင်၊ မြက်ပင်များအား ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် တပျော်တပါး စုပေါင်းသန့်ရှင်းရေးလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ “အခုလို ဘုရားဝန်းအတွင်း ပထမဆုံးအကြိမ်အဖြစ် မိမိတို့ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တပျော်တပါးဆောင်ရွက်ပေးရလို့ ဝမ်းသာပီတိဖြစ်ပါတယ်” ဟု တာဝန်ရှိသူက ပြောကြားသည်။ **ကိုကို(ယင်းမာပင်)**

## ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲ ဟိုပန်၌ပြုလုပ်

**ဟိုပန် စက်တင်ဘာ ၁၉**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ မော်ပွေ့ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်းတွင် ကျေးရွာပြည်သူများအား မြေငှားဂရန်ပေးအပ်ခြင်းအခမ်းအနားကို ပြုလုပ်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်ဖြိုးဝေက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးက မြေငှားဂရန်ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊ ထပ်မံဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မော်ပွေ့ကျေးရွာရှိ မူလကျေးရွာမြေ ၁၇ ဧကတွင်နေထိုင်သည့် အိမ်ထောင်စု ၉၅ စုအတွက် မြေငှားဂရန်များကို ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးယင်းဟုန်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခွန်စိန်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ အတွင်း မော်တော်ယာဉ်ဝယ်ယူရခက်ခဲခြင်းနှင့် ကားဝယ်ယူရသည့် ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် မြဝတီနယ်စပ်မှ ကားတင်သွင်းမှု မရှိသလောက် လျော့ကျနေ

**မြဝတီ စက်တင်ဘာ ၁၉**

နယ်စပ်ဒေသမှ မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင်များ အောက်တိုဘာလအတွင်း ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ထိုင်းနိုင်ငံအတွင်း မော်တော်ယာဉ် ဝယ်ယူရခက်ခဲခြင်းနှင့် ဝယ်ယူရသည့် ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် မြဝတီနယ်စပ်မှ တင်သွင်းမှု မရှိသလောက် လျော့ကျနေကြောင်း နယ်စပ်တင်သွင်းခွင့်လိုင်စင်ဖြင့် ကားတင်သွင်းမှုလုပ်ငန်းလုပ်ကိုင်နေသော ကုန်သည်တစ်ဦးထံမှ သိရသည်။

“အောက်တိုဘာလကုန်လောက်ဆိုရင် တင်သွင်းခွင့်ရရှိထားတဲ့လိုင်စင် သက်တမ်းကုန်တော့မှာဖြစ်ပေမယ့် ကိုယ့်ရဲ့လိုင်စင်နဲ့ ကိုက်ညီတဲ့ကား ဝယ်ယူရခက်ခဲတာရယ်၊ ဈေးမြင့်တက်နေတာရယ်ကြောင့်ခုဆိုရင် တင်သွင်းတာမရှိသလောက် ဖြစ်နေပါတယ်။ ကားတွေကလည်း ထိုင်းကားအများစုက manural gear နဲ့ပဲလာတော့ ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးတွေနဲ့ အဆင်မပြေဘူး။ နယ်ကြိုက်တွေလေ။ ဒီနှစ်ကားတင်သွင်းရတာလည်း နယ်တွေမှာ ရေကြီးရေလျှံဖြစ်တာ၊ ရာသီဥတုဖောက်ပြန်တာတွေကြောင့် ယခင်နှစ်ကလောက် အရောင်းအဝယ် မလိုက်ခဲ့ပါဘူး” ဟု မြဝတီနယ်စပ်မှ နယ်စပ်တင်သွင်းခွင့်လိုင်စင်ဖြင့် ကားတင်သွင်းမှုလုပ်ငန်းလုပ်ကိုင်နေသော ကုန်သည်ကိုဇော်မော်ထွန်းက ပြောသည်။

“မြန်မာနိုင်ငံမှာက Toyota ဆိုတာကို အစွဲကြီးစွဲတယ်။ ဒါကြောင့် ကားတင်သွင်းသူတွေကလည်း import licence လျှောက်တဲ့အခါမှ Toyota အုပ်စုတို့ Ford တို့ကို ပိုလျှောက်ထားတယ်။ အခုအချိန်မှာ Toyota အုပ်စုတွေပဲ လိုင်စင်အကျန်များတယ်။ ထိုင်းမှာကတော့ Isuzu အကြိုက်များတယ်။ ဒါပေမယ့် မြန်မာဈေးကွက်မှာ အကြိုက်နည်းတော့ import licence ဝယ်တဲ့ဆီမှာ လျော့ဝယ်ထားတဲ့အတွက် အခုအချိန်မှာ Misubishi, Isuzu, Chevrolet တို့လိုကားမျိုးတွေရဲ့ import licence က မရှိသလောက်ကုန်နေပြီးဖြစ်ပါတယ်။ ကျွန်တော်အပေါ်မှာပြောခဲ့သလိုပဲ Toyota အတွက် ဝယ်ယူထားတဲ့ import licence ကလည်း အောက်တိုဘာလကုန်လောက်ဆိုရင် ကုန်တော့မှာဖြစ်ပါတယ်။ အဲဒီမှာ လိုင်စင်အသစ်ထပ်မချပေးတော့ဘူးဆိုရင် လက်ရှိကားများ Without ဖြစ်သွားမှာကို စိုးရိမ်တာပါ။ လက်ရှိအနေအထားမှာတော့ မြန်မာအခေါ် အံ့စာတုံးကား Toyota Hiace Commuter တွေက Toyota အုပ်စုဝင်တွေဖြစ်တဲ့အတွက် လိုင်စင်လည်းပေါတယ်။ ကားတင်သွင်းသူလည်းများနေပါတယ်” ဟု မြဝတီနယ်စပ်မှ နယ်စပ်တင်သွင်းခွင့်လိုင်စင်ဖြင့် ကားတင်သွင်းမှုလုပ်ငန်းလုပ်ကိုင်နေသော ကိုမျိုးဝင်းအောင်က ပြောသည်။

နယ်စပ်ကတင်သွင်းနေသည့်ကားများသည် အမျိုးအစားအလိုက် သိန်း ၁၂၀ ကနေ သိန်း ၃၀၀ ကြား အရောင်းအဝယ်လုပ်၍ရကြောင်း၊ ယခုနယ်စပ်က တရားဝင်ကားတင်သွင်းခွင့်လိုင်စင်သက်တမ်းကုန်ဆုံးသွားလို့ ကားတင်သွင်းခြင်းလုပ်ငန်းများ ရပ်ဆိုင်းသွားပြီဆိုရင် ရန်ကုန် Show Room နှင့် ပြည်တွင်းကားဈေးကွက်တွင် ယခုအချိန်အခါ ရောင်းဈေးထက် ကားတစ်စီးကို ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ ခန့်အထိ မြင့်တက်သွားနိုင်ကြောင်း ကားတင်သွင်းသူ ကိုဇော်မော်ထွန်းက သုံးသပ်ပြောကြားသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ရေမြုပ်လယ်ယာများပြန်လည်စိုက်ပျိုးရန် တောင်သူများသို့ မျိုးစပါးများ ထောက်ပံ့ပေးအပ်လှူဒါန်း

**ကျုံပျော် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးသွားသောလယ်မြေများတွင်း ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများလက်ဝယ်သို့ မျိုးစပါးများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို မြို့နယ် ဧရာမင်းခန်းမ၌ စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီခွဲက ပြုလုပ်ခဲ့သည်။

ယင်းနေ့လှူဒါန်းမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမျိုးနွယ်က မျိုးစပါးဖြန့်ဝေပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူရှင်များကိုယ်စား ဦးသိန်းမြင့်ဆောင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလှူဒါန်းသော သီးထပ်ယဉ်မျိုးစပါးတင်း ၁၃၅၀၊ ၁၉၈၁ ခုနှစ် BED ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ WSKD ပရဟိတလူငယ်များအဖွဲ့နှင့် ကနေဒါနိုင်ငံမှ အလှူရှင်တစ်ဦးတို့မှ လှူဒါန်းသော ဟန်ရွှေဝါထွန်း မျိုးစပါးတင်း ၃၆၀၊ မတ်ပဲ ၂၂ တင်းခွဲတို့အား ကျေးရွာအုပ်စု ၁၃ ခုမှ တောင်သူများထံသို့ တစ်ပါတည်းပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ယင်းမာပင်ခရိုင်၌ ပင်ပွားချိန် မျိုးကွဲနုတ်ပယ်မှု တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပ



**ယင်းမာပင် စက်တက်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာ တောင်သူ ဦးရွှေဝင်း၏ ကွင်းအမှတ် (၈၆၈) ကွင်း၌ စိုက်ပျိုးထားသော ဧရာမင်းမျိုးသန့်ထုတ် စံပြကွက်တွင် စပါးဖြစ်ထွန်းချိန် မျိုးကွဲနုတ်ပယ်မှုသရုပ်ပြပွဲကို စက်တင်ဘာ ၁၅ ရက်က တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာချို၏ဦးဆောင်မှုဖြင့် အဆိုပါတောင်သူပညာပေးသရုပ်ပြပွဲတွင် ယင်းမာပင်မြို့နယ်ရှိ တောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း တောင်သူများ၏ကြိုးစားမှုအပေါ် မူတည်နေကြောင်း၊ သီးနှံအရည်အသွေးကောင်းပြီး ထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် ယခု ဒီမျိုးသန့်ထုတ်စံပြကွက်တွင် တောင်သူများကိုခေါ်၍ မျိုးကွဲနုတ်ပယ်မှု လက်တွေ့သရုပ်ပြရခြင်းဖြစ်ကြောင်း၊ ယင်းမာပင်ခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော တောင်သူများအား မျိုးသန့်ထုတ်စံပြကွက်တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက မျိုးကွဲနုတ်ပယ်မှုကို လက်တွေ့သရုပ်ပြသခဲ့သည်။

ယခုနှစ်တွင် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာအတွင်း မျိုးစေ့ထုတ် ဧရာမင်းစပါးဧက ၄၀ စိုက်ပျိုးထားပြီး ယင်းမျိုးစေ့ထုတ်စိုက်ကွင်းများမှ ခရိုင်အတွင်း ပြန်လည်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ယင်းသရုပ်ပြပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မေသရဖူဖူး**

## မိုးစပါးစိုက်ပျိုးရာသီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့ဥပဒေအကြောင်း စပါးမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းပေး

**စဉ့်ကိုင် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ဓာတ်မြေဩဇာနှင့် မျိုးစေ့ဥပဒေအကြောင်း၊ စပါးမျိုးသန့်ထုတ်လုပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးခြင်းနည်းပညာပေးသင်တန်းကို စဉ့်ကိုင်မြို့နယ် သစ်ခေါက်စိုက်ပျိုးပညာပေးစခန်းတွင် စက်တင်ဘာ ၁၇ ရက်ကပြုလုပ်ခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် သစ်ခေါက်စိုက်ပျိုးပညာပေးစခန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်အမတ် ဦးအောင်နိုင်လင်းက အဖွင့်မှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးနှင့်ဝန်ထမ်းများက တက်ရောက်လာသည့် သင်တန်းသားများကို အရည်အသွေးကောင်းမွန်သော စပါးမျိုးများ၊ လိုအပ်သောမျိုးကောင်းမျိုးသန့်များရရှိလာအောင် စပါးခင်းတွင်ကျရောက်တတ်သော အရေးကြီးပိုးရောဂါနှင့် ကာကွယ်နှိမ်နင်းရန်နည်းလမ်းများကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်မြေ၊ မျိုး၊ ပိုးတာဝန်ရှိသူများက ဘာသာရပ်အလိုက် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးအောင်(စဉ့်ကိုင်)**

## မေ့လျော့နေတတ်သည့် ပတ်ဝန်းကျင်ရှိအရာများပုံဖော်၍ ခေတ်ပြိုင်ပန်းချီဆရာ ရှစ်ဦး ပန်းချီပြပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာခေတ်ပြိုင် ပန်းချီဆရာရှစ်ဦး၏ လက်ရာများပါဝင်သည့် အနုစိတ်ပန်းချီပြပွဲကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ရှိ Yangon Gallery ၌ စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်ထိ ငါးရက်တိုင်တိုင် ပြုလုပ်မည်သည်။

ယင်းပြပွဲတွင် အလေးထားခံစားရန် မေ့လျော့နေတတ်သည့် ပတ်ဝန်းကျင်ရှိအရာများ၏ လှပသေသပ်မှုများကို ခေတ်ပြိုင်ပန်းချီဆရာရှစ်ဦးက ဆေး၊ စုတ်တံ၊ ခံစားမှုတို့နှင့် ပေါင်းစပ်ဖြစ်ပေါ်လာသည့် အနုပညာဖြင့် အရာဝတ္ထုများနှင့် သဘာဝရှုခင်းများ၏ အနှစ်သာရကို ထုတ်ဖော်အသက်သွင်းထားသည်။

“ဒီမှာပြတဲ့ပန်းချီတွေအကုန်လုံးက အသေးစိတ်ရေးတဲ့ပန်းချီဆရာတွေကိုပဲ ရွေးချယ်ပြီး ကိုယ်အားသန်ရာ လူပုံ၊ ရှုခင်းပုံ၊ ပြောင်လက်နေတဲ့အသီးပုံတွေ၊ အစားအသောက်ပုံတွေ စသဖြင့် တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့လက်ရာတွေနဲ့ အနုစိတ်ရေးထားတာပါ။ ဒီထဲမှာကျွန်တော့်ပန်းချီကားက သုံးကားပါပါတယ်”ဟု ပန်းချီဆရာ အောင်သီဟကရှင်းပြသည်။

ပြပွဲတွင် ပန်းချီဆရာရှစ်ဦး၏ အနုစိတ်လက်ရာပန်းချီကားချပ် ၂၃ ချပ်ဖြင့် ခင်းကျင်းပြသထားသည်။

**မိုမို**

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၉

**စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြားခဲ့ကြသည်။**

**ကိုယ်စားလှယ်များဖတ်ကြားသွားသည့်စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-**

**ယမန်နေ့မှအဆက်**

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ် နန်းခမ်းအေး ဖတ်ကြားသည့်စာတမ်း

ယနေ့ ကမ္ဘာကြီးသည် သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများသည်လည်း ရှေ့တန်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် (Democratization) အောက်တွင် မြန်မာနိုင်ငံသည်လည်း လိုက်ပါပြောင်းလဲနေပြီဖြစ်ပါသည်။ လက်ရှိအနေအထားမှ နောက်သို့ပြန်လှည့်ကြည့်မိသောအခါ မြန်မာ့ဒီမိုကရေစီခရီးလမ်း၏ ခက်ခဲစွာကျော်ဖြတ်ခဲ့ရသည့် အစိတ်အပိုင်းများကို လှမ်းမြင်တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရစဉ်ကတည်းက ပြည်တွင်းစစ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ လွတ်လပ်ရေး ရပြီးသော်လည်း ရာစုနှစ် တစ်ဝက်ကျော်ခန့် ဒီမိုကရေစီဆိတ်သုဉ်းနေခဲ့ပြီး လူ့အခွင့်အရေးပျောက်ဆုံးခဲ့ရသည်။ ပြည်သူလူထုအားဖြင့် အာဏာရှင်စနစ်ကို အချိန်ကြာမြင့်စွာ ဆန့်ကျင်တွန်းလှန်ခဲ့ရပြီး ဒီမိုကရေစီရေးအတွက် ခက်ခဲပင်ပန်းစွာ တိုက်ပွဲဝင်တောင်းဆိုခဲ့ရသည်။ ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံတွင် ပြည်သူလူထုအားလုံးက အရပ်သားအစိုးရတစ်ရပ်ကို အောင်မြင်စွာ မဲပေးရွေးချယ်တင်မြှောက်နိုင်ခဲ့ပြီး အစိုးရကလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်အခါဖြစ်ပါသည်။

ဒီမိုကရေစီဆိုသည်မှာ လူထုက အုပ်ချုပ်သည့်စနစ်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုကသာလျှင် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ရှင်များဖြစ်ပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ ထို့အတူ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော တိုင်းပြည်တစ်ခု၏နိုင်ငံသားများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်သူပြည်သားများပင်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ပြည်မနှင့် တောင်တန်းဒေသတို့ အတူတကွ ပူးပေါင်းကာ တည်ဆောက်ခဲ့ကြသည်။ မိမိတို့ကိုယ်စီပိုင်ဆိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာများကို စွန့်လွှတ်၍ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အပြည့်အဝအာမခံသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ရန် ရည်ရွယ်ခဲ့ကြသည်။ အဆိုပါရည်ရွယ်ချက်သည်စစ်တပ်မှ နိုင်ငံရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်လာသည့်နောက်ပိုင်း ပျက်စီးခဲ့ရပြီး ဒီမိုကရေစီရှင်သန်ရန် အခွင့်အလမ်းများသည်လည်း မှေးမှိန်ခဲ့ရသည်။

တန်းတူရေးသည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်သည်။ သို့သော် တိုင်းရင်းသားများလိုလားသည့် တန်းတူရေးကို အသိအမှတ်မပြုသည့်အတွက် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးမရရှိခဲ့ပါ။ ငြိမ်းချမ်းရေးမရှိသည့်အတွက် ဒီမိုကရေစီနိုင်ငံထူထောင်ရေးကို အဟန့်အတားဖြစ်စေခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားကြမည်ဆိုလျှင် တိုင်းရင်းသားအရေးနှင့် ဒီမိုကရေစီအရေးကို တစ်ပြိုင်တည်း တစ်ချိန်တည်း ဖြေရှင်းသွားကြရမည်ဖြစ်သည်။

အတိတ်ကို ပြန်ကြည့်သည့်အခါ ဒီမိုကရေစီနောက်တန်းသို့ ရောက်နေချိန်ဝါဒရေးရာများ အားကောင်းစဉ်ကာလက တိုင်းရင်းသားအရေးသည် လူတန်းစားအရေး၏အောက်တွင် ကွယ်ပျောက်ခဲ့ရပြီး ဒီမိုကရေစီ ရှေ့တန်းရောက်လာသည့်အချိန်တွင် တိုင်းရင်းသားအရေးသည် လူ့အခွင့်အရေးအောက်တွင် ဖုံးကွယ်ခံခဲ့ရသည်။ ဒီမို


ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် နန်းခမ်းအေး

ကရေစီအရေးနှင့် တိုင်းရင်းသားအရေး နှစ်ခုသည် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းပမာဖြစ်ပြီး မည်သည်က ပိုသည်ဟူ၍ မရှိပါ။ တိုင်းရင်းသားအရေးကို မဖြေရှင်းနိုင်သရွေ့ ဒီမိုကရေစီအရေးသည်လည်း ရှေ့ဆက်သွားရန် အခက်အခဲရှိနေဦးမည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခကို လက်တွေ့ကျကျ ဖြေရှင်းနိုင်ရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်ထောင်စုပြဿနာများကို ဒီမိုကရေစီလမ်းစဉ်အပေါ်အခြေပြုကာ တွေ့ဆုံဆွေးနွေးရေး ယဉ်ကျေးမှုများ၊ အမျိုးသားရင်ကြားစေ့ရေး ခြေလှမ်းများ၊ ပွင့်လင်းမြင်သာမှုရှိသော ချဉ်းကပ်မှုများဖြင့် အကောင်အထည်ဖော်ဆောင်လာသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့နေရပါသည်။ ပြဿနာ၏ အကြောင်းရင်းကို သိလျှင် ဖြေရှင်းရန် နည်းလမ်းသည် ရှိစမြဲဖြစ်သည်။ ပြဿနာအပေါ် စိုးရိမ်နေစရာအကြောင်းမရှိသင့်ကြောင်းနှင့် ပြဿနာကို လက်တွေ့ကျကျ ဖြေရှင်းကြမှသာ ပြဿနာသည် ပြေလည်နိုင်မည်ဖြစ်ကြောင်း၊ ပြဿနာကို မဖြေရှင်းဘဲ ပြဿနာမရှိချင်ယောင်ဆောင်နေခြင်းသည်သာ စိုးရိမ်စရာဖြစ်ကြောင်း သူမ၏ သဘောထားကို ရိုးရှင်းစွာထုတ်ဖော်ခဲ့သည်။

အဆိုပါသဘောထားသည် ကျွန်ုပ်တို့နိုင်ငံကို ဒီမိုကရေစီတိုင်းပြည်အဖြစ် ထူထောင်ကြရာတွင် လမ်းပြမြေပုံတစ်ရပ်လည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးသည် စိန်ခေါ်မှုများဖြင့် ပြည့်နှက်လျက်ရှိပါသည်။ အဆိုပါ စိန်ခေါ်မှုအဟန့်အတားများကို တိုင်းရင်းသားပြည်သူလူထုအပေါင်း၏ ဒီမိုကရေစီကိုလိုလားသည့် ပြင်းပြသည့်ဆန္ဒဖြင့်သာ ကျော်လွှားနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ရှင်သန်အမြစ်တွယ်ရေး၊ ဒီမိုကရေစီအသွင်ပြန်ကူးပြောင်းမှုဖြစ်စဉ် ချောမွေ့စေရေးအတွက် တိုင်းရင်းသားအားလုံးက ဒီမိုကရေစီကင်းမဲ့သည့် ကာလ၏ ခါးသီးသောဒဏ်ကို ပြန်လည်အောက်မေ့ရင်း မဆုတ်မနစ်သည့် ဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းနေရမည်ဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ လွတ်လပ်ပြီးတရားမျှတသော ပြည်သူလူထုအာဏာဖြင့် အုပ်ချုပ်သည့်စနစ်ဖြစ်သည်။ လူ့အခွင့်အရေးအပေါ် သဟဇာတဖြစ်စေသော ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေသည်။ ဒီမိုကရေစီစနစ် မထွန်းကားသရွေ့ ကာလပတ်လုံး ငြိမ်းချမ်းရေးမရှိနိုင်ပါ။ ငြိမ်းချမ်းရေးမရှိလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ရှိမလာနိုင်ပေ။ နိုင်ငံသားအားလုံးကို သာတူညီမျှ တန်းတူအကျိုးပြုနိုင်စေမည့် ဒီမိုကရေစီနိုင်ငံရေးစနစ်အား မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရန် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံသားအားလုံးက လိုလားမျှော်မှန်းလျက် ရှိကြသည်။ ဤနေရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်အပေါ် နိုင်ငံတကာမိသားစုကလည်း အားပေးကူညီနေကြမည်ဆိုသည်ကို ယုံမှားသံသယရှိစရာမလိုသလို ငြိမ်းချမ်းသာယာဝပြောတိုးတက်သော ဒီမိုကရေစီတိုင်းပြည်အဖြစ် တည်ဆောက်နေသည့်နေရာတွင် အားလုံးပါဝင်ရေးသည်လည်း အရေးကြီးသည့်အချက်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ဒီမိုကရေစီစနစ် ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံသူနိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ ဒီမိုကရေစီမျိုးစေ့ရှင်သန်လာစေရန်၊ ဒီမိုကရေစီရေခံမြေခံများ ကောင်းမွန်လာစေရန်၊ ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်ခံ့စေရန်၊ ဒီမိုကရေစီအဆောက်အအုံများ ကြီးထွားလာစေရန်နှင့် ဒီမိုကရေစီအဝန်းအဝိုင်းကျယ်ပြန့်လာစေရန် တပ်မတော်အပါအဝင် လွှတ်တော်၊ အစိုးရ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများသည်လည်း ကျရာအခန်းကဏ္ဍအလိုက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် ဝိုင်းဝန်းညီညာစွာ လက်တွဲကာ စုပေါင်းစွမ်းအားဖြင့် ဆောင်ရွက်ရင်း"အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" ဆောင်ပုဒ်အတိုင်း အောင်မြင်စွာ ချီတက်သွားနိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## ရခိုင်အမျိုးသားပါတီကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖတ်ကြားသည့်စာတမ်း

ဒီမိုကရေစီအပေါ် သန္နိဋ္ဌာန်ချ ယုံကြည်လျက် ရခိုင်အမျိုးသားပါတီမှ ဤစာတမ်းကို တင်သွင်းအပ်ပါသည်။

ဘာလင်တံတိုင်းပြိုပြီး စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက်ပိုင်းတွင် ဒီမိုကရေစီအတွေးအခေါ် ရေစီးကြောင်းသည် ကမ္ဘာ့နိုင်ငံရေးကို လွှမ်းမိုးလာနိုင်ခဲ့သည်။ ၎င်းနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်သည် ကမ္ဘာ၏ မောင်းနှင်အားဖြစ်လာခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်ပင်လျှင် ဈေးကွက်စီးပွားရေးကို အခြေခံသော ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးနေပြီဖြစ်သည်။ ယနေ့ကာလတွင် ကမ္ဘာပေါ်၌ ဒီမိုကရေစီကို ဆန့်ကျင်သော အာဏာရှင်စနစ် ကျင့်သုံးသည့်နိုင်ငံများကို လက်ချိုးရေတွက်၍ ရနိုင်ပေသည်။ နိုင်ငံရေးသိပ္ပံပညာရှင်များကလည်း ဒီမိုကရေစီ၏ အားနည်းချက်များကိုထောက်ကာ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရများ ဤမြေကမ္ဘာတွင် ပေါ်ထွန်းလာစေဖို့၊ ရေရှည်တည်တံ့ခိုင်မာစေဖို့ သုတေသနပြုလျက်ရှိကြပေသည်။ တစ်ချိန်တည်းတွင် ယဉ်ကျေးမှုများပွတ်တိုက်ခြင်းနှင့် အိမ်ဖြူတော်၏ ပေါ်လစီအမှားများမှ ပေါ်ထွက်လာသော အစွန်းရောက် မူဆလင်များ၏ ခြိမ်းခြောက်မှုသည် ဒီမိုကရေစီအား ခြိမ်းခြောက်လျက်ရှိပေသည်။ ကမ္ဘာ့နေရာအနှံ့၊ နိုင်ငံအနှံ့တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ အသေခံ


ရခိုင်အမျိုးသားပါတီကိုယ်စားလှယ် ဒေါ်ခင်စောဝေ

ဗုံးခွဲမှုများ၏ နောက်ကွယ်မှ သဘောတရားသည် ဒီမိုကရေစီ၏ဆန့်ကျင်ဘက်မဟာရန်သူတော်ကြီးပင် ဖြစ်ပေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ဆယ်စုနှစ်များစွာ ဝေးကွာနေခဲ့ရာမှ ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံတွင် ဒီမိုကရေစီစံနှုန်းဆိုင်ရာ အားနည်းချက်များစွာရှိသော်လည်း ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ကနဦးခြေလှမ်းကို စတင်ကာ ဒီမိုကရေစီ အုတ်မြစ်ကို ချမှတ်နိုင်ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲကို ဒုတိယအကြိမ်မြောက် ဖြတ်သန်းကာ လူထုကတင်မြှောက်သော အစိုးရသည် မြန်မာ့မြေပေါ်တွင် ပေါ်ထွန်းလာနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့သော သမိုင်းကာလ၌ ဆိုးမွေများစွာ ရှိနေပြီး စိန်ခေါ်မှုများနှင့် ကျော်လွှားရမည့် အခက်အခဲများစွာရှိနေပါသည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ နေထိုင်သည့် နိုင်ငံဖြစ်သည့်အတွက် အချင်းချင်း ချစ်ကြည်စည်းလုံးသည့် ပြည်ထောင်စုကြီးဖြစ်လာစေရန် ဒီမိုကရေစီအရိပ်အာဝါသအောက်တွင် တန်းတူရေးနှင့် တရားမျှတမှုဖော်ဆောင်ရန် အလွန်အရေးကြီးပေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက် အာမခံပေးသော နိုင်ငံတော်ဖြစ်ရန် လိုအပ်ပါသည်။

မိမိတို့ အမျိုးသားရပိုင်ခွင့်များ ဆုံးရှုံးရသောကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ကာ ပြဿနာကို ဖြေရှင်းရန် ကြိုးစားခဲ့ကြသဖြင့် ပြည်တွင်းစစ်နွံထဲတွင် ကျရောက်ကာ ညီနောင်ရင်းချာများအချင်းချင်း သွေးချောင်းစီးခဲ့ရသည့် သမိုင်းဖြစ်စဉ်များကိုလည်း ကျော်လွှားရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့အရေးတွင် ဒီမိုကရေစီနှင့် တိုင်းရင်းသားပြဿနာသည် ခေါင်းနှင့်ပန်းပမာဖြစ်နေပေသည်။ ပြဿနာများကိုလည်း လက်နက်စွဲကိုင်မဖြေရှင်းဘဲ ဒီမိုကရေစီယဉ်ကျေးမှုအရ နိုင်ငံရေးဆွေးနွေးပွဲများဖြင့် အဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးကာ NCA စာချုပ်ပေါ်ထွက်လာပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နိဒါန်းပျိုးနိုင်ခဲ့ပါသည်။ ယခု ပြည်သူ့အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ ပိုမိုပါဝင်လာသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဆက်လက်ကျင်းပနိုင်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းရေးကို အခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားခဲ့ကြပါပြီ။ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှသာလျှင် မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းသည် ညင်သာချောမွေ့မည်ဖြစ်ပေသည်။ ဒီမိုကရေစီနှင့် စစ်မှန်သော ဖက်ဒရယ်စနစ်ကို အာမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးမှာလည်း အလွန်အရေးကြီးပေသည်။

လက်ရှိဒီမိုကရေစီ အကူးအပြောင်းကာလသည် မြန်မာနိုင်ငံအတွက် အတွေ့အကြုံနုနယ်သေးသည့်အတွက် ကဏ္ဍပေါင်းများစွာတွင် အားနည်းချက်များရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားလာရေး၊ ပြည်သူလူထုအတွင်း ဒီမိုကရေစီအသိတရားများ ထွန်းကားလာရေးနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ဒီမိုကရေစီပညာရေးအမွေရရှိရေးသည် စိတ်ပိုင်းဆိုင်ရာ အရေးတကြီးလိုအပ်ချက်ဖြစ်ပေသည်။ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ပြီး အဆင့်ဆင့်လွှတ်တော်များ ခိုင်မာအားကောင်းရေးသည် ဒီမိုကရေစီရှင်သန်ရေးအတွက် ပဓာနကျပေသည်။ လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် လူမျိုးစုငယ်များ ပါဝင်မှုကို အသိအမှတ်ပြုသော ရွေးကောက်ပွဲစနစ်များလည်း စဉ်းစားသုံးသပ်ရန် လိုအပ်နေပေသည်။ အိုင်တီနည်းပညာလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း နိုင်ငံ၏ ဒီမိုကရေစီ တိုးမြှင့်ရေးအတွက် အသုံးချနိုင်ရပေမည်။

လာမည့် ၂၀၂၀ ရွေးကောက်ပွဲသည် မြန်မာ့ဒီမိုကရေစီကို အစမ်းသပ်ခံမည့် ဒီမိုကရေစီပွဲတော်ဖြစ်ပေသည်။ မြန်မာ့မြေ၌ ဒီမိုကရေစီအောင်ပွဲခံမည်လားဆိုသည်မှာ တိုင်းရင်းသားပြဿနာကို အောင်မြင်စွာ ဖြေရှင်းညှိနှိုင်းမှုနှင့် ဆက်စပ်နေပါသည်။ မည်သို့ဆိုစေ တိုင်းရင်းသားပေါင်းစုံ၊ မြန်မာပြည်သူများသည် ဒီမိုကရေစီလမ်းမကြီးပေါ်သို့ ရဲရင့်ယုံကြည်စွာ လျှောက်လှမ်းခဲ့ကြပါပြီ။ နောက်ပြန်လှည့်စရာအကြောင်းလည်း မရှိပါတော့ချေ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖတ်ကြားသည့်စာတမ်း

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်အပေါင်းနဲ့ နိုင်ငံသူ နိုင်ငံသားများအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေ။ ယနေ့ ကျွန်မတို့နိုင်ငံတွင် ကျင့်သုံးနေသော ပါတီစုံဒီမိုကရေစီ ကျင့်စဉ်များနဲ့အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွတ်လပ်၍ တရားမျှတရေးဟူသော လုပ်ငန်းစဉ်ကြီးများမှာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယနေ့ ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင် နိုင်ငံများအနက် ၆၇ ဒသမ ၇၃ ရာခိုင်နှုန်းသော နိုင်ငံများ၏ ဒီမိုကရေစီကျင့်စဉ်များ ကျင့်သုံးနေမှုကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ နိုင်ငံအစိုးရများက ဒီမိုကရေစီ ကျင့်စဉ်များကို မြှင့်တင်ပေးရန်နှင့် နိုင်ငံသူ နိုင်ငံသားများအကြား ဒီမိုကရေစီ စိတ်ဓာတ် အစဉ်နိုးကြားနေစေရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်များကို ယခုအချိန်တွင် ဖော်ဆောင်နေသကဲ့သို့ အနာဂတ်ကာလများတွင်လည်း ထာဝစဉ် ဖော်ဆောင်ရန်လိုအပ်နေကြောင်း နှိုးဆော်သတိပေးသည့် ရည်ရွယ်ချက်များဖြင့် ပါလီမန်အမတ်များသမဂ္ဂ (Interparliamentary Union- IPU)က နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ် အခမ်းအနားများပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခဲ့သည်ကို ၂၀၀၇ ခုနှစ်တွင် အတည်ပြုခဲ့ရာမှ စတင်၍ နှစ်စဉ် ဒီနေ့ရောက်တိုင်း နိုင်ငံတိုင်းမှာ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရခြင်းဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ ဆောင်ပုဒ်များကို နှစ်စဉ်ချမှတ်ပြီး ဒီမိုကရေစီရေးရာ လုပ်ငန်းစဉ်ကြီးများကို မမေ့လျော့ရလေအောင် အသိပေးနှိုးဆော်လေ့ရှိရာ ယခုနှစ်အတွက် ဆောင်ပုဒ်ကတော့ "Democracy 2030" **"အားလုံး ပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"** ပဲ ဖြစ်ပါတယ်။

ဒီဆောင်ပုဒ်ကတော့ အနာဂတ်မှာ ရှိသင့် ရှိနိုင်ရမည့် ဒီမိုကရေစီအသွင်လက္ခဏာများကို မျှော်မှန်းပြီး နှိုးဆော်ထားခြင်းဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၃၀ မှာ မဲဆန္ဒရှင်ပြည်သူတိုင်း Online က မဲပေးခွင့်ရရှိရပါမယ်။ဥပဒေနှင့်အညီ ငြိမ်းအေးစွာ စုဝေးခွင့်ရှိရပါမယ်။ နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ လူငယ်တွေ ပါဝင်ခွင့် ရရှိရပါမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ပြည်သူတို့၏ မျှော်လင့်ချက်များ ဖြည့်ဆည်းရန် အားလုံးပူးပေါင်းပါဝင်မှုများအတွက် လွှတ်တော်များ၊ အစိုးရများကဘာတွေလုပ်ပေးမှာလဲ၊ ဘာတွေ ပြင်ဆင်ထားသလဲ၊ ဘာတွေ လိုအပ်သလဲဆိုတာ ပြန်လည်ဆန်းစစ်ရင်း ဆက်လက်လုပ်ဆောင်သွားရန်အတွက် ဖြစ်ပါတယ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး

ကျွန်မတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ သန္နိဋ္ဌာန်အနေဖြင့် "နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးနှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်"ဟု ချမှတ်ထားသဖြင့် ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဆောင်ပုဒ်ကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည့် ပါတီဖြစ်ပါတယ်။ ကျွန်မတို့ပါတီက **"မြန်မာ့ ဒီမိုကရေစီ ပြောင်းလဲမှုအစပြည်နိုင်ဖြိုးက"**လို့ ဆိုရလောက်အောင် ပြည်သူများ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စတင်ပြောင်းလဲရေးကို ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အကြိုပြင်ဆင်မှု အဆင့်၊ ဒီမိုကရေစီနိုင်ငံ ထူထောင်တည်ဆောက်ရန် အသွင်ကူးပြောင်းရေးအဆင့်တို့ကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

သန္နိဋ္ဌာန်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ ကျွန်မတို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်မှာ **"လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းဖွဲ့စည်းခွင့်၊ ရွေးချယ်တင်မြှောက်ပိုင်ခွင့် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ"** စသည့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေးကို ကူညီဆောင်ရွက်သွားမည်ဟု ပါရှိပါသဖြင့် ကျွန်မတို့နိုင်ငံ၏ ဒီမိုကရေစီရှင်သန်ရင့်ကျက်ခိုင်မာသည့်အဆင့် တက်လှမ်းနိုင်အောင် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ထို့အတူ ထာဝရငြိမ်းချမ်းရေးရရှိပြီး တိုင်းရင်းသားများ တန်းတူညီတူမှုရရှိရေးအတွက် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးနဲ့ ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ထပ်မံလိုအပ်မယ့် ဥပဒေအချက်အလက်များကို ဖြည့်စွက်ပြင်ဆင်ရန် မူအားဖြင့်သဘောတူထားပြီးဖြစ်ပါတယ်။

အလားတူ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများအား အာဏာသုံးရပ် ခွဲဝေအပ်နှင်းရေးမှာ လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ရန် တိုင်းရင်းသား အားလုံးရဲ့ တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးများ ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ သယံဇာတများကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ရေရှည်ထုတ်ယူသုံးစွဲပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကျိုးစီးပွားမျှတစွာခွဲဝေသုံးစွဲရန်၊ ဘဏ္ဍာငွေနှင့် အခွန်အကောက်ခွဲဝေသုံးစွဲမှုကို ပြည်သူ့အတွက် အကျိုးရှိထိရောက်အောင် သုံးစွဲရန်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်အပြင် ဖွံ့ဖြိုးမှုနောက်ကျသော ပြည်နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ အားပေးမြှင့်တင်ရေး အစရှိတဲ့ လုပ်ငန်းစဉ်များကို နိုင်ငံရေးပါတီများအားလုံး၊ တိုင်းရင်းသားပြည်သူများ အားလုံးနဲ့ အတူတကွလက်တွဲပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"** ကိုအောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ❑

# အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖတ်ကြားသည့်စာတမ်း

ကြွရောက်လာကြသော နိုင်ငံတော်အကြီးအကဲများနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ ဒေါ်ဇင်မာအောင် ရန်ကင်းမဲဆန္ဒနယ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် နိုင်ငံတကာပါလီမန်များအဖွဲ့ (Interparliamentary Union -IPU)က သတ်မှတ်တဲ့ဆောင်ပုဒ်က "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ၂၀၃၀သို့"Democracy 2030 ဖြစ်ပါတယ်။

ယခုနှစ် မတ်လက ဇမ်ဘီယာနိုင်ငံ (လူစကာ)မှာ ကျင်းပတဲ့ နိုင်ငံတကာ ပါလီမန်များအဖွဲ့ရဲ့ (၁၃၄) ကြိမ်မြောက် ညီလာခံမှာတော့ ဒီမိုကရေစီကို အားသစ်လောင်းဖို့နဲ့ လူငယ်မျိုးဆက်တွေရဲ့အသံကို အားပေးဖို့ အပြင်းအထန် ဆွေးနွေးခဲ့ကြတာကို လေ့လာသိရှိရပါတယ်။

ဒါ့အပြင် Democracy 2030 "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"ဆိုတဲ့ ဆောင်ပုဒ်နဲ့ချိတ်ဆက် အကောင်အထည်ဖော်ရာမှာ ရေရှည်ခံမယ့်ဖွံ့ဖြိုးတိုးတက်မှုအခြေပြု အစီစဉ်တွေ၊ အနာဂတ်လူငယ်အခန်းကဏ္ဍနဲ့ ဒီမိုကရေစီ အားသစ်လောင်းနိုင်ရေးအတွက် ပါလီမန်တွေဟာ ဘယ်လိုအခန်းကဏ္ဍကနေ၊ ဘယ်လောက်ပါဝင် စွမ်းဆောင်နိုင်မလဲဆိုတာကိုလည်း ဦးတည်ဆွေးနွေးကြဖို့ ဆန္ဒပြုခဲ့ကြပါတယ်။

ဒီနေရာမှာ (Democracy&Sustainable Development) ဒီမိုကရေစီနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် အမြဲတမ်းဆက်စပ်နေတာက ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံဟာဆိုရင် မတူ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်

ကွဲပြားတဲ့ လူမျိုးဘာသာ၊ တိုင်းရင်းသားပေါင်းစုံနဲ့ စုစည်းထားတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးလို့ ပြောလိုက်တာနဲ့ ဖက်ဒရယ်ပြည်ထောင်စုအရေးဟာလည်း တစ်ဆက်တစ်စပ်တည်း စဉ်းစားဆွေးနွေးရမယ့် အရေးဖြစ်လာပါတယ်။

ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဆုံးစွန်သော နိုင်ငံရေးရည်မှန်းချက်ဟာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့အညီ ကျွန်မတို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့က စတင်ကျင်းပခဲ့တယ်ဆိုတာ အားလုံးအသိပင်ဖြစ်ပါတယ်။

ဒီ(၂၁)ရာစုပင်လုံညီလာခံရဲ့ အဓိက ရည်မှန်းချက်ကတော့ ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးမဏ္ဍိုင်တွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒီမိုကရေစီစနစ်နဲ့ စစ်မှန်တဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ပြိုင်နက်ဖော်ဆောင်ဖို့ တာဝန်တွေရှိနေပါတယ်။ ကျွန်မတို့တစ်တွေဟာ ကောင်းမွန်တဲ့ အနာဂတ်ကို မျှော်မှန်းထားနိုင်ဖို့ဆိုရင် လူငယ်တွေရဲ့ အခန်းကဏ္ဍကို မေ့ထားလို့မရပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၈၉ ခုနှစ်နှောင်းပိုင်းမှာ စတင်တည်ထောင်စဉ်ကတည်းက လူငယ်အဖွဲ့စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကာလများ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှာ အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲအောင်မြင်မှုတွေကို ပြန်ကြည့်ရင် NLD လူငယ်တွေရဲ့ အင်တိုက် အားတိုက် လှုပ်ရှားဆောင်ရွက်မှုတွေဟာ ကြီးမားတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာ ငြင်းလို့မရနိုင်ပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲမှာ ထိုလူငယ်ထုမှအင်အားတချို့ဟာ ရွေးချယ်တင်မြှောက်ခံရပြီး တချို့မှာ အုပ်ချုပ်ရေးကဏ္ဍ၊ တချို့မှာ ဥပဒေပြုရေးကဏ္ဍများမှာ အသီးသီး တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။

IPU က ရည်ညွှန်းထားတဲ့ ၂၀၃၀ ခုနှစ်များမှာ ဒီလူငယ်ခေါင်းဆောင်အချို့ဟာ ဒီမိုကရေစီစနစ်ကို အားသစ်လောင်း လက်ဆင့်ကမ်းသယ်ဆောင်သွားမယ့် မျိုးဆက်သစ်များဖြစ်ကြောင်းကိုလည်း မီးမောင်းထိုးပြလိုပါတယ်။

အမှန်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းခဲ့တဲ့ ၁၉၈၈ ခုနှစ် စက်တင်ဘာလကတည်းကစလို့ လူငယ်အင်အားစုမြောက်မြားစွာ ပါရှိခဲ့ပါတယ်။ ခေတ်၊ စနစ် အခြေအနေဖြတ်သန်းမှုအရ အင်အားပြုန်းတီးမှုရှိခဲ့သော်လည်း ကျန်ရှိနေတဲ့လူငယ်အင်အားစုများသည် ယခုအချိန်တွင် သက်လတ်ပိုင်းသို့ ရောက်ရှိနေကြပြီဖြစ်ပါသည်။ ယနေ့မြန်မာ့လူဦးရေအချိုးအစားအရ ကြီးမား၊ များပြားသည့် လူငယ်အင်အားထုမှ လူငယ်များသည် ၂၀၃၀ ခုနှစ်တွင်လည်း နိုင်ငံ့တာဝန်အသီးသီးကို ထမ်းဆောင်ကြရမည့်၊ ထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များဖြစ်လာပါလိမ့်မည်။

ထို့အတူ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်လည်း ဒီမိုကရေစီစနစ်ရှင်သန်ပြန့်ပွားရေးတာဝန်ကို စဉ်ဆက်မပြတ် မျိုးဆက်ချင်းဆက်ကာ လှုပ်ရှားဆောင်ရွက်နေသည့် အလျောက် ၂၀၃၀ ခုနှစ် အလွန်ကာလများဆီအထိ ဒီမိုကရေစီစနစ်ရှင်သန်အားကောင်းနေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်း၊ ဦးစီးအရာရှိများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်တို့က ပျော်ဘွယ်မြို့ မင်းရာမဘုရားပရိဝုဏ် အတွင်း၊ အပြင် မြက်ပင်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်ပုံများကို အမှိုက်ကားဖြင့် သိမ်းဆည်းခြင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်စဉ်။ **(ကြေးမုံ)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာဟောပြော

**ဘားအံ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ ကာကွယ်ဆေး အချိန်မီထိုးနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးဟောပြောပြီး ဘားအံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မိုးအေးက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ကလေးအနှီးအစရှိသည့် အာဟာရဖြည့်အစားအစာများ၊ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြပြီး မိခင်နှင့်ကလေးအသင်းဝင်များအား အသင်းဝတ်စုံများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများသည် အမှတ်(၃)ရပ်ကွက် မူလတန်းကြိုကျောင်းမှ ရင်သွေးငယ် ၄၂ ဦးအား အာဟာရဖြစ် ပဲနို့နှင့်ပေါင်မုန့်တို့ကို တိုက်ကျွေးခဲ့ကြပြီး အသက်(၉၅)နှစ်ရှိ အဘိုးဦးစိန်ဖေအား ငွေကျပ်နှစ်သောင်း၊ အိုဗာတင်း၊ ကြက်ဥ၊ ပဲနို့အစရှိသည့် အာဟာရဖြည့် အစားအစာများဖြင့် သွားရောက်ကန်တော့ခဲ့သည်။

အလားတူ အမှတ်(၉၃၅)ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်ရင်းမှ နှစ်မြွာပူးမိခင်အား သွားရောက်ကြည့်ရှုအားပေးပြီး ငွေကျပ်နှစ်သောင်း၊ ကလေးအနှီးပိတ်စ ငါးထည်၊ အိုဗာတင်း၊ကြက်ဥအစရှိသည့် အားဖြည့်အစားအစာများ ထောက်ပံ့ပေးခဲ့ပြီး ခွဲကဘောင်(ပညာ့ဥယျာဉ်)ကျောင်းမှ ကျောင်းပြင်ပ ပညာရေး ကိုရင် ၁၉ ပါးအား ဗလာစာအုပ် ၁၉ ဒါဇင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကတ်မီယမ်အဆိပ်သင့်ခြင်း သို့မဟုတ် အီတိုင်းအီတိုင်းရောဂါ

စွမ်းထက်နောင်



အီတိုင်းအီတိုင်းရောဂါ (Itai Itai Disease) ဆိုသည်မှာ နာကျင်ပြီးတိုင်း နာကျင်ရသည်ဟု အဓိပ္ပာယ်ရသော ဂျပန်ဘာသာစကားဖြင့် ခေါ်ဝေါ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူများဖြစ်ပွားခံစားရသည့် ရောဂါ၏ အမည်ဖြစ်ပါသည်။ အရိုးအဆစ်များနှင့် ကျောရိုးများ အလွန်ဆိုးရွားစွာ နာကျင်ခံစားရသောကြောင့် ထိုအရပ်ဒေသမှလူအများက မှည့်ခေါ်ထားသောအမည်ဖြစ်၏။ ၁၉၁၂ ခုနှစ်၌ ဂျပန်နိုင်ငံ တိုယာမာဒေသတွင် ကတ်မီယမ်သတ္တု (Cadmium) အဆိပ်သင့်ခြင်းကြောင့် ရောဂါစတင်ဖြစ်ပွားခဲ့ပါသည်။ ထိုအဆိပ်သင့်မှုကြောင့် လူအများ၏ ကျန်းမာရေးထိခိုက်ပြီး ကျောက်ကပ်ပျက်စီးခြင်းနှင့် အရိုးပျော့ခြင်းရောဂါ ဖြစ်ပွားရပါသည်။

တောင်ပေါ်ရှိ မိုင်းလုပ်ငန်းသတ္တုတူးဖော်ရေးကုမ္ပဏီမှ ကတ်မီယမ်များ စွန့်ပစ်မှုကြောင့် မြစ်ရေအတွင်းသို့ရောက်ရှိပြီး ရောဂါစတင်ဖြစ်ပွားရပါသည်။ ထိုအဆိပ်သင့်ရောဂါသည် ဂျပန်နိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများရောဂါဖြစ်ပွားရသော အကြီးမားဆုံးအဆိပ်သင့်ခြင်း လေးခုတွင် တစ်ခုအပါအဝင်ဖြစ်၏။

ကတ်မီယမ်အဆိပ်သင့်ခြင်း မဖြစ်ပွားမီက တိုယာမာဒေသ၌ ၁၅၈၉ ခုနှစ်တွင် ငွေ၊ ခဲ၊ ကြေးနီ၊ သွပ်သတ္တုများကို တူးဖော်ခဲ့ကြပြီး ၁၉၁၀ ပြည့်နှစ်မှ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ကြပါသည်။ ပထမကမ္ဘာစစ်ဖြစ်ပွားချိန်၌ ကုန်ကြမ်းလိုအပ်မှုကြောင့် သတ္တုများကို ပိုမိုထုတ်ခဲ့ကြ၏။ ထို့အပြင် ပထမကမ္ဘာစစ်ပြီးဆုံးပြီးနောက် ဥရောပမှ သတ္တုတူးဖော်ရေး နည်းစနစ်များရယူခဲ့ပြီး နည်းပညာအသစ်များဖြင့် သတ္တုမိုင်းများတွင် အသုံးပြုထုတ်လုပ်ခဲ့ရာ တိုယာမာဒေသရှိ ကာမိအိုကာသတ္တုတွင်းသည် (KAMIOKA MINES) ကမ္ဘာ့ထိပ်ဆုံး သတ္တုမိုင်းများအနက် တစ်ခုအဖြစ်ပါဝင်လာခဲ့ပြီး ကာမီအိုကာမိုင်းအဖြစ် ထင်ရှားလာခဲ့၏။

ဒုတိယကမ္ဘာစစ်မတိုင်မီအထိ သတ္တုတူးဖော်ထုတ်လုပ်မှု ပမာဏကို များစွာတိုး၍ထုတ်လုပ်ခဲ့ကြ၏။ မစ်စုအိသတ္တုတူးဖော်ရေးနှင့် အရည်ကြိုလုပ်ငန်းကုမ္ပဏီ (MITSUI MINING AND SMELTING CO, LTD) က တာဝန်ယူ ထုတ်လုပ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ပွဲများဖြစ်ပွားနေစဉ်ပင် သတ္တုများ ပိုမိုထုတ်လုပ်ခဲ့၏။

၁၉၁၀ ပြည့်နှစ်မှစတင်၍ သတ္တုတူးဖော်ရေးလုပ်ငန်းမှထွက်ရှိသော စွန့်ပစ်ကတ်မီယမ်များကို ဂျင်ဇူးမြစ် (Jinzu River) တွင်းသို့ စွန့်ပစ်ခဲ့၏။ ကတ်မီယမ်စွန့်ပစ်မှုများကြောင့် ၁၉၁၂ ခုနှစ်တွင် ပထမဦးဆုံး လူအများ ရောဂါကိုစတင်ခံစားခဲ့ရပြီး အမျိုးမျိုးသော ရောဂါလက္ခဏာများ စတင်ပြလာခဲ့သည်။ နှစ်နှစ်အတွင်း မြစ်ရေထဲတွင် ကတ်မီယမ်ပမာဏများလာခြင်းကိုပြသမှုဖြစ်၍ ကတ်မီယမ်စွန့်ပစ်မှုများကြောင့် ဂျင်ဇူးမြစ် (Jinzu River)နှင့် မြစ်လက်တက်များတွင် ရေထုညစ်ညမ်းမှုများသည် ပိုမိုဖြစ်ပေါ်လာခဲ့ပါသည်။

ရေညစ်ညမ်းမှုများကြောင့် မြစ်အတွင်း ငါးများသေဆုံးရခြင်း၊ ထိုမြစ်အတွင်းမှရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုသော စပါးစိုက်လယ်မြေများ ပျက်စီးရခြင်းအပြင် မြစ်ရေကိုသောက်သုံးရေအဖြစ် အသုံးပြုခြင်းတို့ကြောင့် လူများရောဂါဖြစ်ရခြင်းဖြစ်၏။ ထိုမြစ်အတွင်း ငါးဖမ်းခြင်းကိုလုပ်ကိုင်ကြပြီး မြစ်အောက်ပိုင်းလူနေထူထပ်သော ပတ်ဝန်းကျင်ဒေသများတွင်လည်း ထိုမြစ်ရေကို အသုံးပြုကြ၏။

ကတ်မီယမ်အဆိပ်သင့်မှုဖြစ်စဉ်တွင် မြစ်ထဲမှ ငါးများ စတင်သေဆုံးခဲ့ကြ၏။ ကတ်မီယမ်အဆိပ်သင့်သတ္တုများသည် မြစ်၏အောက်ခြေနှင့် ရေထဲတွင်စုပုံပျော်ဝင်နေကြ၏။ မြစ်ရေသုံးစိုက်ပျိုးသော စပါးများလည်း ကောင်းမွန်စွာမဖြစ်ထွန်းတော့၍ ဆန်စပါးထုတ်လုပ်မှု လျော့နည်းလာပါသည်။

အဆိုးရွားဆုံးသောပြဿနာမှာ စပါးပင်များသည် ရေထဲမှ ကတ်မီယမ်အဆိပ်များကို စုပ်ယူခြင်းပင်ဖြစ်၏။ ထိုဆန်များကိုစားသုံးကြသည့် များစွာသော လူအများ အဆိပ်သင့်ကြပြီး ရောဂါဖြစ်ပွားခံစားခဲ့ရပါသည်။ ကတ်မီယမ်သတ္တုဓာတ်ပါဝင်သော စိုက်ပျိုးရေကိုအသုံးပြုစိုက်ပျိုးသော ဆန်စပါးကို စားသုံးမှုကြောင့်ဖြစ်ကြောင်း နောင်အခါမှ စမ်းသပ်တွေ့ရှိခဲ့ရပါသည်။

ပတ်ဝန်းကျင်ရှိ လူအများက မစ်စုအိသတ္တုတူးဖော်ရေးကုမ္ပဏီသို့ အရေးဆိုကန့်ကွက်ကြသဖြင့် ကုမ္ပဏီမှ မြစ်အတွင်းသို့ မစွန့်ပစ်မီ ကြီးမားသော သိုလှောင်ကန်များတွင် ကတ်မီယမ်သတ္တုပါဝင်သော ရေဆိုးများကို သိုလှောင်ပြီး အနယ်ထိုင်မှ စွန့်ပစ်စေ၏။ ပြုပြင်လုပ်ဆောင်မှုများဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုမရှိခဲ့ပါ။ အလွန်နောက်ကျနေပြီဖြစ်၍ များစွာသောလူအများ ရောဂါရရှိနေပြီး ဖြစ်ကြပါသည်။

ထိုအဆိပ်သင့်ခြင်း အကြောင်းရင်းကို ၁၉၄၆ ခုနှစ်အထိ သေချာစွာမသိရှိသေး၍ ရောဂါပိုးကူးစက်ခြင်း ရိုးရိုးဖျားနာခြင်းမျိုးဟုသာ တွေးတောထင်မြင်ခဲ့၏။ ထိုရောဂါ မည်သို့ကြောင့် ဖြစ်ပွားခဲ့ရသည့် ဆေးဝါးစမ်းသပ်မှုကို ၁၉၄၀ ပြည့်နှစ်မှ ၁၉၅၅ ခုနှစ်အထိ သုတေသနပြုလုပ်ခဲ့ရ၏။ အစကဦးက ခဲထုတ်လုပ်သည့် သတ္တုမိုင်းမှ ခဲဆိပ်သင့်သည်ဟု ထင်မှတ်ခဲ့၏။ ၁၉၅၅ ခုနှစ်တွင်မှ ဒေါက်တာဟဂီနို (Dr.HAGINO) နှင့် ပညာရှင်များမှ ကတ်မီယမ်ကြောင့်ဖြစ်ကြောင်း စတင်တွေ့ရှိခဲ့၏။ ၁၉၆၁ ခုနှစ်တွင် တိုယာမဒေသအစိုးရတာဝန်ရှိသူများမှလည်း လေ့လာခဲ့ရာ ထိုသတ္တုမိုင်းမှ ထွက်ရှိသော ကတ်မီယမ်အဆိပ်သင့်မှုများကြောင့် ရောဂါဖြစ်ပွားရကြောင်းနှင့် ရောဂါရရှိသောသူများသည် ရောဂါဆိုးရွားစွာ ဖြစ်ပွားခံစားရနေကြောင်း တွေ့ရှိခဲ့ပါသည်။ သတ္တုမိုင်းပတ်ဝန်းကျင်နှင့် ၃၀ ကီလိုမီတာအတွင်း နေထိုင်သော လူအများကို အလွန်ဆိုးရွားစွာထိခိုက်စေခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ငါးခုမှ ကတ်မီယမ်အဆိပ်သင့်ခြင်းရောဂါ လက်ခံအတည်ပြုခဲ့ပြီး ကတ်မီယမ်အဆိပ်သင့်ခြင်း၏ ရောဂါလက္ခဏာများကို ကြော်ငြာခဲ့ပါသည်။

ကတ်မီယမ်အဆိပ်သင့်ခြင်း၏ ရောဂါလက္ခဏာများမှာ အရိုးများအားနည်းခြင်းနှင့် အရိုးများဆတ်ပြီး ကျိုးလွယ်၍ ကျောရိုးနှင့် ခြေထောက်အရိုးများ နာကျင်ခြင်း၊ သွားပုံလာပုံသည် ဘဲသွားသွားခြင်း၊ အမြဲတစေ အရိုးများ နာကျင်နေခြင်း၊ အခြားရောဂါလက္ခဏာများအဖြစ် ချောင်းဆိုးခြင်း၊ သွေးအားနည်းခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းမှ သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

ထိုရောဂါဖြစ်ပွားနေပါက အသက်ငယ်ရွယ်သော်လည်း အိုမင်းရင့်ရော်နေပြီး အသက်အရွယ် ကြီးမြင့်နေသူဟု ထင်မှတ်ရပါသည်။ ကတ်မီယမ်အဆိပ်သင့်ခြင်းကို တိရစ္ဆာန်များနှင့် စမ်းသပ်လေ့လာခဲ့ရာတွင် လူများတွင်ဖြစ်ပွားသော ရောဂါ လက္ခဏာများထက်မက အခြားရောဂါလက္ခဏာများပါ ပြသခဲ့ကြောင်း တွေ့ရှိရ၏။ အဓိကတွေ့ရှိချက်မှာ ကျောက်ကပ်ဆဲလ်များကို ကတ်မီယမ်က ပျက်စီးစေခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ရောဂါဖြစ်ပွားခံစားနေရသော မိသားစု ၂၉ ခုသည် မီဆုအိကုမ္ပဏီကို ၁၉၆၈ ခုနှစ်တွင် တရားဥပဒေအရ တရားစွဲဆိုခဲ့ကြပါသည်။ ၁၉၇၁ ခုနှစ် ဇွန်လတွင် ပြစ်မှုထင်ရှားကြောင်း တရားရုံးမှ ဆုံးဖြတ်ခဲ့သဖြင့် ကုမ္ပဏီမှ ရောဂါဖြစ်ပွား ခံစားနေရသောလူများကို ကျန်းမာရေးစောင့်ရှောက်ပေးရခြင်း၊ လျော်ကြေးများပေးခြင်း၊ မြစ်ရေ၏အရည်အသွေးများကို တိုင်းတာစစ်ဆေးပေးရခြင်း၊ ထိုရောဂါရှင်များအား ဆေးဝါးကုသပေးခြင်းများပြုလုပ်ခဲ့ရသည်။

လူအများက ရောဂါခံစားခဲ့ရသည့်အတွက် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများသို့ အကြောင်းကြား တိုင်ကြားခဲ့ကြပါသည်။ သို့သော်လည်း ဂျပန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် အားနည်းမှု အရေးယူဆောင်ရွက်မှုကို ပြည်သူများက ကျေနပ်မှုမရှိခဲ့ပါ။ အစိုးရသည် အရေးယူဆောင်ရွက်ရမည့် ပြည်သူများ၏ ကျန်းမာရေးချို့ယွင်းထိခိုက်ခံစားမှုများကို လျစ်လျူရှုထားခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ပြည်သူများ၏ ပြစ်တင်ဝေဖန်မှုများကို များစွာကြုံတွေ့ခဲ့ ရပါသည်။ ဂျပန်အစိုးရသည် နောက်ဆုံးတွင် ပြည်သူများ၏ လိုလားတောင်းဆိုမှုများကို ပြန်လည်အလေးထားဆောင်ရွက်ခဲ့ရပါသည်။ အစိုးရကိုယ်တိုင်က ထိုရောဂါဖြစ်ပွားခြင်းကို ဆေးဝါးကုသရန် တောင်းခံမှုကို လိုက်လျောခဲ့ရပါသည်။

ကတ်မီယမ်သတ္တု ညစ်ညမ်းမှုရှိသော ပတ်ဝန်းကျင်တွင် နေထိုင်ရသောလူများသည် ကျောက်ကပ်လုပ်ဆောင်မှု ပျက်စီးခြင်းနှင့် အရိုးပျော့ရောဂါများ ခံစားခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် ၁၈၄ ဦး ထိုရောဂါခံစားနေရကြောင်း တရားဝင်အသိအမှတ်ပြုထားခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ၅၄ ဦး စုစုပေါင်း ၃၈၈ ဦးရှိ၍ ထိုအရေအတွက်သည် တရားဝင် ကျန်းမာရေးဆေးစစ်ဆေးခဲ့သူများသာဖြစ်ပါသည်။ ကျန်းမာရေးစစ်ဆေးမှု မပြုခဲ့သူများမပါဝင်ခဲ့၍ တရားဝင်အသိအမှတ်ပြုသူများထက် ရောဂါဖြစ်ပွားသူ ပိုမိုများပြားကြောင်း သိရှိရပါသည်။ ၁၉၉၃ ခုနှစ်အထိ ရောဂါခံစားခဲ့သည့် လူငါးဦး အသက်ရှင်လျက်နေကြောင်း တွေ့ရ၏။

ကတ်မီယမ်အဆိပ်သင့်မှုကြောင့် စီးပွားရေးထိခိုက်မှုများအဖြစ် များစွာသော သဘာဝစိုက်ပျိုးသည့်မြေများ ညစ်ညမ်းပျက်စီးခဲ့ပါသည်။ သတ္တုပစ္စည်းအဆိပ်သင့်မှုကြောင့် ဂျပန်နိုင်ငံဒေသ မြေဧရိယာများစွာကို ထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်အစိုးရက သဘာဝမြေကြီးပတ်ဝန်းကျင်နှင့် စိုက်ပျိုးမြေညစ်ညမ်းမှုမရှိရေး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ကတ်မီယမ်ပါဝင်မှု ပမာဏ ၁ ပီပီအမ် (1 PPM) မှအထက်ရှိသော မြေကြီးများတွင် စိုက်ပျိုးခြင်းမပြုရန်နှင့် ထိုမြေများကို ပြန်လည်ပြုပြင်ရန် ညွှန်ကြားခဲ့ပါသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ဇင်ဇူး Jinzu မြစ်တစ်လျှောက်ရှိ မြေ ၁၅၀၀ ဟက်တာဧက (hectacres)ကို မြေကြီးပြုပြင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခဲ့ရပါသည်။ ကုမ္ပဏီမှ စိုက်ပျိုးထုတ်လုပ်မှုမပြုနိုင်သောဒေသများနှင့် သီးနှံများဆုံးရှုံးမှုများအတွက် လယ်သမားများထံ လျော်ကြေးငွေများ နှစ်စဉ်ပေးခဲ့ရပါသည်။ ၁၉၉၂ ခုနှစ်အထိ ပတ်ဝန်းကျင်ညစ်ညမ်းသော စိုက်ပျိုး၍မရသည့် မြေ ၄၀၀ ဟက်တာဧက ကျန်နေကြောင်း တွေ့ရှိရပါသည်။

၁၉၉၂ ခုနှစ်တွင် ပျမ်းမျှအားဖြင့် တစ်နှစ်အတွင်း ကျန်းမာရေးအသုံးစရိတ်လျော်ကြေးငွေ ယန်းငွေ ၇၄၃ မီလီယမ် သန်းပေါင်းရှိခဲ့ပြီး စိုက်ပျိုးရေးထိခိုက်မှုအတွက် တစ်နှစ်ကို ယန်း ၁ ဒသမ ၇၅ ဘီလီယံရှိခဲ့၍ စုစုပေါင်းတစ်နှစ်အတွင်း ယန်း ၂ ဒသမ ၅၁၈ ဘီလီယံရှိခဲ့ပါသည်။ ယန်းငွေ ၆၂၀ ဘီလီယံကို မြစ်ရေ ညစ်ညမ်းမှုမရှိရန်အတွက် နှစ်စဉ်သုံးစွဲနေရပါသည်။

စာမျက်နှာ ၁၉ သို့

## ကတ်မီယမ်အဆိပ်သင့်ခြင်းသို့မဟုတ်...

စာမျက်နှာ ၁၈ မှ

၂၀၁၂ ခုနှစ် မတ်လ ၁၇ တရားဝင်ထုတ်ပြန်မှုအရ ကတ်မီယမ်ညစ်ညမ်းမှု အဆိပ်သင့်မှုကို ဂျင်ဇူမြစ်ဝှမ်းတစ်လျှောက် သန့်ရှင်းရေးစီမံချက်အရ ၁၉၇၉ ခုနှစ်မှစတင်ခဲ့သော ၈၆၃ ဟတ်ကာ မြေကြီးအပေါ်ယံလွှာကို ပြုပြင်အစားထိုးခဲ့ရာ ကုန်ကျစရိတ်ယန်း ၄၀ ဒသမ ၇ ဘီလီယံကုန်ကျခဲ့ကြောင်း၊ ထိုစီမံကိန်းကုန် ကျငွေကို ဂျပန်အမျိုးသားအစိုးရ၊ ကုမ္ပဏီ၊ ပြည်နယ်အစိုးရတို့မှ စုစုပေါင်းကုန်ကျခံကြောင်း သိရှိရပါသည်။

အီတိုင်း အီတိုင်းရောဂါသည် ကမ္ဘာတွင် ပထမဆုံး ကတ်မီယမ်သတ္တုကြောင့် အဆိပ်သင့်ခြင်းရောဂါဖြစ်ပွားမှု အထောက်အထားတစ်ခုဖြစ်သည်။ အလွန် နာကျင်သဖြင့် အသံနက်ဖြင့်အော်ခြင်း (အား အား) (Ouch Ouch) ဟု အော်ဟစ်နေရသော ရောဂါဖြစ်ပါသည်။ ကတ်မီယမ်အဆိပ်သင့်ခြင်းသည် ခန္ဓာကိုယ်အတွင်းသို့ အဆိပ်အတောက်ဖြစ်စေသာ သတ္တုဝင်ရောက်ခြင်းပင်ဖြစ်၏။ ကတ်မီယမ် ခန္ဓာကိုယ်အတွင်းသို့ရောက်ရှိခြင်းသည် အဆိပ်သင့်ခြင်းမှလွဲ၍ မည်သို့မှ အကျိုးမပြုပါ။ ပမာဏအနည်းငယ်ဝင်ရောက်ရုံဖြင့် အန္တရာယ်ဖြစ်နိုင်၍ ဝင်ရောက်ပါက ဖျားနာခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ကြွက်သားများကိုက်ခဲပြီး အသည်းနှင့်ကျောက်ကပ်ကို အဓိကထိခိုက်၏။ ကျောက်ကပ်၏ လုပ်ဆောင်မှုချို့ယွင်းပြီး သွေးအတွင်းမှ အက်စစ်များ ဖယ်ရှားခြင်းကို (Proximal Renal Tubular Dysfunction) မပြုနိုင်တော့သဖြင့် ဂေါက်ရောဂါ၊ လေးဘက်နာရောဂါကဲ့သို့ ကိုက်ခဲလာပြီး အရိုးများပျော့ပျောင်းသွား၍ အရိုးများရွေ့လျားမှု အားနည်းသွားပါသည်။ ထို့အပြင်ကတ်မီယမ်သည် ကင်ဆာရောဂါကိုပင် ဖြစ်စေနိုင်၏။

ကတ်မီယမ်ကို စက်မှုလုပ်ငန်းများစွာတွင် အဆိပ်အတောက်ဖြစ်စေသော သတ္တုပစ္စည်းအဖြစ်တွေ့ရှိရ၏။ သတ္တုရည်စိမ်လုပ်ငန်းများဖြစ်သော နီကယ်၊ ခရိုမီယမ်၊ ကြေးနီ၊ သွတ်ရည်သုတ်လုပ်ငန်းများ၊ ဆေးမှုတ်ဆေးသုတ်လုပ်ငန်း ကတ်မီယမ်ဆေးများကို ဖယ်ရှားသော သဲမှုတ်လုပ်ငန်း၊ ဓာတ်ခဲလုပ်ငန်းများ သာမက အထွေထွေစက်မှုလုပ်ငန်း၊ သင်္ဘောကျင်း လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ထုတ်လုပ်သည့်စက်ရုံနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းတွင် အသုံးပြုထွက်ရှိကြောင်း တွေ့ရှိရပါသည်။

ကတ်မီယမ်အဆိပ်သင့်ခြင်းကို ကမ္ဘာတစ်ဝန်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ပိုမိုများပြားလာကြောင်း တွေ့ရှိရ၏။ ထို့ကြောင့် ကတ်မီယမ်သတ္တုဖြင့်အလုပ်လုပ်ရပါက အန္တရာယ်ရှိသော အငွေ့များ ထွက်ရှိနိုင်သောကြောင့် လေဝင်လေထွက် ကောင်းမွန်ရန် ပြုလုပ်ထားသောကိရိယာ (Fume hood) များအောက်တွင် ပြုလုပ်ရန်နှင့် ကောင်းမွန် လေစစ်ကိရိယာများ အသုံးပြုခြင်းအပြင် ကတ်မီယမ်ဖြင့် တာရှည်စွာထိတွေ့လုပ်ကိုင်နေရပါက အဆိပ်အတောက်ပြင်းထန်စွာ ခံစားရနိုင်ကြောင်း သိရှိထားသင့်ပါသည်။


ကတ်မီယမ်ကို အသုံးပြုသော စက်မှုလုပ်ငန်းများမှ ထွက်ရှိသော ကတ်မီယမ်အဆိပ်အတောက်များသည် ပတ်ဝန်းကျင်ရှိ ရေ၊ လေ၊ မြေကြီးများသို့ ရောက်ရှိနိုင်ပါသည်။ ၁၉၄၀ ပြည့်နှစ်တွင် သားသည်မိခင်များ ထိုရောဂါဖြစ်ပွားခဲ့၍ ၆၅ ဦး သေဆုံးခဲ့ရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များသည် ကတ်မီယမ်အဆိပ် ပိုမိုဖြစ်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက် မှုများအဖြစ် ဂျင်ဇူးမြစ် (Jinzu River) နှင့် မြစ်လက်တက်များတွင် ရေအရင်းအမြစ်ပျက်စီးခြင်း၊ မြစ်အတွင်းရှိ ရေသတ္တဝါနှင့် ငါးများသေဆုံးခြင်း၊ ပတ်ဝန်းကျင်ဒေသရှိ လူအများ အဆိပ်သင့်ခြင်း၊ လယ်ယာမြေများပျက်စီးခြင်း၊ သောက်သုံးရေများ အဆိပ်သင့်ခြင်း၊ ဆန်စပါးတွင် အဆိပ်ပါဝင်မှုများကို တွေ့ကြုံခဲ့ရပါသည်။

ကတ်မီယမ်စွန့်ပစ်မှုများကြောင့် ၁၉၁၂ ခုနှစ်တွင် ပထမဦးဆုံး အဆိပ်သင့်ခြင်း ရောဂါကိုစတင်တွေ့ရှိခဲ့၍ ၁၉၇၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၅၈ နှစ်ကြာမှ ဖြေရှင်းနိုင်ခဲ့ပြီး ၁၉၉၂ ခုနှစ်အထိ အဆိပ်သင့်ပျက်စီးနေသော မြေယာများကို ပြုပြင်ခဲ့ရပါသည်။ အဆိပ်များကို ကုန်စင်ရန်ဖယ်ရှားနေရခြင်းတို့ကြောင့် ကုန်ကျစရိတ်များ များပြားလှပါသည်။ မည်သည့်ရောဂါဖြစ်ပွားနေကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများကိုယ်တိုင်က မသိရှိခဲ့၍ ထိုအဆိပ်သင့်ရောဂါကို ဖြေရှင်းရန် အချိန်ကြာမြင့်မှုမှာ နှစ်ပေါင်း ၅၈ နှစ်ကြာညောင်းခဲ့ပါသည်။ ထို ၅၈ နှစ်အတွင်း နာတာရှည်ရောဂါများ ခံစားသေဆုံးခဲ့သည့် လူများစွာအတွက်တော့ အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ပြီး အလွန်ဝမ်းနည်းစရာကောင်းပါသည်။

စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများသည်လည်း ဒွန်တွဲ၍ပါရှိလာတတ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားမှုများသည် အချိန်ကြာမှဖြစ်တတ်သော နာတာရှည်ရောဂါများ ဖြစ်သဖြင့် ရောဂါလက္ခဏာစတင်ပြသည့်အချိန်တွင် ကုသရန်အချိန်နှောင်းနေပြီဖြစ်ပါသဖြင့် အထူးဂရုစိုက်ရမည့် ကိစ္စများဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများကြောင့် သဘာဝအရင်းအမြစ်များကို လူများကထုတ်ယူသုံးစွဲလျက်ရှိပါသည်။

လူသားများ၏ ပြုမူဆောင်ရွက်မှုပယောဂများကြောင့် သဘာဝပတ်ဝန်းကျင်သည်လည်း ညစ်ညမ်းလျက်ရှိနေပါသည်။ သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှု တည်တံ့ရေးနှင့် ညစ်ညမ်းမှုမဖြစ်စေရေးသည် လူသားများအဓိကရင်ဆိုင် တွေ့ကြုံနေရသည့် ပြဿနာများဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၏အစိုးရများက သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ဆန့်ကျင်အရေးယူ အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထက်ပါအဆိပ်သင့်သည့်အကြောင်းအရာများသည် လူသားများ၏ဘဝ အသက်ရှင်နေထိုင်မှုဖြစ်စဉ်များကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ပျက်သုဉ်းစေကြောင်းကို သတိပေးနေသည့် သင်ခန်းစာယူရမည့် အဖြစ်အပျက်များဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများအဆိပ်သင့်ခြင်းနှင့် ရောဂါများဖြစ်ပွားခံစားရမှုများကို စံနမူနာယူပြီး မိမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်မပျက်စီးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။



# လူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်တည်ဆောက်မည်

သန်းဦးလှိုင်

မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေရခြင်းသည် ရွှေ့ပြောင်းတောင်ယာစနစ်များကျင့်သုံးခဲ့မှုများကြောင့်လည်းကောင်း၊ တစ်ဖန် မြေအောက်မှ အဖိုးတန်ဓာတ်သတ္တုသယံဇာတပစ္စည်းများကို လွန်ကဲစွာထုတ်လုပ်ရောင်းချခဲ့မှုများကြောင့်လည်းကောင်း၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ပြည်တွင်းပြည်ပမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ဝေဖန်ထောက်ပြခဲ့ကြသည်။

ယခုကဲ့သို့ ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ဂရုမထားဘဲ ဆက်သွားမည်ဆိုလျှင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုများသည် အမျိုးသားရေးပြဿနာတစ်ရပ်အဖြစ် ကြုံတွေ့ရင်ဆိုင်ရတော့မည်ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဧရာဝဏ်လမ်းမကြီးနှင့် မြင်တော်သာလမ်းထောင့်ရှိ မိုးကုတ်အောင်စကြာဝိပဿနာမွေရိပ်သာတွင် စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီကကျင်းပသည့် ရေဘေးသင့်သာသနိကအဆောက်အအုံများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံစေတီပုထိုးများပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောခဲ့သည်။

ယင်းကြောင့် မိမိတို့အစိုးရသစ်အနေဖြင့် သစ်တောသစ်ပင်များကို အလွန်အကျွံ ခုတ်ယူရောင်းချနေမှုများ၊ သဘာဝ သယံဇာတ သတ္တုတွင်းထွက်ပစ္စည်းများ ထုတ်ယူရောင်းချမှုများကို ရပ်တန့်၍ သယံဇာတ ပစ္စည်းများထုတ်ယူရောင်းချသည့် နိုင်ငံအနေအထားမှ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်တည်ထောင်ဖို့ စီမံဆောင်ရွက်၍နေသည်ဟု ဆိုသည်။ လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်စေရန် ဆောင်ရွက်သည့်နေရာ၌ ပညာရေးသည် အဓိကကျသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ လူမှုဘဝ အထောက်အကူပြုရန်၊ ဘဝအတွက် အာမခံချက်ပေးနိုင်မည့် ပညာရေးစနစ်အတွက် လက်တွေ့ အထောက်အကူပြုမည့် ပညာရေးဥပဒေများကို စဉ်ဆက်မပြတ် ပြဋ္ဌာန်းရေးဆွဲ၍ လက်တွေ့အကောင်အထည်ဖော်သွားမည်ဟုဆိုသည်။

> “လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်စေရန် ဆောင်ရွက်သည့်နေရာ၌ ပညာရေးသည် အဓိကကျသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လူမှုဘဝအထောက်အကူပြုရန် ဘဝအတွက် အာမခံချက်ပေးနိုင်မည့် ပညာရေးစနစ်အတွက် လက်တွေ့အထောက်အကူ. . . ”

ပုဂံဒေသအပါအဝင်ပတ်ဝန်းကျင် ငလျင်ဒဏ်သင့်၍ ပျက်စီးယိုယွင်းသွားသည့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ၇၀၀ ကျော်ခန့်ရှိပြီး ပြည်တွင်းမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ဒါယကာ၊ ဒါယိကာမများ၊ ပြည်သူများမှ ငွေအား၊ လူအား၊ လုပ်အားဒါနများဖြင့် စေတနာစိတ်အားထက်သန်စွာဖြင့် ပြုပြင်ဆောင်ရွက်ပြန်လည်တည်ဆောက်မည်ဖြစ်သည်။ အာဆီယံနိုင်ငံများ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယနှင့် အမေရိကန်၊ ဥရောပနိုင်ငံများမှလည်း နည်းပညာ၊ ငွေကြေးလိုအပ်သည့်အကူအညီများကို အစွမ်းကုန်ကူညီပံ့ပိုးပေးမည်ဟု ဝမ်းမြောက်ဖွယ် နေ့စဉ်ကမ်းလှမ်းနေသည်ဟုဆိုသည်။

ဤသို့ဖြစ်ရခြင်းမှာလည်း မိမိတို့အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်ပြုပြင်တည်ဆောက်နေမှုများကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာတွင် မျက်နှာပွင့်လန်း၍ ကူညီချင်သူ၊ ပံ့ပိုးချင်သူများနေခြင်းဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ထိုအခြေအနေကို အမိအရဆုပ်ကိုင်၍ ပျက်စီးယိုယွင်းသွားသည့် ယဉ်ကျေးမှုအမွေအနှစ် သာသနိကအဆောက်အအုံများကို မိမိတို့၏ ဘိုးဘေးများက နည်းပညာ၊ အတတ်ပညာမပြည့်စုံသေးသည့် ခေတ်ကာလများမှပင် သူတို့တတ်သည့်ပညာများဖြင့် နှစ်ပေါင်းထောင်ကျော် တည်တံ့ခိုင်မြဲအောင် တည်ဆောက်နိုင်ခဲ့လျှင်၊ ယနေ့ နည်းပညာများ အတတ်ပညာများ ပြည့်စုံနေသည့် မိမိတို့ခေတ်ကာလတွင် မိမိတို့မျိုးဆက်သစ်များအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အချိန်ယူပြီး အသေးစိတ်အခြေခံများကို ပြည်တွင်းပြည်ပပညာရှင်များနှင့်ပူးပေါင်း၍ တည်တံ့ခိုင်မြဲစေရန် တည်ဆောက်ပြင်ဆင် သွားမည်ဟု ဆရာတော်များအား လျှောက်ထားခဲ့သည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ၊ အလှူရှင် တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းရှိ ရွှေပြည်စိုး ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဒေါ်ရွှေပုနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ပြီး အောင်စကြာဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒသိရီထံမှ ဧည့်ပရိသတ် ဒါယကာ၊ ဒါယိကာမများက ရှစ်ပါး သီလခံယူဆောက်တည်သည်။ ယင်းနောက် သံဃာတော်များကမေတ္တသုတ်ပရိတ်တရားတော်များ ချီးမြှင့်ပြီး အလှူရှင် ရွှေပြည်စိုးကိုယ်ပိုင် အထက်တန်းကျောင်း တည်ထောင်သူ ဆရာမကြီးဒေါ်ရွှေပုက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထား၍ ရေဘေးသင့် သာသနိကအဆောက်အအုံများ ပြန်လည် ပြုပြင်ရန်အတွက် အလှူတော်ငွေ ကျပ်သိန်း ၁၀၀၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပုဂံဒေသမှ ဘုရားပုထိုးစေတီများ ပြန်လည်ပြုပြင်ရန်အတွက် အလှူတော်ငွေ ကျပ်သိန်း ၁၀၀ အားလှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက လက်ခံရယူခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတစ်ဝန်းမှ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အလှူတော်ငွေကျပ်သိန်း ၈၀၊ ချင်းပြည်နယ်၊ မင်းတပ်မြို့၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အလှူတော်ငွေ ကျပ်သိန်း ၂၀ တို့အားလှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ချင်းပြည်နယ်၊ မင်းတပ်မြို့၊ သာသနာ့အကျိုးတော်ဆောင် ဆရာကြီးဦးရှိန်းလိန်းအောင်တို့မှ အသီးသီး လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို၊ အလှူရှင် ရွှေပြည်စိုးကျောင်းတည်ထောင်သူ ဒေါ်ရွှေပု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့မှဦးဆောင်၍ အောင်စကြာဆရာတော်ဘုရားကြီး အပါအဝင် သံဃာတော်အပါး (၇၀) အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ အတန်းပေးဝေ၍ အခမ်းအနားအောင်မြင်ပြီးမြောက်ခဲ့သည်ဟု သိရသည်။

# ဘားအံမြို့နယ်စပါးစိုက်ခင်းဧက(၅၀၀)ကျော်ဖြတ်ပိုးများ ကျရောက်နေမှုများအား စုပေါင်းနှိမ်နင်း

**ဘားအံ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်နှင့် ဖာပွန်မြို့နယ်များ၌ စိုက်ပျိုးထားသော မိုးစပါးများတွင် ဖြတ်ပိုးများ ကျရောက်နေလျက်ရှိရာ ဘားအံမြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၄၀ တွင် စပါးစိုက်ခင်း ဧက ၅၀၀ ကျော်၌ ဖြတ်ပိုးများ ကျရောက်နေမှုအား စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဖြတ်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးနှင့် ထပ်မံမဖြစ်ပွားရေးအတွက် စက်တင်ဘာ ၁၈ ရက်အထိ မြို့ပေါ်လူနေစည်ကားရာနှင့် ကျေးရွာများတွင် ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေရကြောင်း သိရသည်။

ဖြတ်ပိုးများကျရောက်လျက်ရှိသော ဘားအံမြို့နယ်အတွင်းရှိ ဆင်ကျုံး ကျေးရွာ၊ ကော့ဒါန်၊ မုတ်ကတိ၊ ကျေးရွာ၊ကော့ရင်းအောက်၊ထောင်ကလပ်၊ ဂျိုင်း၊ဝင်းကျန်၊ ရဲသာ၊ တော်ပုံ၊ ဘားကပ်၊ ကျေးရွာများရှိ စပါးစိုက်တောင်သူများနှင့်တွေ့ဆုံကာ ဖြတ်ပိုးများ ကျရောက်ရခြင်းမှာ ယခင်နှစ်စပါးစိုက်ခင်းပတ်ဝန်းကျင်တွင် ဖြတ်ပိုးများ ခိုအောင်းနိုင်သော ပေါင်းမြက်များရှိနေခြင်း၊ ပိုးသတ်ဆေးပိုမိုသုံးစွဲခြင်း၊ ဖြတ်ပိုးများ၏ မိတ်ဆွေပိုးများ သေကျေပျက်စီးခြင်း၊ ရာသီဥတုက နေသာလိုက် မိုးရွာလိုက်ဖြစ်ပါသဖြင့် ဖြတ်ပိုးများ များပြားလာပြီး ကာကွယ်နိုင်ရန်အတွက် စပါးစိုက်ခင်းများအား ရေထုတ်ပေးခြင်း၊



ပိုးသတ်ဆေးသုံးစွဲရမည်ဆိုပါက ပင်လုံးပြန့်ပိုးသတ်ဆေးများကို နှုန်းထားမှန်ကန်စွာ အသုံးပြုရန် လိုအပ်ကြောင်း အသိပညာပေးခြင်းများနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ယင်းအပြင်တောင်သူများနှင့် စုပေါင်းကာ မီးထောင်ချောက်ဆင်ခြင်း၊ ဆေးဖျန်းခြင်းများဖြင့် ဖြတ်ပိုးနှိမ်နင်းခြင်းများ ဆောင်ရွက်နေရကြောင်း စိုက်ပျိုးရေးဌာနက သိရသည်။

**ကိုကျော်**

# တိုက်ပွဲရှောင်ပြည်သူများအတွက် မဘသ(ဗဟို) ရန်ကုန်၊ မွန်နှင့် ကရင်တို့မှ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ စုပေါင်းလှူဒါန်း

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ)ဗဟို ရန်ကုန်၊ မွန်နှင့် ကရင်တို့မှ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် မြတ်ပန်းဝတ်မှုံခန်းမဆောင် ကယ်ဆယ်ရေးစခန်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဟိတရေဆရာတော်၊ မဘသ(ဗဟို)၊ ဇေတဝန်ဓမ္မာရုံကျောင်းတိုက်ဆရာတော်၊ မြနန်းဆရာတော်၊ သရက်တောကျောင်းတိုက်ဆရာတော်တို့မှ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဩဝါဒကထာမိန့်ကြားခဲ့ကြသည်။

ယင်းနောက် တိုက်ပွဲရှောင်ပြည်သူများအတွက် စောင်အထည် ၄၅၀၀၊ ပန်းကန်အချပ် ၄၀၀၀၊ ဆပ်ပြာခဲအတုံး ၄၀၀၀၊ ဆပ်ပြာမှုန့်အထုတ် ၄၀၀၀၊ ထမင်းအိုးကြီးနှစ်လုံး၊ ခြင်ထောင်အလုံး ၂၅၀ ၊ ပိုက်ဖျာအချပ် ၁၁၀ ၊ ရေသန့်ကတ် ၆၀ အပါအဝင် စုစုပေါင်း သိန်း ၉၀ တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းခဲ့ပြီး တိုက်ပွဲရှောင်ပြည်သူများကိုယ်စား မြိုင်ကြီးငူတိုက်အုပ်ဆရာတော်က လက်ခံရယူခဲ့ကာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မဘသ(ဗဟို)မှ ဇေတဝန်ဓမ္မာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာသောပါက၊ ဟိတရေဆရာတော် ဦးဝိမလာဘိဝံသ၊ မြနန်းဆရာတော် ဦးသဒ္ဓမ္မ၊ သရက်တောကျောင်းတိုက်ဆရာတော် ဦးကေတရိန္ဒ၊ မြိုင်ကြီးငူတိုက်အုပ်ဆရာတော် ဦးဉာဏိက၊ ရွှေမြတ်မျိုးကြွယ်ကျောင်း တိုက်ဆရာတော် ဦးသီရိဓမ္မနှင့် ဆရာတော် သံဃာတော်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြိုင်ကြီးငူဒေသရှိရပ်မိ၊ ရပ်ဖများ၊ တိုက်ပွဲရှောင်ဒေသမှ ပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# တာချီလိတ်၌ ပစ်တိုင်းထောင်အမှတ်တံဆိပ် ငရုတ်အရောင်တင်မှုန့်တွင် တားမြစ်ပိတ်ပင်ထားသည့် ဆိုးဆေးများပါဝင်၍ ဈေးအတွင်းလိုက်လံသိမ်းဆည်း



**တာချီလိတ် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် ဝမ်ကောင်းမြို့မဈေးတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဇူလိုင် ၂၁ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

ယင်းစစ်ဆေးမှုတွင် ဈေးကွက်နမူနာ ၁၁ မျိုး ကောက်ယူခဲ့ရာမှ ပစ်တိုင်းထောင် အမှတ်တံဆိပ်ပါ ငရုတ်အရောင်တင်မှုန့်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနက တားမြစ်ပိတ်ပင်ထားသည့် ဆိုးဆေးများပါဝင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ယင်းသို့တားမြစ်ပိတ်ပင်ထားသည့် ဆိုးဆေးများပါဝင်သော ပစ်တိုင်းထောင်အမှတ်တံဆိပ်ပါ ငရုတ် အရောင်တင်မှုန့်များရောင်းချခြင်း မရှိစေရန် တာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်က လိုက်လံသိမ်းဆည်းခဲ့ကြသည်။

ယင်းသို့ လိုက်လံသိမ်းဆည်းရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် ဝမ်ကောင်းမြို့မဈေး၊ ပုဂ္ဂလိကဈေးများဖြစ်သည့်အာခါဈေး၊ ဘုရင့်နောင်ဈေးတို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့မဈေးကော်မတီဝင်များ ပါဝင်သည့်ပူးပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(တာချီလိတ်)**

# မယ်စဲ့မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲဖွင့်လှစ်

**လွိုင်ကော် စက်တင်ဘာ ၁၉**

ကယားပြည်နယ် မယ်စဲ့မြို့၌ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက မယ်စဲ့ မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲ ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးကျော်ကျော်တို့က မယ်စဲ့ဘဏ်ငွေတိုက်ခွဲ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဘဏ်၊ မယ်စဲ့ဘဏ် ငွေတိုက်ခွဲဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအား ဘဏ်အတွင်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မယ်စဲ့မြို့သည် နယ်မြေအေးချမ်းလာခြင်း၊ ကုန်စည်စီးဆင်းမှုများပြားလာခြင်း၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ခြင်းတို့ကြောင့် ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် မယ်စဲ့မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးကျော်ကျော်က မယ်စဲ့ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံဦးခင်မောင်ဌေးက “ယခုလို ဘဏ်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် ဒေသခံများနှင့် ဝန်ထမ်းများအတွက် အစစအရာရာ အဆင်ပြေတယ်။ အရင်က ငွေလွှဲငွေထုတ်ကို ဖားဆောင်းမြို့သို့ သွားရောက်ရတယ်။ အခုဆိုရင် ကွန်တော်တို့ ဒေသအတွက် အရမ်းအဆင်ပြေသွားပြီ” ဟု ပြောသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ကျောက်မဲမြို့ခရိုင်ပြည်သူ့စာကြည့်တိုက်၌ပန်းချီ၊ ပုံပြော၊ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**ကျောက်မဲ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ကဗျာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတနှင့် စာဖတ်စွမ်းရည်၊ မှတ်ဉာဏ်စွမ်းရည် တိုးပွားလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပ ပေးရခြင်းဖြစ်ကြောင်းနှင့် ဦးစီးဌာန၏ ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၏ အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ဒိုင်အဖွဲ့ဝင် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးကျော်ဝင်းမောင်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ပါဝင်ယှဉ်ပြိုင်ကြမည့် အမေ့ကျောင်း၊ လူလေးကြီးရင်၊ တာဝန်သိသူစသည့် ကဗျာခေါင်းစဉ်များကို မဲနှိုက်ရွေးချယ်၍ အလှည့်ကျပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲသို့ ကျောက်မဲမြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ အခြေခံပညာကျောင်း ၁၃ ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်နှင့် တက်ရောက်လာသော ဌာဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်သည့် ကျောင်းသား၊ ကျောင်းသူတိုင်းအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**



ပညာနန်းတော်နှင့် စင်ကာပူမှ IT ပညာရှင်များ ပူးပေါင်းတာဝန်ယူဖွင့်လှစ်သည့်

**iT BEE**
COMPUTER TRAINING CENTER

စင်ကာပူတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သော ပြည်ပလုပ်ငန်းခွင် အတွေ့အကြုံရှိ Microsoft Certified Senior Developer များကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သည်။

- .Net Foundation with C#
- Prof. PowerPoint Presentation
- Excel for Business
- Computer for Kids
- ASP.Net Web Development
- Graphic Design
- D.T.P
- MS Office

စနေ၊ တနင်္ဂနွေနှင့် လစဉ်တန်းခွဲသစ်များဖွင့်ပြီ

နိုင်ငံတကာအဆင့်မီ သင်ရိုးများဖြင့် ကျွမ်းကျင်စွာတတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ ကုမ္ပဏီများ၊ ကိုယ်ပိုင်ကျောင်းများသို့လည်း သင်ထောက်ကူပစ္စည်း အစုံအလင်ဖြင့် လာရောက်သင်ကြားပေးပါသည်။ ကျောင်းကားကြို/ပို့ စီစဉ်ပေးသည်။

ပညာနန်းတော် - တိုက်အမှတ် A-2 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။
Tel : 09 9700 63463, 09 254 015211, Facebook: itbeemyanmar

**"ဝါရွှေစင်" ပိုးထည်**
**(သီတင်းကျွတ်အကြို အထူး ဈေးရောင်းပွဲတော်ကြီး)**
**(၂၀% မှ ၅၀% အထိ)**

"ဝါရွှေစင်" ပိုးထည်၏ သီတင်းကျွတ်အကြိုအထူးဈေးရောင်းပွဲတော်ကြီးကို စက်တင်ဘာလ ၂၀ ရက်နေ့မှ စက်တင်ဘာလ ၂၅ ရက်နေ့အထိ (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**(အထူး ကံစမ်းမဲအစီအစဉ်များလည်း ပါရှိပါသည်။)**

အမှတ် (၁၇၁)၊ သစ္စာလမ်းမကြီး၊ မိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။
Ph: 09 5112506, 09 400028877, 09 420006525, 09 49307549

**မလေးရှားအလည်ဗီဇာ (Social Visa) ဝန်ဆောင်မှု**

တရားဝင် "eVisa" လျှောက်ထားပေးခြင်းဖြစ်ပါသည်။
နှစ်ရက် (၄၈) နာရီသာကြာမြင့်မည်။
အလွန်သက်သာသောနှုန်းထားဖြင့်ဆောင်ရွက်ပေးပါသည်။

လူကိုယ်တိုင်မလာဘဲ Viber & Ematil တို့ဖြင့်လည်း ဝန်ဆောင်မှုရယူနိုင်ပါသည်၊
အသေးစိတ်ကို Facebook "Ctam Visa" တွင်ဝင်ရောက်လေ့လာနိုင်သည်၊
ဆက်သွယ်ရန် - C.T.A.M Travels & Tours Co.,Ltd
အမှတ် (၃၀/၃၄)၊ ၃၉ လမ်း၊ ကုန်သည် - ဘဏ်မှူးလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
Ph - 09 963941123 , 09 963941125 (ထားမှတ်ကိုင်နီးသည် / ထားဝါတင်ရွှယ်သည်)

**မင်္ဂလာပါ**

အိမ်ခြံမြေ၊ အိမ်ရှေ့ လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**ZM Car Rental**
မြို့တွင်း/မြို့ပြင်လချုပ်နှင့်
ကားစီးလုံးငှားရန်ရှိသည်။
ယာဥ်ပိုင်ရှင်များလည်း
ဆက်သွယ်နိုင်ပါသည်။
Ph: 09-5186040

ပထမထပ်ရောင်းမည်
(14'×52')

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**
မြန်မာဂုဏ်ရောင် အိမ်ရာဝင်းအတွင်း ဂရန်အမည်ပေါက်၊
မြေကွက်အကျယ် (84'x96')
Ph:09-5015285,09-793107944

**ကုန်စည်ပြပွဲ နှင့် ကားပြပွဲကြီး**

(တောင်ကြီး-မြို့တော်ခန်းမ) (၂၃-၉-၂၀၁၆ မှ ၂၇-၉-၂၀၁၆)
(လွိုင်ကော်-မြို့နယ်ခန်းမ) (၂-၁၀-၂၀၁၆ မှ ၆-၁၀-၂၀၁၆)
(လားရှိုး-မြို့တော်ခန်းမ) (၂၉-၁၀-၂၀၁၆ မှ ၂-၁၁-၂၀၁၆)
WINNER Ph : 09 5173076, 09 454091163, 09 250660119


သင့်ပညာရေး အတွက် ယုံကြည် အားထားရာ **STUDY ABROAD** Information Centre

SIM GLOBAL EDUCATION

**A Singapore education is a step towards Global Recognition**

Gain a Global Edge at **Singapore Institute of Management (SIM)** with our reputable partner universities

Top 3 Best Private Institute for 8 Consecutive Years at AsiaOne People's Choice Awards (2008/2009 – 2016)




Join us at our Info Seminar to find out more now!
Yangon
Date : 24 Sept 2016, Saturday
Time : 10 am - 12 pm
Venue : Park Royal Hotel, Padanmya Room 3
Mandalay
Date : 25 Sept 2016, Sunday
Time : 10 am - 12 pm
Venue : Sedona Hotel, Amarapura Ballroom

Su Myat Moe Helen
SIM GE Scholar

STUDY ABROAD Information Centre
Diamond Condo Tower B, Room 1502, Floor 15, Pyay Road, (Near Myint-Tar-Oo Clinic) Kamaryut Township, Yangon
+9595151008, +95973242404

THE GLOBAL EDGE | ABILITY | ADAPTABILITY | EMPLOYABILITY

simge.edu.sg

**(ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်)**
HYUNDAI KMJRL
(၅၅)ယောက်စီးနံပါတ်အနီ)
- စီးတွက်ပုံပြောင်း (၆)စီး
- အလုံးစုံအာမခံထားရှိပြီး
Ph: 09-5008601,
09-5007484,
09-5015285

**မြတ်သဒ္ဒါ**
09 5014601, 09 8616567

လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ

**Panasonic**



ANCHOR by **Panasonic**

- ခီးလုတ်
- ဘရေကာ
- အလုဆင်ခီး
- လေစုပ်ပန်ကာ
- လျှပ်စစ်မီးကြိုး
- STEEL CONDUIT PIPE &
- ISOLATOR



အတုအပ-ဆင်တူယိုးများ သတိပြုပါ။

YANDAYAR TRADING CO.,LTD
အမှတ်-၁၀ (စ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊
☎ ၀၁-၅၀၂၃၃၂၊ ၅၀၁၃၂၉၊

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)

Hot Line - 01-200952

# သာကီနွယ် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

တန်ဆောင်မုန်းလပြည့် နှင့် ခါတ်တော်တိုက်ဖွင့်ပွဲ အထူး Promotion ခရီးစဉ်ကြီး

(၂၂.၁၀.၂၀၁၆)(၁၂.၁၁.၂၀၁၆) ထွက်ခွါမည့် (၁၅) ရက်ခရီးစဉ်အား ကျသင့်ငွေ (~~၁၂၈~~) သိန်း အစား (၉.၈) သိန်းဖြင့်

- မြန်မာအုပ်ချုပ်ခဲ့ဖူးသော ရှေးဟောင်းအင်းဝနယ်မြေ / သံဝေဇနီယလေးဌာန၊ အဋ္ဌမဟာလေးဌာန၊ နယူးဒေလီ၊ ...
- ... Air Ticket အသွားအပြန်
- ခရီးစဉ်တစ်လျှောက်လုံး Ph.D ဆရာတော်၊ ... ဝန်ဆောင်မှု/ ဗြာဏသီနံ့ပျော်ဖြင့်ပါးမပေးခြင်း
- (၃၅)ဦးစီး Air-con Express ... 
- နယ်တုရားဖူးများအတွက် ... (၁၆)ဦးလျှင်(၁)ဦး အခမဲ့

၂၀၁၆ ခုနှစ်အတွက် စနေနေ့ တိုင်းခရီးစဉ် ထွက်ရှိပါမည်

စျေးနှုန်းလျှော့ချထားခြင်းသည် ခရီးသွားများသက်သာစေရန်နှင့်လှူဒါန်းရန်အတွက် ကုသိုလ်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)(ပ)ထပ်၊ ၁၂၃ လမ်း(အပေါ်လမ်း)၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၀၀၉၅၂ ၊ ၀၉-၇၇၈၈၂၂၂၆၀ ၊ မန္တလေးရုံး - ၀၉-၇၇၈၈၂၂၂၅၀ တောင်ကြီးရုံး - ၀၈၁-၂၀၀၁၇၃၊ ၀၉-၇၇၈၈၂၂၂၄၀

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

MEGA TWO STAR Car Rental
Hiace, Alphard, Saloon ကားများဖြင့် ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (အဲကွန်း) ကားသစ်ကြီးများဖြင့် ဝန်ဆောင်မှုပေးပါသည်။
09 25 358 2510, 09 78 515 8803

MIHARA TRAVELS & TOURS
➡ မြဝတီ - မဲဆောက် - ဘားအံ ခရီးစဉ်
➡ ပုဂံ - ညောင်ဦး - ပုပ္ပါး ခရီးစဉ်
အပတ်စဉ်
Ph: 09-49218700, 09-5025400, 09-43124072

ဗျာပိုသား - ထူးထူးခြားခြားဒါနခရီးစဉ်များ
... 35000 ... 15000 ...
Ph:09425334456,0949323965,0949578205

FORWARD CAR RENTAL
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင် လချုပ်/နစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09 5089800
09 252522200

Fully Light ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
01-503815, 09-333 777 82, 09-42 101 3085

STRATEGY FIRST

ICM
Internationally Recognised Qualifications from Institute of Commercial Management, UK

single subject diploma in
**Marketing Management**
Lecturer:
Dr. U Sein Min, Academic Director, Strategy First Institute,
Ph.D (Passau, Germany), M. Com, B. Com (Hons, YIE)
U Aung Chit Khin, Principal/Founder, MBA (Nottingham)
PG Dip M, Dip M (CIM, UK)
Every Saturday - 6:00 to 8:30 pm | Every Sunday - 8:30 to 11:30 am
Starting Date - 24 September 2016
Program Fees - 450,000 kyats + 105 USD for exam & reg
Textbook - 25000 Kyats

single subject diploma in
**Sales & Sales Mgt**
Lecturer:
U Soe Oo, B.Sc (Zoology), EMPA (YIE)
Every Tuesday - 6:00 to 8:30 pm
Starting Date - 20 September 2016
Program Fees - 420,000 kyats +
105 USD for exam & reg



CALL NOW: (09) 250 7171 66 ~ 68

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.

M.E.S Affiliated Centre

CHINDWIN COLLEGE
*helping you engineer your future*

PEARSON BTEC



## တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မှီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bachelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အသေးစိတ်ကို ... ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
ဒီဇင်ဘာလ မကုန်မီ စာရင်းပေးသွင်းလျှင် ၂၀ % လျှော့ပေးပါမယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဉာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

# Congratulations!

**AADA**

**Authorized Automobile Distributors Association**

တရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း

သည်

ASEAN AUTOMOTIVE FEDERATION

"အာဆီယံမော်တော်ယာဉ်ဆိုင်ရာအသင်းချုပ်" ၏

မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် အသိအမှတ်ပြုခံရခြင်းအတွက်

အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အသင်းမှ ယခုထက်ပိုမို၍

နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး ဆထက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။



အာရှနဂါး
မြေဝယ်/ကျွိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100



ကား ငှားမည်
(Alphard/Crown/MarkII/ Hiace ...)
Ph : 09795549249, 095418126



**GOLDEN RICH TRAVELS**
ဝန်ကောက် (၂)ညပတ္တယား။ အယုဒ္ဓယမဲ့စောက် Oct -13
ဝန်ကောက် (၂)ညပတ္တယား။ ကမ္ဘောဒီယား Nov-11
09 450587933, 09 250366279,09 786674066



ဒေါ်သူဇာဝင်း(ဓာရင်းကိုင်သင်တန်း)
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)
**LCCI 1+2,3&4**
April/ 2017 series
(Sunday only တန်းခွဲများရှိသည်)(15/9/2017)စမည်
AutoCount & MYOB/Advance Excel
Ph:09-5029621,09-250371045,09-5402724


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)

- စမ်းချောင်းမြို့နယ်၊ ငှက်ပျောတောလမ်း၊ ကျွန်းတောလမ်းမအနီး၊
- ပေ (၁၂၅×၅၀)၊ မြေညီ (ထပ်ခိုး ¾)ပါ ပြင်ဆင်ပြီး မြေညီ (၂)ထပ်။
- အပေါ်ထပ်- MBR(1), BR(1) A/C(2) ရေပူရေအေး၊ လှျာထိုးပြည့်။
- အောက်ထပ်- (Hall) ကြွေပြားပြည့်၊ ကားထားရ၊ **ကျပ်သိန်း(၉၂၀)**။

**ပိုင်ရှင်ဖုန်း-၀၉-၇၇၄၈၅၁၃၆၃၊ ၀၉-၅၁၈၅၃၅၀**


2005
Ph: 01-680828, 0973080656, 0973040685



**PANDA** Since 1999 Engineering Group
Air-Con Dealer
Good Second-Hand Air-Con
Split type 1 h.p -150,000/-
Split type 1.5 h.p -160,000/-
Window type 1 h.p - 80,000/-
Window type 1.5 h.p -100,000/-
09 515 8803, 09 732 29024,
09 519 8402, 09 253 833810
အမှတ် ၁၃၀၊ မြေညီ၊ ဥဩလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။



**Myanmar Technology CCTV**
HD Camera
1 years warranty
1MP 4 Channel = 240000 ks
8 Channel = 380000 ks
2MP 4 Channel = 350000 ks
8 Channel = 500000 ks
16 CH, 24 CH, 32 CH
09 777188024, 09 777188025, 09 255895209





ဒဂုံမြို့သစ်
09-6809893
09-5120620


## ထိုင်းနိုင်ငံ၊ ဝေဇ္ဇာနီဆေးရုံကြီး၏ အထူးအစီအစဉ်

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ နိုင်ငံတကာအဆင့်မီ ဝေဇ္ဇာနီဆေးရုံကြီးမှ ကျောရိုးအထူးကုဆရာဝန်ကြီး DR. WEERASAK SINGHATANADGIGE သည် ရန်ကုန်မြို့သို့လာရောက်မည်ဖြစ်ပြီး ၂၄-၉-၂၀၁၆ (စနေနေ့)တွင် ကျောရိုးဆိုင်ရာ ဟောပြောဆွေးနွေးပွဲပြုလုပ်ပါမည်။ ခါးနာခြင်း၊ ခါးရိုးစောင်းခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းကြောင့်ဖြစ်သော ကျောရိုးရောဂါများနှင့် ကျောရိုးဆိုင်ရာဝေဒနာအမျိုးမျိုးအတွက် **"အခမဲ့"** လာရောက်တိုင်ပင် ဆွေးနွေးနိုင်ပါသည်။

စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ကြိုတင်စာရင်းပေးနိုင်ပါသည်။

ZAW MAUNG MEDICAL SERVICES

09 73191864, 09 421081127, 09 5154047

(နံနက် ၁၀း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း ဆက်သွယ်ပါရန်)


**YOUR PROJECT PARTNER**

Is the leading construction material store in Myanmar. We are providing product range cover more than 1,200 items for both small scale construction until mega project with complete services as one stop shopping.





GRAND STYLE Lighthouse GRAND FOX
TEL +95-1-1224217, +95-9-5088488
Thiri Yadanar Wholesale Market Compound Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon.
GrandStyleMM
www.grandstylemm.com


### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁) ဒသမတန်း($E_1$)မှ မောင်နော်လတ်၏ ဖခင်အမည်မှန်မှာ ဦးအဂေါင်နော် [၁/မကန(နိုင်)၀၆၃၄၂၆] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်း၊ အလက အခြေခံပညာအလယ်တန်းကျောင်း ဒုတိယတန်း(B)မှ မချယ်ရီဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဖြစ်ပါသည်။

**ဦးမင်းဇော်**
**[၇/လပတ(နိုင်)၁၁၇၀၅၂]**

### ရောင်းမည်

တာမွေ အိုးရှင်းအနီး၊ နေရာကောင်း၊ သန့်(၈)လွှာ ပေ(၁၅×၆၀) ပါကေးပြည့်၊ သံပန်း၊ ခန်း(၂) အသင့်နေ၊ သိန်း(၃၆၀) ပွဲစားမလို

**ဖုန်း-၀၉-၇၈၅၁၅၁၉၉၆**




**ဒီနေ့ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ**

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၄ ညအိပ် / ၁၅ ရက်) → 900 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ (၉ ၊ ၁၄ ၊ ၂၃ ၊ ၂၆) ၊
နိုဝင်ဘာ (၆ ၊ ၉ ၊ ၂၀ ၊ ၂၇) ၊ ဒီဇင်ဘာ (၄ ၊ ၁၁ ၊ ၁၈ ၊ ၂၃) ၊ ဇန်နဝါရီ (၈ ၊ ၂၂) ၊
ဖေဖော်ဝါရီ (၃ ၊ ၁၂ ၊ ၁၉ ၊ ၂၆) ၊ မတ် (၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆) ၊ ဧပြီ (၂ ၊ ၉)။

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၇ ညအိပ် / ၈ ရက်) → 800 USD + ၅၀၀၀၀ိ/-
ထွက်ခွာမည့်နေ့ရက်များ - ဧပြီ (၁၂)။

သီရိလင်္ကာဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်) → 1250 USD + ၃၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး ၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းစရီးသွားခြင်း လုံးဝမရှိပါ။)

ဒီနေ့ ဘုရားဖူးအဖွဲ့ - အမှတ်(၂၅) ၊ အခန်းအမှတ်(၁၀၃) ၊ တတိယထပ် ၊ ဓါတ်လှေကားအမှတ်(၂) ၊ ယုဇနစီးပွားရေးတာဝါ ၊ ရွှေဂုံတိုင်လမ်း ၊ စမ်းချောင်း။
ဖုန်း - 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ်(၁၃/က) ၊ ငါးထပ်ကြီးဘုရားလမ်း ၊ ဗဟန်း ၊ ရန်ကုန်။ ဖုန်း - 545215, 545216 , 555173
မန္တလေးရုံးခွဲ - (1-6) ၊ ရတနာမန္တလေးအိမ်ရာ ၊ လမ်း ၆၀ ၊ ၃၁×၃၂ ကြား ၊ ပြည်ကြီးမျက်ရှင်ရပ် ၊ မန္တလေး ဖုန်း - 09 402 64 8989, 09 5300305

**ဟာနီဖာ မျက်မှန်ဆိုင် လိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

**ဟာနီဖာ** မျက်မှန် လက်လီ/လက်ကား ဖြန့်ချိရေးဆိုင်ကို
မျက်စိစမ်းသပ်ခန်းနှင့် အတူ ယခင်ဆိုင်ခန်း မျက်စောင်းထိုးနေရာ၊
အမှတ် (၂၀၀)ရွှေဘုံသာ(အလယ်) လမ်း၊ ရန်ကုန်မြို့တွင် (၂၃-၉-၂၀၁၆)
ရက်နေ့မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါ၍
မိတ်ဟောင်း/မိတ်သစ်များ ဝယ်ယူအားပေးနိုင်ပါရန် အသိပေးအပ်ပါသည်။




mazda

# 2017 MAZDA 3

NEW LOOK AND IMPROVED FEATURES

MYANMAR PLAZA ROADSHOW 22nd TO 25th SEPTEMBER

DISCOUNT UP TO USD 3,000




*15 UNITS ONLY


Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456,1111,04 , 09 456,1111,05

Made in JAPAN

3 YEARS MAZDA WARRANTY

ဘာလို့ ION FLOOR သုံးစွဲ သင့်လဲ ?







"Negative ION benefit for your Health"

ION ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ပစ္စည်းသစ် မိတ်ဆက် Promotion Price

1 ကျင်း → 295,000/-သာ

ပစ္စည်းတိုင်းကို "ION ဓာတ်ကြိုး" လက်ဆောင် ပေးပါသည်

Branch Showroom: အမှတ် (E-11A) လေးထောင့်ကန်လမ်း၊ ဘီအိုစီ မှတ်တိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

☎ 09-79-700-70-73
09-79-700-70-83

● Diesel Forklift
● Battery Forklift
2 Tons to 25 Tons

ရောင်းရန် / ငှားရန်ရှိသည်



5 KVA to 2815 KVA Gensets

Aung Thein Than Co.,Ltd

Hot Line: 09799688777

ဆက်သွယ်ရန် - ဝိမိုးနှင့်လမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဒေါင့်လှိုင်သာယာမြို့နယ်၊

Tel: 095004831,09 73100850, 09 73100851,01 527203, 02 76469,067 27029

www.aungtheinthanmyanmar.com

Showe Room -Building:F/S(2) ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊

Tel: 01 530893, 536493, 526186, 525671

SUPER RICH MAN ရေကူးကန်သုံးပစ္စည်းအရောင်းဆိုင်

Email : richmanpool@gmail.com website : superrichmanpools.com




ရေကူးကန်ဆောက်ချင်လို့ ဝါဖြစ်ဖြစ်၊ ရေကူးကန်သုံးပစ္စည်းဝယ်ချင်လို့ပဲဖြစ်ဖြစ် ရေကူးကန်နဲ့ပတ်သက်ရင် ဘာပဲလိုလိုဖုန်းဆက်လိုက်ပါ။ နယ်မှမှာယူမည်ဆိုပါက တားဗိတ်မှတဆင့် (၃)ရက်အတွင်း ပစ္စည်းအရောက်ပို့ပါမည်။

Facebook : www.facebook.com / superrichmanpool

အမှတ် - (၂၂/ဘီ)၊ သောင်းမြင့်ဆိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ 01-401518,8604064


FAST FORWARD အကျိုးဆောင်မှ ရောင်းမည်/ငှားမည်

| | | | |
|---|---|---|---|
| မလိခအိမ်ရာ | (21'x60') | ခြေ၊ ပါမစ် | ရောင်း/-1700 သိန်း |
| မလိခအိမ်ရာ | (27'x85') | ခြေ၊ ပါမစ် | 3050 သိန်း |
| ဥမ္မိုင်ဒေဝလမ်း | (35'x70') | RC2,2BR | 4800 သိန်း |
| မြို့သာယာလမ်းအနီး | (40'x50') | RC2½,3MBR (သစ်) | 4900 သိန်း |
| သဃင်းကျွန်းမာလာမြိုင် | (40'x68') | BN2, ဂရံ | 5000 သိန်း |
| မိုးဇိမ်ကျောင်းလမ်း | (40'x60') | RC2,2MBR,2BR,AC | 5200 သိန်း |
| အင်းစိန်လမ်းအနီးမရေဘ | (50'x70') | BN2, ဘိုးဘွား | 5200 သိန်း |
| ရွှေတောင်ကြားဓမ္မ | (40'x60') | RC2,2MBR,2BR | 6800 သိန်း |
| ရန်ကင်းအောက်ဇော် | (40'x100') | ခြေ၊ ဂရန် | 9000 သိန်း |
| အောင်မြေသာစည်အိမ်ရာ | (60'x80') | RC2,4MBR,1BR,AC | 12000 သိန်း |
| ဝေဇယန္တာလမ်းမ | (40'x80') | RC2, ဂရန် | 17000 သိန်း |
| ရန်ကုန်_အင်းစိန်လမ်းမ | (17'x60') | G-F. Hall(နေရာကောင်း)ငှါး/-14 သိန်း | |
| အနော်ရထာလမ်းဗဟို | (30'x70') | 1-F,Hall, lift-ပါ | 15 သိန်း |
| ဝိဇယဓမ္မလမ်း | (60'x50') | RC1½3MBR,1BR,AC | 17 သိန်း |
| မဟာဆရာစံလမ်းသွယ် | (50'x100') | RC2,2BR,AC,(Office) | 20 သိန်း |
| ရန်ကင်းအောက်ဇော် | (50'x80') | RC2,2MBR,1BR | 20 သိန်း |
| အနော်ရထာလမ်းမ | (30'x50') | G-F,Hall, (ထပ်မိုးပါ) | 30 သိန်း |
| ဝေဇယန္တာလမ်းမ | (40'x60') | RC2, (လုပ်ငန်းရ) | 35 သိန်း |
| ရွှေဂုံတိုင်လမ်းမ | (40'x150') | RC2,Hall, (လုပ်ငန်းရ) | 50 သိန်း |
| တာ/ဒဂုံစက်မှုဇုန် | (80'x120') | ဂိုဒေါင်သင့်, ရေမီး | 25 သိန်း |
| ရန်ကုန်စက်မှုဇုန် | (80'x200') | ဂိုဒေါင်သင့်, ရေမီး | 45 သိန်း |
| လှိုင်သာယာစက်မှုဇုန် | (100'x100') | ဂိုဒေါင်သင့်, ရေမီး | 35 သိန်း |
| ရွှေလင်ပန်းစက်မှုဇုန် | (40000sqft) | 315KVA | 1sqft-230ks |

ရောင်း/ငှားရန်ရှိသောကွန်ဒိုနှင့်မြေကွက်အိမ်များအပ်နှံရောင်းချပေးပါသည်

☎ 09794622008 , 09-33338200 , 09-421080005, 09-43129093

# ဘုရားစေတီပုထိုးများပြန်လည်မပြုပြင်မီ မှတ်တမ်းတင်ခြင်း၊ မိုးကာမိုးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ စနစ်တကျပြုလုပ်လျက်ရှိ



မိုးရေဒဏ်ကြောင့် ပျက်စီးမှုလျော့ပါးစေရန် ငြမ်းဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**ညောင်ဦး စက်တင်ဘာ ၁၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ ကနဦးလုပ်ငန်းများအဖြစ် အချက်အလက်များစနစ်တကျ စိစစ်ပြုစုခြင်း၊ ထိခိုက်ပျက်စီးမှုရှိခဲ့သော ဘုရားပုထိုးများကို အရေးပေါ်အခြေအနေအလိုက် မိုးရွာသွန်းလာပါက မိုးရေဒဏ်ကြောင့် ပျက်စီးမှုလျော့ပါးစေရန် ငြမ်းဆင်၍ မိုးကာများအုပ်ဆိုင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများစနစ်တကျ ပြုလုပ်နိုင်ရန် ကျွမ်းကျင်ပညာရှင်များဖြင့် သင်တန်းများပို့ချကာ ဆောင်ရွက်စေခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တို့၏ စနစ်တကျစီမံခန့်ခွဲမှုတို့ဖြင့် ညောင်ဦး (ပုဂံ)မှ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ပုဂံဒေသကိုမြတ်နိုးတန်ဖိုးထားကြ၍ ထိန်းသိမ်းစောင့်ရှောက်လိုကြသည့် အခြားမြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းကာ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ ဘုရားစေတီပုထိုးများတွင် ထီးတော်နှင့် ခရေသီးအပိုင်းပျက်စီးခြင်း၊ ဖောင်းရစ်အပိုင်းအထိပျက်စီးခြင်း၊ အထွတ်စေတီအပိုင်းအထိပျက်စီးခြင်း၊ ကွမ်းတောင်၊ ခေါင်းလောင်းပိုင်းအထိ ပျက်စီးခြင်းနှင့် အခြားပျက်စီးမှုများ အပါအဝင် ဘုရားစေတီ စုစုပေါင်း ၄၂၅ ဆူခန့် ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။ ယင်းအနက်မှ ထိခိုက်ပျက်စီးမှုကြီးမားပြီး မိုးရွာသွန်းပါက မိုးရေကြောင့် ထပ်မံပျက်စီးမှုဖြစ်ပွားနိုင်သည့် ဘုရားစေတီ ၄၅ ဆူခန့်ရှိရာ ၄၁ ဆူအား မိုးကာမိုးခြင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့အပြင်နံရံဆေးရေးပန်းချီများ ထိခိုက်ခဲ့ရပြီး ထိန်းသိမ်းရန် လိုအပ်သည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**


## အိမ်ရာပိုင်ဆိုင်ဖို့အရေး မျှော်လင့်ချက်တို့ ရောင်ခြည်သန်းလေပြီ

**စာမျက်နှာ - ၈**




# အငှမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

အငှမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား (B)ရုံတွင် ယနေ့ နံနက် ၈ နာရီ၌ ကျင်းပခဲ့သည်။

အမျိုးသမီးဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၂၃-၂၅)မှတ်၊ (၂၅-၂၃) မှတ်၊ (၂၅-၆)မှတ် ၊ (၂၅-၂၀)မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ဗဟိုဘဏ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗဟိုဘဏ်အသင်းက (၂၆-၂၈)မှတ်၊ (၂၇-၂၅)မှတ်၊ (၁၇-၂၅)မှတ်၊ (၂၅-၂၁)မှတ်၊ (၁၅-၈)မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးချုပ် သက်ထွန်းဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့**



အမျိုးသားဗိုလ်လုပွဲတွင် ဗဟိုဘဏ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။





